
www.burmeseclassic.com

# ကလျာ


ရင်ခုန်ချမ်းမြေ့စေသောအရာသည်

## မကြည်ဖြူ




www.burmeseclassic.com

www.burmeseclassic.com




# ကာလျာ (ဝိဇ္ဇာ-သိပ္ပံ)

## ရင်၌ ချမ်းမြေ့စေသောအရာသည်

မကြည်ဖြာ

(အချစ်စွန့်စားမှု လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

# ဒို့တာဝန် အရေးသုံးပါး

၁။ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး

၂။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး

၃။ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

အချစ်ကို ဘယ်လို နားလည်ရမလဲ
ကျွန်မ မဝေခွဲတတ်ဘူး။
ဒါပေမယ့် ...။
ရှင်ကို ချမ်းမြေ့စေတယ်လေ။ ။

www.burmeseclassic.com

# မကြည်ဖြာ

ရင်ခွင်...

## နိဒါန်း

တစ်ခါတစ်ရံ လှုပ်ရှားထိခိုက်မှုသည်
ရင်ကို ဓားသွားကျိစယ်၏။

တစ်ခါတစ်ရံ ရင်ကို လှောင်ပြောင်၏။

တစ်ခါတစ်ရံ ဆုပ်ညှစ်၏။

များစွာသော ခံစားမှုတို့၏ အဆုံးမှာ....

ရင်ခွင်....

www.burmeseclassic.com

(၁)

အနက်ရောင် ဆောင်းဘောက် ခပ်ကြီးကြီးဆီမှ ဗဒင်အသံက ဟိန်းထွက်နေသည်။ ဆက်တိမှာ ခြေပစ်လက်ပစ် ထိုင်လျက် ဘုန်းနိုင်မြင့်ကိုတွေ့ရ၏။ ဘုန်းခိုင်တင့်က သူ့အစ်ကို့ ဘေးတိုက်ထိုင်လျက် တီဗွီဂိမ်းတစ်လုံး အသားကုန် နှိပ်နေသည်။

'ဟေး ....ဆူလှချည်လား'

ရုတ်တရက် အသံတစ်ခုက လှမ်းမိုးလာကာ တစ်ဆက်တည်းမှာပင် ဂါဝန်အဖြူ ဝတ်ထားသော မိန်းကလေးသည် လွှားခနဲ နှစ်ယောက်ရှေ့ကို ရောက်လာ၏။ နှစ်ယောက်လုံး ပြိုင်တူ မော့ကြည့်လိုက်ကြသည်။

'ဟေ့ ...ကူးကူ၊ နင့်ကိုယ်နင် ပုတူတူလေး မှတ်နေလား၊ ဟား...ဟား... ဒီအရွယ်အထိ ဂါဝန်ကြီးနဲ့ဟေ့'

www.burmeseclassic.com

www.burmeseclassic.com



'အောင်မာ ဘုန်းနိုင်နော်၊ ငါ့ဟာငါ ဘယ်လိုဝတ်ဝတ် ပေါ့ နင်နဲ့ ဘာဆိုင်လဲ'

ဘုန်းခိုင်တ ကူးကူကို တစ်ချက် ပြုံးကြည့်ဖော်ပင်မရ။

'နင် ဖော်ပင်တော့ ငါတို့က ကြည့်နေရမှာလား'

'မကြည့်ချင် မျက်စိမှိတ်ထားပေါ့ဟဲ့၊ အလွယ်ကလေး ရှယ်'

ဆတ်ခနဲ ကက်ဆက်စင်အနား ရောက်သွားကာ ခလုတ်ကို နှိပ်ချလိုက်၏။ မျက်စိမှိတ် ငြိမ်ခံနေသော ဘုန်းနိုင်မြင့်ကို နောက်ချင်သောကြောင့် ဖြစ်သည်။

'ဘာလုပ်တာလဲ ကူးကူ၊ နင် သိပ်ကဲနေပါလား'

ပြောပြောဆိုဆို ထ,တာ ကက်ဆက် ပြန်ဖွင့်ရင်း နံဘေးရှိ ကူးကူ ခေါင်းသို့ လှမ်းခေါက်လိုက်သည်။ တစ်ခစ်ခစ် ရယ် ရှင်း တိမ်းရှောင်လိုက်သဖြင့် လွဲချော်ကာ မထိမိ။

ဘုရားကျောင်းက ထွက်လာသူ၏ ရဲဝင့် တည်ငြိမ်သော စေးဆိုသံက ဆက်လက်ထွက်ပေါ်လာသည်။ သူက ဆက်တီ တွင် မထိုင်တော့ဘဲ ကူးကူနှင့် မျက်နှာချင်းဆိုင် ရပ်လိုက် ကာ....

'အန်ကယ်နဲ့ မမအိရော၊ နင်တစ်ယောက်တည်းတော့ မဖြစ် နိုင်ပါဘူး'

'ပါသားပဲ လာလိမ့်မယ်၊ နေပါဦး နင် ဟိုတစ်နေ့က အတန်းထဲမှာ ငါ့ကို ဘာပြောမလို့လဲ၊ နောက်မှပဲ ပြောမယ် ဆိုတာလေ'

'အေး၊ ပြောမယ် လာထိုင်'



ကက်ဆက်သံကို အနည်းငယ် တိုးလိုက်ကာ ညာလက်ဖြင့် ကူးကူကို လက်တွဲပြီး ခုံမှာထိုင်လိုက်၏။ သူမက ဟိုး....ငယ် ငယ်တုန်းကလို ပူးကပ်မထိုင်တော့ဘဲ သီးခြား ခွဲထိုင်သည်။ ဒူးနှစ်ချောင်းကို ခပ်စုစုလေး ထိုင်ပုံက တကယ့် အပျိုကြီး အတိုင်းပင် ဖြစ်၏။

သူ ကြည်လင်တောက်ပစွာ ပြုံးမိသည်။ တကယ်က သူတို့ နှစ်ယောက်လုံး လူကြီးတွေ ဖြစ်နေကြပြီပဲ။

'ပြောလေဟာ၊ ငါ သိပ်အချိန်မရှားဘူးနော်'

ထိုအချိန် မမအိနှင့် အန်ကယ် ဝင်လာ၏။ မေမေတို့ လက်ရာကို မြည်းဖို့ အိမ်ထဲသို့ တန်းဝင်သွားကြသည်။

ကူးကူတို့ မိသားစုနှင့် သူတို့ မိသားစုသည် ဟိုး...ပဝေ သဏီကတည်းက နှစ်အိမ်တစ်အိမ်ပမာ ချစ်ခင် ရင်းနှီးခဲ့ကြ သည်။

ထို့ကြောင့် သူ့အတွက် အဖော်မှာ ညီငယ်လေး တစ် ယောက်သာ မဟုတ်ဘဲ အခမ တစ်ယောက်နှင့် ညီမတစ်ယောက် ပါ တိုးခဲ့သည်။

အသက်ချင်း နှစ်လသာ ကွာသော သူတို့နှစ်ယောက်က အတန်းတူ ကျူရှင်တူနှင့် တပူးတွဲတွဲ ဖြစ်ရကာ ညီလေးက မမ ချောအိအိစံကို ကပ်ခွဲပြီး မုန့်ဖိုး တောင်းတတ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



'အဖြစ်က အဲဒါပဲ ကူးကူး၊ ငါက တီချယ့်ကို ကြည့်လို့မရပေမယ့် မမုန်းပါဘူးလေ၊ တီချယ် အဲဒီလိုပြောတော့ ငါ အောင့်သွားတာပေါ့၊ အရမ်းလဲ စိတ်ဆိုးသွားတယ်ဟာ၊ အချဉ်ဖမ်းတာ သက်သက်ကြီး ဥစ္စာ'

'အေးလေ၊ သိသားပဲ၊ ဒါပေမယ့် အဲဒီအချိန်မှာ နင်ဘာမှ ပြန်မပြောဘဲ ငြိမ်ငြိမ်လေးနေလိုက်ရင် ပိုကောင်းမှာ၊ တစ်တန်းလုံးက ဘယ်သူ မုန်တယ်မှားတယ်ဆိုတာ သိပြီးသား၊ မပြောချင်လို့သာ ငြိမ်နေတာ၊ နင့်ဘက်မှာ လုံးဝရှိတယ် ဘုန်းနိုင်'

'ငါကတော့ အဲဒီလို ဘယ်တွေးနေမိတော့မလဲ၊ ငါ့စိတ်ထဲမှာ ငါ့ကိုထိတာပဲ သိတယ်၊ လုံးဝ စိတ်မထိန်းနိုင်တော့လို့ ပြောမိတော့တာပေါ့၊ အဲဒါ ငါမှားသလား'

တီတီခွေမှ ဆိုက်အောက် ကုန်သွားတာ မသိမိလိုက်ကြ။ ကူးကူးသည် လိမ္မော်သီး တစ်စိတ်ကို ပါးစပ်ထဲ ပစ်ထည့်လိုက်ပြီး ခေါင်းညိတ်သည်။ ပလုံးပထွေးသံဖြင့် ပြော၏။

'နင် မမှားဘူး၊ ဒါပေမယ့် နင့်ကို ဆရာမ မုန်းသွားလိမ့်မယ်'

'သူမုန်းတာကိုတော့ ငါ မခံချင်ဘူး ကူးကူး၊ နင်လဲ ကြားဖူးမှာပေါ့၊ သင့်မှာ မိတ်ဆွေများစွာရှိသလား နည်းလှ၏၊ သင့်မှာ ရန်သူတစ်ယောက်ရှိလား များလှ၏ ဆိုတာလေ'

'ဒီလိုဆိုလဲ သူချစ်အောင် ပြန်လုပ်လိုက်ပေါ့ဟာ၊ သိပ်မခက်ပါဘူး၊ နည်းနည်းပါးပါးပဲ ကြိုးစားရမှာပါ၊ ငါလဲ ကူမှာပေါ့'



'သူမချစ်ရင်နေပါ၊ ကိစ္စမရှိပါဘူး၊ မမုန်းရင် တော်ပြီ'

'သားတို့ သမီးတို့ မုန့်စားမယ်၊ အိမ်နောက်ဖေး လာကြ'

'ဟော....အန်တီ ခေါ်နေပြီ'

ကူးကူး မေမေ ဒေါ်ချောသွယ်၏ ခေါ်လိုက်သံကြောင့် ဘုန်းခိုင်တင့်က အလျင်ဆုံးထသည်။ ကူးကူးနှင့် သူ့အနောက်မှ လိုက်ဝင်သည်။ အုန်းနို့ခေါက်ဆွဲ ရနံ့မွှေးမွှေးက တခေထောင်းထောင်းထလျက် ကြိုဆိုသည်။

ဖော်မိကာအုပ် စားပွဲဝိုင်းကြီးတွင် ဖေဖေနှင့် အန်တယ် ထိုင်နေတာ တွေ့ရ၏။ မေမေက မုန့်ပန်းကန်တွေ ယူလာချတော့ မမအိက ကူသယ်သည်။

'ကူးကူး မထိုင်နဲ့ဦး'

အခန့်သားထိုင်ပြီးသော သူ့ပြောသံကြောင့် ကုလားထိုင်ကို လှမ်းဆွဲမည့် လက်တို့ တန့်သွားသည်။

'ဆင်....ဘာလို့လဲ'

'သွား....ငါ့ပုဂံသွားယူခဲ့၊ ရေသာမခိုနဲ့'

'အံမာ၊ ဇောင်စုတီ ငါးဖယ်ဓာ ပြောင်းပြန် ပြောနေပြီ၊ မေမေ့ရေ ဟောဒီမှာ ဘုန်းနိုင် လူလယ်ကျနေတယ်'

'အချဉ်ဖမ်းတာ၊ အချဉ်ဖမ်းတာ'

ညီလေးက ရယ်ရင်းမောရင်း အော်သည်။ ဖေဖေနှင့် အန်ကယ်အပြင် အိမ်နောက်ဖေးမှ မေမေတို့ပါ ရယ်ကြ၏။

'ဘယ်သူ လူလည်ကျတာလဲ၊ ငါ့သမီးလေးကို ဘယ်သူက လူလည်ကျတာလဲ မေမေ့ကိုပြော'

'ဟိုက်....သေပါပြီ၊ ကျွတ်စကီးယားပဲ'

www.burmeseclassic.com

www.burmeseclassic.com



အနားရောက်လာသော မေမေ့စကားကို အကြားတွင် ဘုန်းနိုင် ကိုယ့်နဖူးကိုယ် လက်ဝါးဖြင့် ဖြန်းခနဲ ရိုက်၏။ ကူးကူက တစ်ခစ်ခစ်နှင့် ရယ်မောတော့သည်။

'မကျွတ်နဲ့ဦး ကိုကိုရေ၊ ဝါဝင်ဖို့ အဝေးကြီး'

'ဒီနှစ်တွေ့ မတော်တော်ပူတယ် မြင့်ရယ်'

'ဟုတ်တယ် သွယ်၊ အဝင်လဲ စောသလိုပဲ၊ ကလေးတွေလဲ စာကျက်တုန်း ချွေးတွေအရမ်းကျတာ'

စာကြည့်ခန်းတွင် ဝင်သွားသော ဘုန်းနိုင်မြင့်နှင့် ကူးကူ ကိုငေးကာ ဒေါ်မြင့်ရီ ပြောသည်။ တစ်ဆက်တည်း ပြုံးကာ အနားတိုးကပ်လျက်....

'ကဲ....ဘယ့်နှယ့်ရှိစ သမီးရှင်၊ ကျုပ်သားက ရှင့်သမီး လက်ကိုဆွဲလို့ အခန်းထဲခေါ်သွားလေရဲ့'

'သူတို့ ချစ်ချစ်ခင်ခင်ရှိတာ တော်သေးတာပေါ့၊ ငယ်တုန်းကလို တစ်ကျက်ကျက် ဖြစ်နေဦးမယ်ဆိုရင် တို့တွေ မျက်နှာ ဘယ်ထို့ ထားရမှန်းမသိဘဲ ဖြစ်နေမှာ'



'ဒါပဲနော် သွယ်၊ သမီးက အပျိုကြီးဖားဖားဖြစ်လို့ အလှ သေးတွေကြွယ်နေပြီ၊ ဝိုင်းဝိုင်းလည်လာလို့ စိတ်ကူးတွေ ပြောင်းမသွားနိုင်ဦး၊ ကျုပ်က သားကို တခြားမိန်းကလေးနဲ့ စိတ်ကူးလို့ရတာ မဟုတ်ဘူး'

'အေးပါ....မြင့်ရယ်၊ ကျွန်မကလဲ သမီးလေးကို ရှင်တို့ မိသားစုနဲ့မှ စိတ်အေးနိုင်မှာပါ၊ မပူစမ်းပါနဲ့၊ ကလေးတွေ ထိစွက အဝေးကြီးရှိပါသေးတယ်'

မချောသွယ်၏စိတ်တွင် အချစ်ဆုံးသော သမီးလေးအတွက် စကား ခွာစကား ကြိုမကြားဝံ့သလိုဖြစ်မည်ဟု မမြင့်ရီက ထင်မိသည်။ စာလည်း စာနာမိ၏။ အားနာပြုံး နှစ်သိမ့်ပြုံး လေးဖြင့် သူငယ်ချင်း၏လက်စုံကို နွေးထွေးစွာ ဆုပ်ကိုင်လိုက် သည်။

'ဟုတ်ပါတယ်၊ နောက်ဆယ်စု တစ်ရုကြာမှ စဉ်းစားကြ မှာပါ၊ သမီးမိန်းကလေးဆိုတာ အချိန်အခါ ဘယ်လောက် အရေးကြီးမှန်း မြင့်သိသလို သိတာပါပဲ၊ မိဘချင်းဆိုတာ ဆက် ပိုမြဲ နားလည်နေတာပဲဟာ'

'မင်း ပြောတဲ့စကားကို ကိုယ် အမြဲ သတိရနေမှာပါ သွယ်၊ ဒါပေမယ့် ငယ်ကြသေးတယ်လေ'

'ကဲ...ကူးကူး နင် ဒီလို ထင်ငေါ့ထင်ငေါ့ဖြစ်နေ[illegible] ဘယ့်နှယ့်ဖြစ်မလဲ၊ ငါပြောတယ် သဘောတရား[illegible] ခေါင်းထဲသွင်းပါ၊ ပြီးမှ နှုတ်တိုက်ကျက်၊ [illegible] လို ပလပ်ပလပ် ရွတ်မနေနဲ့'

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းနိုင်မြင့်၏ စာပြသံက လွင့်ပျံ့လာသည်။ ဒေါ်ချောသွယ်က လက်ဖက်သုပ်ပုဂံထဲမှ ခရမ်းချဉ်သီးဖတ်ကို လှမ်းခပ်လိုက်သည်။

‘ဪ....ကိုယ်ပြောမလို့ ကလေးတွေ စာမေးပွဲပြီးရင် တစ်နေရာကို အပန်းဖြေထွက်မလားလို့ကွာ၊ မင်းတို့ ဘယ်လိုစိတ်ကူးရလဲ၊ အစီအစဉ်တွေ လုပ်ထားတာ ရှိသလား’

‘ဟုတ်သား....ကိုယ်တို့ စကားပြတ်သွားလိုက်တာ၊ မင်းတို့တူဝရီးတွေ တိုင်ပင်ဖောက်ထားတာကျနေတာပဲ သွယ်၊ သားတော်မောင်နှစ်ပါးကလဲ ခရီးထွက်ချင်လို့ ပူဆာနေတယ်၊သူတို့သူငယ်ချင်းတွေက ဘယ်သွားတယ်၊ ဘယ်သွားတယ်နဲ့ မနှစ်ကလဲ ဘယ်မှမထွက်ဖြစ်ဘူး မဟုတ်လား’

‘သွယ်ရေ....ဟောဒီမှာ ကြက်ဥပလာတာတွေ လမ်းကဝယ်လာတယ်ကွာ၊ စားရအောင် ပြင်စမ်းပါဦး၊ ကလေးတွေရော’

ဦးလှိုင်စံက ကြွပ်ကြွပ်အိတ်ထုပ်ကို ဒေါ်ချောသွယ်ဆီ ကမ်းပေးသည်။ လက်ဖက်သုပ်ပုဂံကိုလှမ်းယူကာ ဦးကျော်နိုင် ဝင်ထိုင်ရင်း...

‘အဲဒါတွေများ တိုင်ပင်နေကြတာလဲ၊ ကိုယ့်မကောင်းသတင်းတွေ ပြောနေတာတော့ မဟုတ်ပါဘူးနော်’

သူ့မိန်းမကို မျက်စပစ်ကာ ကျီစယ်သည်။

‘ကဲလေးတွေ စာမေးပွဲပြီးရင် အပန်းဖြေခရီးထွက်ဖို့ တိုင်ပင်နေတာလေ၊ သားတို့ကလဲ သွားမယ်တကဲကဲ’

‘ [illegible]’



‘အမယ်လေး....သူတို့မလိုက်ချင် နေပါစေပေါ့ မြင့်ရယ်၊ ကိုယ်ဟာတို့သွားလဲဖြစ်တာပဲ မဟုတ်ဘူးလားနော်’

ဒေါ်ချောသွယ်၏ လှမ်းပြောလိုက်သံကြောင့် ဦးကျော်နိုင် မျက်ခုံးနှစ်ဖက် မြင့်တက်သွားသည်။ သူငယ်ချင်းကို လှမ်းကြည့်၏။

‘မင်းတို့ချည်း မသွားရပါဘူး၊ တော်ကြာ အပျိုတွေမှတ်ပြီး နောက်ကလိုက်နေမှ ငါတို့နှစ်ယောက်လုံး ဒုက္ခများနေပါဦးမယ်၊ ဟေ့ကောင့် မင်းအလုပ်တွေ ပိုအနဲ့လွဲခဲ့လိုက်’

‘ကောင်းပါပြီဗျာ၊ ကောင်းပါပြီ’

နှစ်လိုစွာ ခေါင်းညိတ်လက်ခံ ပြုံးလျက်ပြောတော့ အားလုံး ဝိုင်းရယ်ဖြစ်ကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

(၂)

ဆယ်တန်းတက်စနှစ်မှာပင် ကူးကူက သိသာထူးခြားစွာ လှပတင့်တယ်လာသည်။ အသားဝင်းဝင်းနှင့် ပြည့်ဖြိုးသော မျက်နှာလေးမှာ အစပ်တည့်လွန်းစွာ ပေါင်းစပ်မှုတို့ဖြင့် ယောကျ်ားလေး အသိုင်းအဝန်းတွင် လှုပ်ရှားစပြုလာပြီ။ စေးပိုင်သော မျက်တောင်ကော့ကော့များ၊ မျက်လုံးရွှဲကြီးများ၊ နှုတ်ခမ်းဖူးဖူးများ ပြောင်းလဲလာခြင်းကို သူ သတိထားမိလာခဲ့ရသည်။

'ချောစုံစုံအပေါ် မင်းစိတ်မှာ ဘယ်လိုမှ မရှိဘူးဆိုတာ တော့ သဘာဝမကျဘူးထင်တယ် ဘုန်းနိုင်မြင့်၊ ကျောင်းလာ တော့လဲအတူတူ၊ ကျောင်းပြန်တော့လဲအတူတူ၊ ကျူရှင်သွား၊ ဟိုသွားဒီသွား အားလုံးအတူတူပဲ၊ မင်း သူ့ကို အနည်းနဲ့ အများ စိတ်ဝင်ကိုဝင်စားရမယ်၊ မဟုတ်ဘူးဆိုရင်တော့ မင်း သာတာပဲ'



မျက်မှန်ထူကြီးအောက်မှာ စူးစိုက်ကြည့်ကာ ပြောနေသည့် အောင်ကျော်လင်းကို မသိယောင် ပြုလိုက်မိသည်။ စာရေးနေရင်းမှ လက်ကိုတန့်ကာ ကူးကူမျက်နှာကို မြင်ကြည့်၏။ ကူးကူနှင့် မွေးစကတည်းက ခင်မင်ရင်းနှီးခဲ့ကြသည်။ သူတို့ ပြောသည့်အတိုင်းဆိုတော့ သွားဆိုတော့ လာအတူဆိုပါတော့။

ခရီးတွေ ဘာတွေ အတူထွက်၊ တစ်ခါတလေ တစ်အိမ်တည်း အတူနေတာတွေ မသိကြသဖြင့် ပြုံးဖြစ်သည်။

'ငါတော့ မယုံဘူးကွာ၊ မင်းတို့ပြောသလို မိန်းကလေး တစ်ယောက်အပေါ် စိတ်ဝင်စားတာ ဟုတ်တယ်မဟုတ်လား၊ အချစ်ဆိုပါတော့၊ အဲဒါတွေဟာ အနေနီးစပ်တာနဲ့ ဘာမှ ဆိုင်ဘူးနဲ့ တူပါတယ်၊ ငါသူ့အပေါ် ဘယ်လိုမှမနေပါဘူး။ အောင်နှမလိုပါပဲ၊ မင်းတို့တာ မရိုးမသား ပုံစံမျိုး သူ့ဆီမှာ တွေ့လို့လား'

ဆရာမဝင်သေးချိန်မို့ တစ်တန်းလုံး ရေပက်မဝင် စကားတွေ များနေကြသည်။ အမှတ်အလိုက် တန်းစဉ်ခွဲသောကျောင်းတွင် ဒီနှစ်မှ ကူးကူက စီအခန်းသို့ လျောကျသွားခဲ့သည်။ တော်သေးရဲ့ဟု တွေးသည်။ မဟုတ်ရင် ဒီစကားသံတွေကြားဘယ်လို မျက်နှာထားမျိုးနှင့် ရပ်တည်ရမည်လဲ။

'အဲဒီလိုတော့လဲ မငတ္တပါဘူး၊ ငါလဲ မင်းတို့နှစ်ယောက်ကို စိတ်ဝင်စားပြီး သေချာကြည့်နေမိတာပဲ၊ သူလဲ မင်းကို ဘာမှမဖြစ်ဘူးနော်'

---



www.burmeseclassic.com

www.burmeseclassic.com



အောင်ကျော်လင်း၏ အလွန်မတန် အံ့သြထူးဆန်းစွာ ရေ ရွှတ်သောလေသံကြောင့် တဟားဟား ရယ်မောလိုက်မိသည်။

'ဘယ်ဖြစ်မလဲ၊ တို့က မောင်နှမတွေလို နေကြတာ၊ အချိန် တန့်ရင် သူလဲ သူ့ဘာသူ ငါလဲ ငါ့ဘာသာ ဖြစ်သွားကြမှာပဲ၊ ဘာ အံ့သြစရာ ရှိသလဲ'

'ဟုတ်ရဲ့လားကွာ၊ ငါသာဆိုရင်တော့ ပြောင်းလဲချင် ပြောင်းလဲမှာပဲ ထင်ထယ်'

'အဲဒါက မင်းကိုး၊ ဒါပေမယ့် ငါလဲ ငါ့ကိုယ်ငါ ခုအချိန် အထိပဲ သိသေးတာ၊ နောင်လာမယ့် အချိန်တွေအတွက်တော့ ဘယ်လိုမှ ကံသေကံမ မပြောနိုင်ဘူး၊ သူ ရည်းစားရမှ ငါ တစ်မျိုး ဖြစ်ချင်လဲ ဖြစ်မှာပေါ့၊ လောလောဆယ်ကတော့ ဘယ်လိုမှ မနေဘူး အောင်ကျော်လင်း၊ တစ်ခုခုဖြစ်ရင် မင်း အရင်ဆုံး သိရမှာပါ'

'အေး....ငါ တစ်ခါတော့ တွေ့ဖူးတယ်၊ ဘယ်သူ ရေးတာ လဲ မမှတ်မိတော့ဘူး၊ ဘယ်လောကပဲ အရေးပေးပေး၊ ဘယ် လောကပဲ အခြေအနေကောင်းတွေ ကြုံကြုံ ဘာမှ မဖြစ်ချင် ရင်လဲ မဖြစ်ဘူးတဲ့၊ ဇွတ်အတင်းဆိုလဲ မမြဲဘူးတဲ့'

'အဲဒီကိစ္စကြီးက ဘယ်လိုမှ ပြောလို့ မရပါဘူးကွာ၊ သိပ်လဲ စဉ်းစားမနေစမ်းပါနဲ့၊ အလကား အချိန်တွေ ကုန်ပါတယ်၊ မင်း ကျူရှင်စာအုပ် ခဏပြစမ်းပါ'

ပြောလျှော့နေသော အကျီလက်မောင်းစကို ပြောရင်းခေါက် တင်သည်။ အောင်ကျော်လင်းက လွယ်အိတ်ကို လက်တစ်ဖက်



နှင့် နှိုက်ကာ ကာတ်ထူဗလာစာအုပ်ကို ထုတ်ပေး၏။ လိုချင် သော စာမျက်နှာသို့ တဖျတ်ဖျတ်လှန်သည်။

'လူကြီးတွေကရော မင်းတို့ကို ဘာမှ မပြောဘူးလား'

'မပြောပါဘူး၊ ဘာပြောရမှာလဲ၊ အဲ....မဟုတ်တာ လုပ် ရင်တော့ ပြောချင်ပြောမှာပေါ့'

'မဟုတ်ပါဘူးကွာ၊ မင်းကလဲ ဟို....ဘယ်လို ခေါ်မလဲ၊ မင်းတို့နှစ်ယောက် လူကြီးဖြစ်လာရင် စီစဉ်ပေးမယ်တို့၊ ဘာတို့၊ ညာတို့ပေါ့'

'ဟာ.. ကြံကြံဖန်ဖန်ရာ ပြောမလားကွ၊ မိဘပဲ တို့ကို အဲဒီလို ဘယ်နှယ် ပြောပါ့မလဲ၊ မေမေဆို ငါ့ကို ဒီအချိန်ထိ သား သားလို့ ခေါ်တုန်းပဲ'

စိတ်တိုစွာ ပြောကာ စာအုပ်ကို အာရုံစိုက်လိုက်သည်။ နှုတ်သယ်ကျူရင် သီချင်းတစ်ခွန် နားထောင်ချင်နေသည်။ စာ တွေပြီးနိုင်သလောက်ပြီးအောင် လုပ်ထားမှ ဖြစ်မည်။ ကျူးတာ ဆိုရင် ကျူးဘူကို အားကိုးနိုင်သော်လည်း အတွက်ကတော့ ကိုယ်ဘာသာလုပ်မှ၊ ကူးကူး သချ်ာဆို ဘယ်တော့မှ ကူးရေး လို့မရ။

www.burmeseclassic.com

www.burmeseclassic.com



မှတ်မှတ်ရရ ထိုနှစ်၏ ဆောင်းဦးကျ နိုဝင်ဘာလထဲတွင် ဖေဖေ ပြင်းပြင်းထန်ထန်ဖျားသည်။ ရေချိုးမှားကာ ရှိုးရှိုး နှာချေအအေးမိရာက တစ်ရက်မပျောက်၊ နှစ်ရက်မပျောက်နှင့် တစ်ပတ်တိုင်လာ၏။ ဖေဖေ့ အခြေအနေ ပိုဆိုးလာသည်။ နေ့တိုင်းနေ့တိုင်းလည်း အနားယူနေသည့်ကြားမှ တစ်နေ့ တခြား အင်အားဆုတ်ယုတ်လာသည်။

အတွေ့တွေ့ရောဂါကု ပါရဂူနှင့် ပြသည့်တိုင် ဘာဖြစ်လို့ ဖြ မှန်း ဂဃဏနဲ မသိသေး။ ကိုယ်ဖိရင်ဖိ ဂရုတစိုက် ပြုစုပေမယ့် ကြောင့်ကြပူပန်လာရသည်။

နောက်ဆုံးတွင် အသည်းရောင်နေမှန်း သိရကာ ဆေး တင်လိုက်ရ၏။ ဖေဖေသည်အရိုးပေါ် အရေမျှဖြင့် ချည့်နဲ့လျ ရှိသည်။

'ဖေဖေ့ အခြေအနေ တော်တော်ဆိုးတယ် ကူးကူး၊ ဆရာ တွေက နောက်ကျတယ်လို့ ပြောနေတယ်၊ ငါ ဖေဖေ့ မကြည့်ရက်ဘူးဟာ'

ဆေးရုံအခန်းကျဉ်းမှ ထွက်လျှင်ထွက်ချင်း မျက်ရည်လ လာသည်။ အားတင်းလျက်ထားသော်လည်း ဖေဖေနှင့်ထ နာကျင်ခံစားရမှုများဖြင့် နှလုံးသားသည် တဆစ်ဆစ် က လျက် ရှိသည်။ ဘယ်လိုမှ ထိန်းထားနိုင်ခြင်း မစွမ်းတော့။

'နောက်ကျတယ်ဆိုတာ ဘာလဲ၊ အန်ကယ့်ကို....'

'ဟိုဘက် ငါးဆယ်၊ ဒီဘက် ငါးဆယ်တဲ့ ကူးကူး၊ ဘယ် အပ်ချမပ်ချ မပြောနိုင်သေးဘူးတဲ့၊ သူတို့ ဒီလို ပြောတယ် တော့ သဘောပေါက်ပေါ့ဟာ၊ ငါ မေမေ့ကို ဘယ်



ပြောရဲသေးဘူး၊ မေမေသိရင် ဖေဖေ့ရှေ့မှာ ဘယ်လိုမှ ဟန်မဆောင်နိုင်မှာ သေချာတယ်'

'အေး... အန်ကယ်က ခုတောင် တငိုငို တရယ်ရယ်ဖြစ်နေတာ၊ အဲဒီ ကိစ္စသာ အတိအကျသိသွားရင် ရင်ကွဲမှာပဲ'

'အခြေအနေ မတည်ငြိမ်သေးဘူး၊ စိတ်ချလို့ မရသေးဘူး ဆိုတာ ခုလဲ သိတော့သိနေတာပဲ၊ ဖေဖေသာ မရှိရင်ဆိုတဲ့ အတွေးက သူ့ကို အတော်ကြီး စိုးမိုးနေပြီ၊ ငါ့ကို ထုတ်သာ မပြောတာ၊ အရေးထဲ ညီလေးကလဲ ဘာမှ နားမလည်ဘူး၊ သူ့ သူငယ်ချင်းတွေနဲ့ ပျော်ဖို့ပဲ သိတယ်၊ ဆေးရုံသွားမယ်ဆို သူက မရှိဘူး'

အကြီးဆုံးဖြစ်သူ သူ့ရင်မှာ ဗလောင်ဆူနေပြီ၊ မေမေ အလိုလိုက်ထားသဖြင့် ညီငယ်ကိုလည်း ထိန်းမရ၊ ဖေဖေ လုပ်ငန်း တန်းလန်း လုပ်ငန်းကိစ္စတွေကတစ်ပုံကြီး။ နောက်ဆုံးတင်း နေမည် စိုးသဖြင့် မသိတာလည်း ဖွင့်မပေးရက်။ လူမမာအ ကားဟာဟာပြောဖို့ပင် အနိုင်နိုင်၊ ကျောင်းစာတွေ၊ စာမေးပွဲတွေ ဆိုတာ ဝေလာဝေး၊ ကူးကူးသာ မရှိလျှင် ပျံသန်းဆဲ လေယာဉ်တောင်ပံတစ်ဖက်ကျိုးသည်နှင့် တူမည်။

'ငါ ပြောမယ် ဘုန်းနိုင်၊ အခု နင်တို့အိမ်ရဲ့ အခြေအနေ နင့်စိတ်ခံတတ်ပေါ်မှာ အများကြီး တည်နေတယ်၊ အန် မိန်းမသား၊ စိတ်ရောလူရော အပင်ပန်း သိပ်ခံနိုင်တာ ဘူး၊ အဲဒီတော့ နင်က တာဝန်အရပ်ရပ်ပေါ်မှာ ဆောင် နိုင်တဲ့ အင်အားရှိမှ ဖြစ်မယ်၊ နင့်စိတ်တွေကို အောင် သိပ်မလှုပ်ရှားအောင် ထိန်းသိမ်းနိုင်မှ ဖြစ်မှာ၊

www.burmeseclassic.com

www.burmeseclassic.com



သိပ်အဆိုးဝါးကြီးလဲ မဟုတ်ပါဘူးဟာ၊ လူ့အသက် တစ်ချောင်းဟာ ဘယ်နည်းနဲ့မှ ခန္ဓာကို အလွယ်တကူ စွန့်ခွာမသွားနိုင်ပါဘူး၊ အဲဒီလိုဖြစ်ဖို့လဲ တို့ဘက်က တတ်နိုင်သမျှအင်အားနဲ့ သိမ်းကျုံးပြီး ပြန်လုရမယ်၊ အဲဒီလို တို့အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အန်တယ့်ကို ပြန်လုတဲ့အချိန်မျိုးမှာ ခေါင်းအေးအေး၊ စိတ်အေးအေးနဲ့ အရာရာကို ရင်ဆိုင်နိုင်ဖို့ လိုတယ် ဘုန်းနိုင်၊ နစ့်ကျောင်းစာတွေ မပူနဲ့ ငါရှိတယ်၊ အားလုံးကို ပြန်ရှင်းနိုင်တယ်၊ ကုသိုလ်ပေါ့ဟာ၊ ကံကြမ္မာ ဘယ်လို ဖန်လာ ဖန်လာ ကိုယ်က ရင်ဆိုင်ခံနိုင်ဖို့ပဲ'

သူ့မှာ တုံ့ပြန်ပြောစရာ ဘာမှမရှိတော့၊ ကူးကူးပြောသလို စိတ်ကျသလိုလို လှုပ်ရှားလွန်းနေတာတွေ ချက်ချင်း သတိပြုမိသွားသည်။ မကြာခင် အိမ်ကို ရောက်တော့မည်။ အလွန်အမင်း တုန်လှုပ်နေခြင်း မဖြစ်စေရ။

'ငါ လုပ်လာပေးတဲ့ ကြာဆံဟင်းခါး အန်ကယ် သောက်ရဲ့လား၊ မမ တော့ ငရုတ်ကောင်းမှုန့် စိတ်ကြိုက် မထည့်ရလို့ သိပ်မကောင်းဘူးတဲ့၊ မမမေက မနက်ဖြန် ကြက်ပေါင်းဆီ လုပ်ပေးလိမ့်မယ်'

'ရပါတယ်ဟာ၊ အန့်တီနဲ့ မမလဲ အရမ်းပင်ပန်းပါတယ်၊ ငါ သိပ်အားနာတာပဲ'

'ဘာ အားနာတာလဲ၊ ပျော်တုန်းကတူတူ ပျော်ခဲ့ကြတာပဲ၊ စိတ်ညစ်ရင်လဲ တူတူ၊ ပင်ပန်းလဲ တူတူပေါ့၊ အန့်တီမှာ စိတ်ဆင်းရဲရတာနဲ့ ကျန်းမာရေး ထိခိုက်မှာ စိုးရတယ်၊ ငါတို့အိမ်မှာက မေမေရော၊ မမရော၊ ငါလဲ နောက်ပေး ဝိုင်းလုပ်ပေး



...ာ၊ နင်ကလဲ ညစောင့်ရ ဘာရနဲ့ အိမ်ရောက်ရင် အိပ်ပျော်...အောင် အိပ်လိုက်နော်၊ နေ့ဘက် ပြန်အစားထိုး မအိပ်ရင် ...ကောင်းဘူး၊ နင် ခေါင်းသွားလိမ့်မယ်၊ အပူတွေ အကုန်လုံး ...ခေါင်းထဲက ခဏထုတ်ပြီး အိပ်လိုက် သိလား၊ ခေါင်းမမာနဲ့၊ ...လာစောင့်ပေးရဦးမလား'

'ဟာ.... ရပါတယ်ဟာ'

'ရပါတယ် လုပ်မနေနဲ့၊ နင် အိပ်မပျော်မှာ မဟုတ်ဘူး၊ ...မဖြစ်ပါဘူး၊ ငါ လိုက်စောင့်မှ ဖြစ်မှာပဲ၊ နင် ခေါင်း...ာနဲ့၊ ငါ လိုက်စောင့်မယ် ဒါပဲ၊ နင် အနည်းဆုံး လေးနာရီ ...ရမယ်၊ ငါမရှိရင် ဟိုလူလာ ဒီလူလာနဲ့ နင် နိုးသွားမှာ'

'ရပါတယ်ဆိုကွာ ကူးကူးရာ၊ ...ပင်ပန်းမှာစိုးလို့ ပြော...ာ'

'မရှည်နဲ့၊ ပါးစပ်ပိတ်ထား၊ အဖေ နေမကောင်းပါဘူးဆိုမှ ...အိပ်လို့ ပျော်မလား'

ဆက်လက် ဟန့်တား မနေချင်တော့။ ဆတူနစ်းလည်ခံစား...ငြိမ်းသော သူတို့အတွက် အမှတ်ထင်ထင် ဖြစ်သည်။ ပါး...လေး အနည်းငယ်ကျနေသည့် ကူးကူကို ကျေးဇူးတင်စွာ ...ငေးမိ၏။ ဘာသာစုံစာတို ကူးထည့်ပေးရခြင်း အလုပ်ကပင် ...ငယ်မျှ ပင်ပန်းကြောင်း သိသည်။

...ရှတစ္စာ အက်ကွဲနေသော နှုတ်ခမ်းသားတို့ စပ်ဖြူးနေ...သော်လည်း ကြိုးစားပြီး ပြုံးပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နှင်းတစ်နှစ်လုံးတွင် ဆောင်းကုန်ကလေး တစ်ချိန်သာ ခဏဝဲတတ်လေ့ရှိသော နှင်းမြူနှင်းဆိုင်တို့ကို အံ့သြမက်မောလှစွာ ငေးမိသည်။ သောက်လက်စ နွားနို့ပူပူ ပုဂံမှာ ငွေ့ရိပ် မရှိတော့။ မတည်ငြိမ်သော အခြေအနေ အရိပ်ရိပ်တို့သည် လှုပ်ရှားမှုမဲ့စွာ ငြိမ်သက်နေသော လောကကဲ့သို့ တည်တံ့ခဲ့ပြီ ဖြစ်သည်။

‘သား စာတွေ ပြန်လိုက်နိုင်ရဲ့လား’

ပခုံးကိုဆုပ်လျက် ပြောသော ဖေဖေ့ကို လှည့်ပြန် မော့ကြည့်သည်။ နှုတ်ခမ်းတို့က ရင်အေးအောင် ပြုံးဖြစ်၏။

‘လိုက်နိုင်ပါတယ် ဖေဖေ၊ ကူးကူ ကူးထည့်ပေးလို့ ခုတော့ ကျွန်တော်က ရှင်းတာ နားထောင်ရုံပဲ၊ ဖေ မချမ်းဘူးလား။ တော်ကြာ အအေးမိသွားပါဦးမယ် ဖေရာ’

‘ရတယ် သား၊ ဖေဖေ နေကောင်းနေပါပြီ၊ အခန်းထဲမှာ ချည်း နေရတာ ငြီးငွေ့လွန်းလို့ပါ’

အများကြီး ပိန်ကျသွားသော ခန္ဓာဖြင့် နံဘေးခုံတွင် သက်သောင့်သက်သာ ထိုင်သည်။ ပို၍ ပို၍ ပြည့်ဖြိုးရှင်လန်းလာသည့် ဖခင်မျက်နှာကို အားရဝမ်းသာ ကြည့်၏။ မိသားစု၏ အပူမီးကို အေးလွင့်အောင် ပြုပေးနိုင်သည့် ဘုရားသခင်အား အထူးသတိရသည်။

‘ဖေဖေ နေမကောင်းတာ သားတို့လဲ သိပ်ပင်ပန်းသွားတာပဲ၊ ကြည့်စမ်း၊ နဂိုနဲ့မတူအောင် ပိန်ကျသွားတာ၊ အားဆေးသောက်ဖို့ မမေ့စေနဲ့နော် သား၊ ညီလေးကိုလဲ ဂရုစိုက်လိုက်၊ မင်းဖေဖေက နေရာတိုင်း လိုက်ကြည့်နိုင်တာ မဟုတ်ဘူး



စာမေးပွဲကလဲ ရှိသေးတယ် မဟုတ်လား၊ ခြစ်ချဖို့ လုံ့လ စိတ်မကူးနဲ့နော် သား၊ ရသလောက်သာ ဖြေ ကြားလား’

‘ဟုတ်ကဲ့ ဖေဖေ၊ ကျွန်တော် ခြစ်မချပါဘူး’

‘ကူးကူလေးရော စာလိုက်နိုင်ရဲ့လား၊ သားတို့ စာအတူကြည့်ကြလေ၊ အင်း.... သူတို့ မိသားစုလဲ ဖေဖေ့အတွက် အတော် အလုပ်ရှုပ်သွားကြတယ်၊ တော်ရုံ ခင်မင်မှုနဲ့ အောက်ခြေသိမ်း လိုက်လုပ်ပေးနိုင်တာ မဟုတ်ဘူး၊ သူတို့ကျေးဇူးကို မမေ့နဲ့နော်၊ ကူးကူလေးကို ညီမရင်းလေးလို အမြဲ စောင့်ရှောက်နော် သား’

‘တီ....တီ.... ဟေး — ဘုန်းနိုင်၊ နင် ဘာတွေ လုပ်နေတာလဲ၊ ဘိုင်အိုတီချာ အချိန်ပိုခေါ်ထားတာ သွားရမယ်လေ’

စူးရှသော သူမတို့၏ ပါပလစ်ကာ ဟွန်းသံနှင့်အတူ ပေါ့ပါးပါး လေလှိုင်းသံတို့က ခုန်ပေါက်၍ ရောက်ရှိလာ၏။ ကူးကူကို မျက်နှာချင်းဆိုင်ကာ....

‘သွားမှာပေါ့၊ ဘယ်နှစ်နာရီမို့လဲ’

‘အန်ကယ်က အပြင်ထွက်ထိုင်နေတယ်၊ နေကောင်းသွားလားဟင်၊ ဘုန်းနိုင် နင် အဝတ်သွားလဲတော့၊ ခုပဲ သွားမှာ၊ ငါ့ကားနဲ့ လိုက်ခဲ့ပေါ့’

‘ငါ့သမီးကတော့ အမြဲသွက်နေတာပဲ’

နှစ်လိုစွာ ဖေဖေပြောသည်။ သူ့မျက်နှာကို ရှုံ့မဲ့ထိုးတာ....

‘မက်ဒေါ်နာလေ၊ ပျော့ကာလပ်ကို စိန်လို့’

‘ကောင်စုတ်၊ ချွတ်ဖို့ပဲ’

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်မှာ ချွတ်လို့လဲ၊ အခုနသာကြီးပါနော်'

'ကဲပါ၊ သွားစမ်းပါ၊ အချိန်မရှိဘူး'

'ဘာလို့ စောစော မပြောတာလဲ ကူးကူးရ၊ နင်က လုပ်လိုက်ရင် အရမ်းချည်း'

'မနေ့က ငါဖုန်းဆက်တာ ဖုန်းမှမအားဘဲ၊ နင်ဘယ်ကောင်မလေးနဲ့ ကမ္ဘာ့စကား ဖောင်ဖွဲ့နေသလဲမှ မသိတာ၊ သွားငါ့ချည်း အပြစ်တင်မနေနဲ့နော်၊ ဝင်ခေါ်ရင် ပြီးရောပေါ့'

လည်ဟိုက်လက်တို ကြက်ဥနှစ်ရောင်ကို ဂျင်းပန်နှင့် ယှဉ်တွဲ ဝတ်ဆင်ထားသော သူမအား ဝေ့ဝဲကြည့်ကာ....

'ဟုတ်တယ်၊ မနေ့ညက ဖုန်းသိပ်မကောင်းဘူး၊ လိုင်းဝင်တော့ဝင်တယ်၊ ပြတ်တောင်းပြတ်တောင်းနဲ့'

အဝတ်ကို အမြန်ဆုံးနည်းဖြင့် လဲလှယ်ပြီး ဖေဖေ့ကို နှုတ်ဆက်သည်။ ကူးကူးက ပခုံးထိ ဝဲပျံကျနေသော ဆံနွယ်ခွေတို့ ယိမ်းနွဲ့လှုပ်ရှားရလောက်အောင် သွက်လက်နေသည်။

ဒါပေါ့လေ၊ အငယ်ဆုံးလေး မဟုတ်လား။ ညီးလိုပဲပေါ့။

(၃)

'ဒီစာရွက်လေး ဘယ်လိုဖြည့်ရလဲ၊ တို့ကို ခဏပြနော်'

အသံရှင်၏ စကားသံက လေယူလေသိမ်း ယဉ်ကျေးသိမ်မွေ့လှသည်။ နားအနားမှာ ပြောလိုက်သဖြင့် လှုပ်ခတ်ရသော ရင်ကိုထိန်း၏။ လှည့်မကြည့်ရခင် စာရွက်က အရင်ပါသွားသည်။

'ဟာ....'

ရင်တွင်းမှာ ပဲ့တင်သွားသော ကိုယ်တိုင်၏ အာမေဍိတ်သံ။ ပိုင်စိုးစွာ လှပလွန်းသည်က တအံ့တသြမျှ နှစ်လိုဖွယ် အပြုံးတစ်ခု သူမ ပြုံးပြ၏။ နှုတ်ခမ်းအနား တွန့်ကာ ညွတ်ကျသွားပုံက လှပလိုက်လေခြင်း။ ကမန်းကတန်း ခေါင်းကို ငုံ့ထားမိသည်။

'တို့ဖြည့်တာ မှန်ရဲ့လား၊ ကြည့်ပေးပါဦး'

www.burmeseclassic.com

www.burmeseclassic.com



နှာအ နှစ်လိုစွာ တစ်ကြောင်းချင်း ဖတ်၏။ အမ်ဒီအမှတ်၊ ရွေးချယ်သော ခေါင်းစဉ်။ သာယာစုံးရှိသော ရေမွှေးရနံ့တွေ အောက်တွင် သင်းပျံ့လျက်။

'နာမည်က မျိုးဝင့်မေနော်'

'ဟုတ်တယ်လေ၊ တို့နာမည် မျိုးဝင့်မေ၊ ဘာလဲ စာလုံးပေါင်း မှားမှာစိုးလို့လား၊ ကိုယ့်နာမည်တော့ ငယ်ငယ်ကတည်းက ပေါင်းလာတာ မမှားနိုင်ပါဘူးနော်'

ပြောရင်း ရယ်လိုက်တော့ လိုက်ရယ်မိပြန်သည်။ ဘာဖြစ်လို့ နာမည်မေးမိမှန်းမသိ။ ပြောသလိုပဲ စာလုံးပေါင်း မှားမည်စိုး၍ မေးလိုက်ခြင်းသာ။ သို့သော် မေးဖို့မလိုတာကို မေးမိတော့ သူမ ရယ်ပြီပေါ့။

'ပေး၊ ကျွန်တော် ကူးဖြည့်လိုက်ပါမယ်၊ တစ်ယောက်တည်းပဲလား၊ အဖော်မပါဘူးလား'

လှမ်းပေးသော ဘောလ်ပင် အနက်ရောင်လေးကို ယူရင်း ဒွိဟခံနဲ့ မေးထွက်သွားသည်။ အမှတ်ထုတ်မည့် သူချင်းမို့ ငမ်မိသည်ဟု ထင်သည်။ တစ်ယောက်တည်း ဆိုသော စကားဟာရသည် ကိုယ်အတွက် အကြောင်း မဖြစ်လောက်သော်လည်း ချောမောလှပလွန်းသော သူမအတွက်တော့ မဖြစ်သင့်။

မဆီမဆိုင် မေးမိလိုက်သည့်အတွက် အနည်းငယ် အားနာသည့်အတူ ရှက်လည်းရှက်မိသည်။ သူမက သဘောကျစွာရယ်၏။

'ပါတယ်လေ ဟောဒီမှာ'



ခပ်သွက်သွက်မော့ကြည့်လိုက်စဉ် သွယ်တန်းနေသည့် လက်ညှိုးချွန်ချွန်ကလေးက သူ့ဘက်သို့ ညွှန်နေသည်။ နောက်သို့ လှည့်ကာ ရှာဖွေသည်။

'ဟော… ယူဘာရှာနေတာလဲ၊ တို့အဖော်က ဒီမှာ'

ထိလုထိခင် တိုးကပ်နေသည့် ရှေ့မှ လက်ကလေးကို ကြည့်ကာ ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။ ဂုဏ်ထူး တစ်ခုသာမှ မပါပဲ အောင်မြင်ခဲ့ရသည့် အတွက် စိတ်ညစ်ကာ တအိပွဲပွဲနှင့် အမှတ်ထုတ်ယူရန် ဝန်လေးခဲ့သည်။ ဖေဖေ့အားပေးမှု ကူးကူး၏ ပူဆာမှုတို့ကြောင့် စိတ်ညစ်ညစ် ထွက်လာရတာတွေ ဘယ်သို့ လွင့်ပြေးလေပြီနည်း။ မဆိုးဘူး။ သည့်တစ်ချက်ကလေးနှင့်ပင် သူမကို ခင်မင်သွားရပြီ။

'ယူတစ်ယောက်တည်း ဟုတ်ရဲ့လား၊ တော်ကြာ တို့အတွဲများနေမှ ယူ့အဖော် မျက်စောင်းခဲနေပါ့မယ်'

'အတွဲမမှားပါဘူး၊ တို့လည်း တစ်ယောက်တည်းပါ၊ အဖော်ပဲပေါ့'

နှုတ်ခမ်းတို့က သွက်လက်လွန်း နေသည်။ တစ်ချက်ကလေးသာ သတိပြုမိပြီး စိတ်ကို ဆက်လွှတ် ပေးထားလိုက်သည်။ ရင်မှာ နှစ်လိုနေသည်က ထူးဆန်းစွ။

သူမ၏ သံသယ စကားငယ်အတွက် စိတ်မကောင်းစွာ လျောက်လဲချက် မြန်မြန်ပေးမိသည်လည်း ဖြစ်နိုင်သည်။ သေသပ်အောင် ဂရုတစိုက် တစ်ရှက်ချင်း ကူးပေးအပြီးတွင် စာရွက်တွေ ထပ်လိုက်သည်။

'လာ… သွားစို့၊ တန်းစီရမယ်'

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်ပြဗာ ရှေ့မှ လျှပ်ခနဲ ထွက်သွားတော့မှ ထပ်ဆင့်ဖြည့်ကာ သိရပြန်သည်။ သူမသည် အပြောချိုသော၊ စကားတတ်သော၊ ရှင်လန်းလှပသော မိန်းကလေးပင် မဟုတ်သေး။ ဖြောင့်မတ်တင့်တယ်ခြင်းနှင့် ပြည့်စုံလှန်းသူ ပါတကား။

သည်လောက် လှပသူနှင့် ခင်မင်ဖို့ ဘယ်လို ကုသိုလ်များ သူ့ကိုယ် တွန်းပို့ပါလိမ့်။

ဆူးလေဘုရား လမ်းမပေါ်ရှိ ဘဏ်(၃)တွင် ငွေသွင်းအပြီး ချစ်ထားစီးကာ လသာလမ်းသို့ သွားသည်။ ဘတ်စ်ကားရပ်ဆုနှင့် စာစစ်ရုံးသို့ အဝေးကြီး လျှောက်ရတော့ လက်ချင်းမှတ်မိရုံသာ ကျန်တော့သည်။ လူအကြား တိုးရသည့် ခဏကာမှာပင် စည်းရုံးမှု အင်အားက သိပ်သည်း မို့ မောက်စေပြီ။ ထား ဝပ်ရှော့ဆိုင် ပို့ထားရခြင်းကြောင့် စိတ်ပျက်ခဲ့ရခြင်းများသည် သူမအတွက် အားနာရခြင်းများအဖြစ် အရည်ပျော်ကျဆင်းလာ၏။ အရေးထဲ နေမင်းကြီးက ခြစ်ခြစ်တောက်။

နေပူထဲက တို့နှစ်ယောက်မေ့ါလေ။



ဘာပဲဖြစ်ဖြစ် အဖော်တစ်ဦးနှင့် တအားတက်စေသည်ကတော့အမှန်။ အစက ကူးကူပါ လိုက်မည်လုပ်ပြီး ကားမရှိသဖြင့် ကျန်ရစ်ခဲ့ခြင်းသာ။ ကူးကူသာပါလျှင် သုံးယောက်စုံ့ ပျော်စရာကောင်းလိမ့်မည်။

လသာရုံး သစ်သား လှေကားတို့ကို တဒုန်းဒုန်း ခြေတက်ကာ လှစ်ခနဲ ကောင်တာရှေ့ရောက်သွားသော သူမသည် အမျိုးသမီးတွေထဲမှာ အတော်ပေါ့ပါးသူဖြစ်သည်။ ဘာစ်ချိန်ထဲမှာပင် ဆန့်ကျင်ဘက် လင်ယောကျ်ားတစ်ယောက်အပေါ် ပြိုင်ဆိုင်အနိုင်လိုစိတ်မျိုး မရှိတာကလည်း နူးညံ့စွာသော အပြုံးမျက်လုံး၊ အပြုံးနှုတ်ခမ်းတို့က၊ သက်သေခံနေသည်။

'ယူက ဒဂုံတစ်ဆလား၊ တို့က ဒဂုံသုံးက၊ကြည့်စမ်း....နည်းနည်းလေးပဲကွဲတယ်နော်'

'ဒဂုံ(သုံး)ကလူတွေက ပန်းချီမှာတော်တယ်၊ ဆုရတာခဏခဏ တွေ့သလားပဲ'

'အင်း၊ အဲဒီထဲမှာ တို့တော့မပါဘူး၊ စိတ်မှဝင်စားတာ'

ပွင့်ပွင့်လင်းလင်း ဝန်ခံပုံကို သဘောတကျဖြစ်ရသည်။ ဆတ်ခနဲခေါင်းညိတ်လိုက်၏။

'ကျွန်တော်လဲ ရုပ်ပုံတစ်ပြားသားမှ မဆွဲတတ်ဘူး၊ ဒါပေမယ့် သူများအတွက် ဂုဏ်ယူပေးတတ်တယ်'

www.burmeseclassic.com

www.burmeseclassic.com



လျှောက်လှာဖြည့်ပြီး အတူတင်ကြသည်။ ဘာသာတွဲမတူသဖြင့် တစ်ပြိုင်နက်တင်ခွင့်မရ၊ သူမစာရွက်တင်ပြီးမှ အခြားတစ်ဖက်တွင် သူ့စာရွက်ကိုတင်သည်။

လှေကားတွေကို ပြေးဆင်းလာကြ၏။ ရုံးဆင်ဝင်ကြီးအောက်မှာ မျက်နှာချင်းဆိုင်မိကြသည်။

'လမ်းမှာတွေ့ရင်ခေါ်ပေါ့၊ ကဲ....တို့သွားမယ်'

'ဟိတ်—ဟိတ်လို့ ခေါ်ရမှာလား'

'အရာရာမှာ မှတ်မှတ်သားသား ရှိရတယ် ဘုန်းနိုင်မြင့်ရဲ့'

နှစ်နှစ်ခြိုက်ခြိုက်ပြုံးကာ ပြောလိုက်သည့်လေသံက လှောင်အရိပ်ယောင်ယောင်ပင်မပါ၍ တော်သေးသည်။ သူတအံ့တဩငေးကြည့်နေမိ၏။ တစ်ဆက်တည်း ကိုယ့်ကိုယ်ကိုကျိန်ဆဲသည်။

သူမသာ ဖျတ်ခနဲ လှည့်ထွက်သွားလိုက်တော့ သူဘာမှမတတ်နိုင်တော့ပါ။ မိန်းကလေးတစ်ယောက်၏ အမည်နှင့်လိပ်စာကို သိရှိခွင့်ထက် တစ်နေ့တာ အတူသွားလာခင်ခဲ့သူတစ်ဦးအပေါ် ညှို့ဖျင်းမှုဖြင့် ရှက်လိုသေရလိမ့်မည်။

'တို့ကို မျိုးဝင့်မေလို့ခေါ်ပေါ့၊ လှည့်မကြည့်ရင် ယူညံ့လို့ပဲ'

ဒါပဲလား၊ နာမည်နဲ့လူ တွဲသိရုံလေးနှင့် ဘယ်လိုလုပ် မိတ်ဆွေဖြစ်နိုင်ပါမည်လဲ၊ ရင်းနှီးစွာ ပေါင်းသင်းမှုကို ပိုတ်ပင်တားမြစ်သင့်သည့် အချိန်အခါလည်း ပေါ့တ်တော့။ ဒါကိုသူမ မသိလေရော့သလား၊ ဒါမှမဟုတ် တမင်ပင်တွန့်တိုလေသလား။



တစ်ဖက်သားကို ဆန့်ကျင်ထတ်သည့် အရင်းခံစိတ်ကြောင့်ပင် ဖြစ်မည်ထင်သည်။

လွယ်အိတ်တွင်းမှ မှတ်စုစာအုပ်ငယ်ကို ဆွဲယူပြီး အသင့်ဖွင့်သည်။ ဘောလ်ပင်ကို အဖုံးဖွင့်ကာ ကမ်းလိုက်၏။

'မှတ်မှတ်သားသားဖြစ်အောင်လား'

မင်နီဘောလ်ပင်ကို ထောင်ပြလျက်ပြောသည်။

သပ်ရပ်စွာ ရေးနေခြင်းကိုငေးပြီး ပြုံးဖြစ်သည်။

'လာမလည်ရင်လဲ စိတ်မဆိုးဘူးနော်'

'ကြုံရင်တော့ လာလည်ဖြစ်မယ်ထင်ပါတယ်'

'ဒါဆို အသေအချာပေါ့၊ ကြုံမှညော့်ခံနိုင်မှာပဲ'

'ခင်ဗျား စကားတွေက'

ရုတ်တရက် ထွက်သွားမိသော စကားလုံးတို့ကို ပင်ပန်းကြီးစွာ အုတ်ဖမ်းရပ်တန့်ရသည်။ ပိတ်မိလေသည့် နောက်ဆက်တွဲစကားတို့က ရင်တွင်းမှာ ပွဲဘင်ရိုက်၏။ ဆက်သာပြောမိရင် သူမ ဘယ်လိုတုံ့ပြန်လေမည်လဲ။

'တို့က ဒီလိုပဲ ပြောတတ်တယ်'

ချာခနဲလှည့်ထွက်သွားသော ကျောပြင်ကို ငေးရှင်းပြုံးဖြစ်သည်။ ဘာပဲပြောပြော ကျေနပ်ခွင့်တစ်စုံတစ်ရာနှင့် ကြည်နူးရသည့် တဒင်္ဂအတွက် တိတ်တဆိတ် ကျေးဇူးတင်ပါသည် မျိုးဝင့်မေ။

---

"မော်ဒန်" အနုပညာ ထုတ်လုပ်ရေး

www.burmeseclassic.com

www.burmeseclassic.com

## (၄)

ညာပုလက်ဖောင်းတွင် နေရာရှာပြီး ကားရပ်သည်။ စာရွက်အချို့ကို ရွေးယူကာ တံခါးသော့ခတ်သည်။ လမ်းတစ်ဖက်သို့ ခပ်သွက်သွက်ကူးလိုက်၏။ ရုံးဆင်ဝင်ကြီးအောက်အရောက်တွင် အစိမ်းရင့်ရောင် ဇာအင်္ကျီဖြင့် ဆံပင်ဖောင်းအိအိများနှားရွက်နောက်တွင် ခပ်ထူထူထိနေသော သူမကို ဖျတ်ခနဲမြင်ယောင်သည်။

ရင်မှာမမေ့သေး။

'ခင်ဗျားစကားတွေက ချစ်စရာကောင်းတယ်'

တစ်ဆက်တည်း မနည်းဘရိတ်ဖမ်းလိုက်ရသော သူ့စကားတစ်ပိုင်းတစ်စလေးကို ဖြည့်စွက်သတိရသည်။ နှုတ်ခမ်းတို့ပြုံး၏။

ဆိုလိုက်ရသည်က တကယ့်ကို တစ်ခဏပါပဲ၊မိတ်ဆွေအဆင့်ထိတောင် ရောက်ခဲ့တယ်ဆိုနိုင်ရဲ့လား။



တုံ့ဆိုင်းခြင်းမရှိသော ခြေထောက်များက နင်္ဂုထက်ပို၍ဆက်လက်စွာ လှေကားထစ်တွေကို တက်၏။ ရှေ့မှလူတွေကို ကျော်သည်။

'ဟော....'

နောက်မကျတကျ နားမှထွက်ပေါ်လာသော အမျိုးသမီးသံ၊ နှစ်ထစ်ကျော်ပြီးချိန်မှာ သံသယရှိသော အသိတစ်ခုနှင့် လည်ပြန်လှည့်မိသည်။ မျက်နှာတစ်ခုက ခပ်ခိမ်းစိမ်းစိုက်ကြည့်နေတာ တွေ့၏။ ရုတ်တရက် တွေသွားသည်။ သူမက ပြုံးလိုက်ကာ—

'ဖြစ်ရလေ ဘုန်းနိုင်မြင့်ရယ်'

'မျိုး....ဝင့်....မေ'

တစ်လုံးချင်းထွက်လာသော သူ့အသံအဆုံးတွင် သူမနှုတ်ခမ်းစူသည်။

'ပြောလိုက်မှ မှတ်မိတယ်ပေါ့လေ၊ နာမည်ခေါ်နိုင်တဲ့အတွက် ကမ္ဘာ့ကျေးဇူးရှင်ကြီးအဖြစ် သတ်မှတ်လိုက်ပါတယ်'

'မဟုတ်ဘူး၊ ပြုံးလိုက်လို့ပါ'

'ဆိုလိုတာက အပြုံးက မှတ်မိစေတယ်လား၊ ထပ်ဆင့်ကျေးဇူးတင်ပါတယ်၊ စကြဝဠာကြီးလောက် ဖြစ်နေပြီ'

'ဒီလောက်လဲ မညွှန်းချင်ပါဘူး'

'ထားပါတော့'

သူမအပြုံး၏ ဆန်းကျယ်ပုံမျိုး တစ်ခါမှ မတွေ့ဖူးပါ။ ဒီတစ်ခေါက်တော့ ရေအိပ်အနက်လေးကို သူမပွေ့လားသည်။

www.burmeseclassic.com

www.burmeseclassic.com



...ယ်တော့ အရင်အတိုင်းပေမယ့် မျက်နှာအလှပြင်ပုံက ထူ...
ထူးဆန်းဆန်း၊ နှုတ်ခမ်းမှာ စိမ်းပြာရောင်ခြယ်ထားသည့်ထေ...

ခုစစ်ရှုံးက ချိန်းဆိုသော သုံးပတ် အချိန်သည် လူတစ်...ယောက်ကို အပြတ်အသတ် ပြောင်းလဲနိုင်စွမ်းမည် မထင်မိ...နှစ်ခါတွေ့ နှစ်ပုံစံ ဖြစ်နေသောကြောင့် မမှတ်မိတာ အပြစ်...မဟုတ်ဟု စိတ်ဖြေ၍ ဖြေရှင်းမိသည်။

အသိ တစ်ယောက်ကို ကျော်တက်ပြီးမှ မမြင်မတွေ့ဘ...ခေါ်သံကြောင့် မှတ်မိရသည်ကိုတော့ သူမကို အားနာလှ...သည်။

'တိုက်တိုက်ဆိုင်ဆိုင်နော်'

'သူနဲ့ကျမှတိုက်တိုက်ဆိုင်ဆိုင်၊ မိတ်ဆွေမဖြစ်ချင် မခင်ချင်...ဘူးဆိုရင် ကံကြမ္မာက ဆုံအောင် လုပ်ပေးတတ်တယ်လေ'

'မျိုးဝင့်မေနဲ့ခင်ဖို့ ကျွန်တော် ငြင်းမိသလား'

ရယ်လိုက်သောအပြုံးအမူကို နားမလည်။ စကားမှာ အမှား...မပါတာတော့ သေချာသည်။

ဝန်းကျင်ရှိ လူတွေ ဂရုပြုကြည့်သွားတာတွေ၏ အမြင်...အဆင် ထူးဆန်းသော သူမကြောင့် ဖြစ်မည်ထင်သည်။ ခေါင်း...ငုံ့လိုက်ချိန်တွင် ဖွေးနုသော ခြေဖမိုးသွယ်သွယ်နှင့် ခြေကျင်း...ပျော့ကို မြင်သည်။

ချွန်ထက်လှပသော ခြေသည်းရှည်များမှာ ခပ်ရဲရဲ။

'တို့အကြောင်းကိုပဲ ပြောတာပါ'



'ဒါတော့ လွန်တာပေါ့၊ ကျွန်တော်က မျိုးဝင့်မေရဲ့ ခင်...င်မှု ဇယားမှာ အဆင့်မမီလို့လား၊ သိရတာ ဝမ်းသာတယ်...ဆိုရမှာပဲ'

စိတ်မကောင်းတာထက် စိတ်မထောင်းသာစွာ ပြောဖြစ်...ခြင်း ဖြစ်သည်။

အပြည့်အဝပင် ကျဲမြီးတိုသွားရသည်။ ခင်မင်နေခြင်း...ထပ်ပြိုင်တည်းတွင် မခင်မင်လိုတော့ခြင်းများ ဘယ်ဘက်က...အားသာသလဲ ဆိုတာကိုတော့ မေးဖို့မလိုဘဲ သိနေခြင်း...အတွက် အံ့ဩမိသည်။

'ယူက စိတ်ဆိုးတတ်တယ်နော်'

'လူပဲဗျ၊ စိတ်ဆိုးတတ်တာပေါ့'

'မသိပါဘူး၊ နတ်သားလေးမှတ်လို့၊ အတင်းကပ်နေမိတာ ဆောရီး'

ညင်ညင်သာသာ လျှောက်လှမ်းနေသော်လည်း သာမန်ထက် ကျယ်သော ခေါက်မြင့်ဖိနပ်သံဖြင့် တဖျတ်ဖျတ် ဆက်လျှောက်သွားသည်။

သူမကို ဆက်ငေးမနေဘဲ ချလန် မိတ္တူစာရွက်ပြကာ ထောင်တာတွင် အမှတ်ထုတ်သည်။

ပူအိုက်သော ရာသီဥတုက ခန္ဓာကို အငွေ့ပျံနေစေသည်။

www.burmeseclassic.com

www.burmeseclassic.com



‘ခင်မင်မှုအထိမ်းအမှတ်နဲ့ တစ်ခုခု ကျွေးပါရစေ ယူ’

‘ဟာ....မဟုတ်တာ’

သူမ မျက်နှာလေး ကွက်ခနဲပျက်၏။ ဖြေရှင်းဖို့ အလျင်အမြန် လက်ကို ကြာလိုက်သည်။

သူမ ဦးခေါင်းပြုံးကာ....

‘မငြင်းကောင်းဘူးလေ ဘုန်းနိုင်မြင့်’

‘မဟုတ်ဘူးလေ၊ ယောကျ်ားလေးနဲ့ မိန်းကလေးမှာ ဘယ်လိုအခြေအနေမျိုးနဲ့ပဲ မိတ်ဆွေဖြစ်ဖြစ် ယောကျ်ားလေးကသာ ကျွေးရတာ ထုံးစံမို့ပါ၊ မိန်းကလေးဆိုတာ စားဖော်ရတာပဲ ကျေးဇူးတင်ရဦးမှာ’

‘ခြော်...တို့က မိန်းကလေးဖြစ်နေတယ်ဆိုတဲ့ တစ်ချက်တည်းနဲ့ စားရမယ့်ဘက်ကို ရောက်သွားရသလား၊ မဖြစ်သင့်ဘူး၊ ကြန့်ကွက်တယ်’

‘ဒါ ထုံးစံပဲလေ’

‘ထုံးစံက ထုံးစံပဲ၊ တို့က တို့ပဲ၊ ဘာဆိုင်လဲ၊ ယူ ကျွေးတာ တို့ မစားနိုင်ပါဘူး’

သူ ခပ်စိမ်းစိမ်း ရယ်ပစ်လိုက်သည်။

ကူးကူးနှင့် သူမ၏ အမှတ်စာရင်း စာရွက်တို့ကို ထက်ခြမ်းခေါက်ရင်း သစ်သားတန်းနံရံကို မှီသည်။

‘ကျေပြီပေါ့၊ မင်းကျွေးတာလဲ တို့ ဘယ်လိုစားမလဲ၊ ကိုယ်ကတောင် ပိုဦးမယ်’

‘ဟော....ကြည့်ပါလား၊ နှာခေါင်းတစ်လုံး ပိုရှုံ့ချင်သေးတယ်’



ပြိုင်တူလို ခြေလှမ်းတွေ ရွေ့နေတာ သတိထားမိသည်။ သည်ရိုးထဲက ထွက်သွားဖို့ကိုတော့ ဆန္ဒချင်းတူကြ၏။

ရွေ့တာနေ စက္ကူလေးလို လွင့်ခနဲ ဆင်းသွားတော့ နူတ်မဆက်ဘဲ ကျန်ရစ်ဖို့ ကျေနပ်လိုက်သည်။

နှစ်ကြိမ်တိတိ တိုက်ဆိုင်စွာ ကြုံသည့်အတွက် မိတ်ဆွေတစ်ဦးအဖြစ်တော့ ပိပြင်ခဲ့ပြီ ဖြစ်သည်။

‘လာလေ၊ တို့ကားနဲ့ လိုက်ခဲ့’

‘ဘယ်ကိုလဲ’

‘စားသောက်ဆိုင် တစ်ခုခုကိုလေ’

‘ခင်ဗျားနဲ့ ကျွန်တော် အပေးအယူမှမတည့်ဘဲ၊ [illegible]ယ်လို လိုက်လို့ဖြစ်မလဲ’

‘သိပ်ဖြစ်တာပေါ့၊ ဒီမှာ ကြည့်ဦး’

သူမ လက်ထဲမှာ အမှတ်စာရင်း စာရွက်ကလေး တင်ခဲ...

‘ယူ မလိုက်ချင်ရင် ဒါလေး ပေးလိုက်လေ’

‘ဟာ....ကျွန်တော့်ဆီက ဘယ်လိုလုပ် ရောက်သွား[illegible]’

သူ့မှာ တစ်ရွက်ပဲ ရှိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုမဲပေါ့၊ ကဲ ဘယ်လိုလဲ၊ ရုံးပေါ်တက်ပြီး စာရွက်ပျောက်သွားပါတယ်လို့ အရစ်ရှည်လိုက်ပြီး တောင်းမလား၊ ထိုနည်း လိုက်မလား'

စိတ်ပျက်ယွင်းစွာ ရယ်မိပြန်သည်။ သူမက ကားထဲမှ ခေါင်းပြူ၍ တံခါးလှမ်းဖွင့်ရင်း ခပ်မော့မော့ ကြည့်နေသည်။

'သိပ် သဒ္ဓါနေရင်လဲ လိုက်စားရတာပေါ့ခလေ၊ ကျွန်တော့်မှာ အားဝါပါတယ်၊ ရှေ့က သွားနှင့်လေ'

'ယုံရမှာလား'

'ယောကျ်ားပါဗျာ'

ဒီတစ်ခါတော့ စကားကို သူအလျင် စဖြတ်သည်။ ခစ်... ခစ်...ဟု သူမရယ်သံ ကြားလိုက်ရသလား မသေချာ၊ လမ်းမကို ခပ်သွက်သွက်ဖြတ်ကူးပြီး ကားကိုထွက်သည်။

'တခြားဝင်မနေနဲ့နော် ဘုန်းနိုင်၊ ငါ အမှတ်သိချင်လှပြီ၊ ဒါမှမဟုတ်လဲ ဖုန်းဆက်ချင်ဆက်လိုက် သိလား'

နေပူသည်ဆိုတာ မသိုက်လာဘဲ အမှာတော်ပါးလိုက်သော ကူးကူစကားသံ။ ဘယ်တတ်နိုင်မလဲ အိမ်ရောက်တော့မှ နည်းနည်းပါးပါး ချော့လိုက်ရုံပေါ့။ ခပ်မြန်မြန် သိရလို့လည်း အမှတ်ကပိုတိုးလာမှာမှ မဟုတ်တာ။

သူမ၏ တစ်ကကြီး လေးထောင်ကျော်နောက်ကို ဘီးလိမ့်ပြီး ဖြစ်နေပြီ။ ရှေ့နံမှူးပေါ်ဝဲကျလျက် အနောက်တွင် တို့ကပ်နေအောင်ညှပ်ထားသော လှိုင်းတွန့်ဆံပင်တို့ကို မှန်မှတစ်ဆင့်ကြည့်ကာ အဆင့်ဆောင်ထားသောဘီးဖြင့် ဖြီးသင်



လိုက်သည်။ မျက်နှာမှာ ဝက်ခြံဖုယယ်လေးမျှားအတွက်တော့ ဘာမှ မတတ်နိုင်တော့။

စတီယာရင်ကိုထိန်းရင်း ဒက်ချ်ဘုတ်ရှိ အမှတ်စာရွက်ကို ဖြန့်လိုက်သည်။ မျိုးဝင့်မေရှေ့မှာမို့ အခေသအချာ မကြည့်ဖြစ်သော အမှတ်တို့ကို ခုမှ အတိုးနှင့်ကြည့်ရမည်။

ဒီတော့မှ သူမယူသွားသောစာရွက်သည် သူ့စာရွက်လား၊ ကူးကူစာရွက်လားဟု သိချင်လာ၏။ အမည်နေရာတွင် ကွဲပြားသော မင်ရောင်ပြာဖြင့် ရေးထိုးထားသည့် ခတန်းလေးတို့ကို ဖတ်မိသောအခါ ထိုအတွက်အဖြေသည် ထင်ရှားသွားပြီဖြစ်သည်။

မျိုးဝင့်မေက ကူးကူစာရွက်ဖြင့် သူ့ကို အပါခေါ်ခဲ့လေပြီ။

www.burmeseclassic.com

## (၅)

'လုပ်ချလိုက်ပြန်ပြီ၊ ညီညီ မင်း ဒီလိုကန်နေပုံမျိုးနဲ့ ကူးကူးကို တတိယအကြိမ်မြောက် ရှုံးသွားမယ် သိလား'

'ဘုန်းနိုင်နော် နင် လုံးဝမမိုက်ဘူး၊ ဝင်မပြောနဲ့၊ ညီညီသူ့ဘာသူ တန်ပါစေလား၊ အဲ...အဲ လာပြီ'

ကူးကူး၏ ရှင်မြူးမြူးအသံကြောင့် ဘုန်းနိုင်မြင့်မျက်နှာ ရှုံ့မဲ့သွားသည်။ ဘောလုံးကို အမိအရလိုက်ဖမ်းသော်လည်း မရ၊ သစ်သားတန်းလုံးကာ ဝင်ကန်ပေးချင်လှသည်။

'ဟာကွာ'

'ဟေး...ဂိုးပြီကွ၊ ဟား...ဟား နင် ဒီနေ့ငတ်ပြီ၊ ဘုန်းခိုင်နင့်ကျောက်ကျောတစ်ပန်းကန်လုံး ငါ့အကွက်ဖြစ်သွားပြီ သိလား'



'အံမာ....ဘာမှမြူးမနေနဲ့ ကူးကူး၊ နင့်ကျောက်ကျောတွေအားလုံး ငါ့လွက်ထဲရောက်အောင် ကစားလိုက်မှာကွ၊ ဘုရားသာ တ,နေ'

'ညီဘက်က သူလိုက်ပြောတော့ ကူးကူး မျက်စောင်းချိတ်သည်။

'တီ....တီ....တီ'

ကစားရန် စိတ်စောစွာ ညီညီ့နေရာတွင် ဝင်ထိုင်လိုက်သည်။တာလွှတ်သော ကော်ဘောလုံးပန်းရောင်လေးကို အရုပ်တလေးများဖြင့်ကန်နေစဉ် ဘုန်းခိုင် ၏ ဖုန်းသွားကိုင်သည်။

'ကိုကို့ဖုန်း ဘယ်တုန်းကစ ထ[illegible]းလဲ မသိဘူး၊ ကောင်မလေးတစ်ယောက်'

ကူးကူးက ဖျတ်ခနဲ လှမ်းကြည့်သည်။ ညီညီ့ကို လက်သီးထောင်ပြလိုက်၏။ စိတ်ကလည်း ဘာကြောင့်မှန်း မသိစွာ ရုတ်ခြည်းတိုသွားသည်။ လက်ဖြင့်အုပ်ပြီးမှ ပြောသော်လည်း တစ်ဖက်သားအား မျက်နှာပူရသည်။

'မင်း အလုပ်လား ကြားသွားမယ်၊ ဘယ်သူမှန်း မသိဘဲနဲ့'

စကားပြောခွက်ကို ယူလိုက်သောအခါ ကြားလိုက်ရသောအသံကြောင့် ခန္ဓာကို ညွှတ်ခန်းအား နောက်ခိုင်းသည်။

စောစောက ဆူညံနေခဲ့သော်လည်း ရုတ်တရက် [illegible] နေခြင်းက သူ့စကားသံတို့ကို စိတ်ဝင်တစား နား[illegible]ကြမှန်း သိသာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဆီသို့ အာရုံပြောင်းပေးနိုင်ခဲ့သဖြင့် သူတို့အား စိတ်မတိုဖြစ်တော့။

တေးဂီတသံတစ်ခုကဲ့သို့ စိတ်အာရုံကို လှည့်ပြောင်းနိုင်သောအရာမှာ မျိုးဝင့်မေ၏ စကားသံ ဖြစ်သည်။ ဒါမှမဟုတ် အံ့ဩထူးဆန်းဖွယ်ကောင်းလွန်းစွာ တစ်ဖက်မှ စတင်ဆက်သွယ်လာခြင်းကြောင့်လား။

'အံ့ဩသွားလား'

'အဲဒီလိုလဲ မဟုတ်ပါဘူး၊ မျှော်လင့်မထားတာတော့ အမှန်ပဲ'

သူ့စိတ်တွင်းကို ဝင်ကြည့်သည့်ပမာ သူမ ပြောသည်။ ထပ်ဆင့်အံ့ဩစိတ်ကို မျိုသိပ်၍ မုသားလဲလွတ် လက်ဘလဲချောအောင် ဆင်ငှေ့ရန်ရှောင် တုံ့ပြန်ဖြစ်လည်း။ သဘောတကျရယ်သံကို ကြားရ၏။

'တို့လဲ မထင်မှတ်ဘဲ ဆက်လိုက်မိတယ်၊ သတိတရ ဆက်ဖြစ်တာပါ၊ ဘာလုပ်နေလဲ'

'ဘောလုံးကန်နေတယ်'

'ဘောလုံးကန်နေတယ် ဟုတ်လား၊ အံ့သကြ စတော်တော်ငယ်သေးတာပဲနော်'



သူမ၏လှောင်သံကို သူလည်း မခံနိုင်ပါ။ မျက်လုံးလေးတွေ ဝိုင်းလျက်ရှိနေသော ကူးကူးဟိုနှစ်ယောက်ကို မျက်မှောင်ကြုတ်ပြလိုက်ရင်း...

'အရုပ်တန်းနဲ့ဘော်လုံးပါ၊ ဦးနှောက်နဲ့လက်နဲ့ ကန်တယ်ဆိုပါတော့'

ကူးကူက ဆက်ကြည့်မနေတော့ဘဲ အုန်းခိုင်တင့်ကို လှည့်ကြည့်ကာ ဘောလုံးပွဲကို စတင်လေသည်။ သူ အနေမကျပ်တော့။ လွတ်လပ်ပေါ့ပါးသွား၏။

'ဒါဆိုလဲ အချင်းပြေ တို့နဲ့ ဈေးယာဉ်ကွင်းကို ခေါ်လိုက်ခဲ့ပေးပါလား'

'ကိုယ်ပျင်းနေတယ်လို့ မင်းကို ဘယ်သူပြောလဲ'

'အားလို့ ပျင်းလို့ ဆော့နေတာပေါ့၊ မိတ်ဆွေတစ်ယောက်ကို ကူညီတဲ့အလုပ်က ပိုတန်ဖိုးကြီးတယ်နော်ဘုန်းနိုင်'

'ဘာကိစ္စလဲကွာ'

လိုက်တော့ လိုက်ပေးချင်သည်။ ဘောလုံးကန်လိုက်၊ စာဖတ်လိုက်၊ သီချင်းနားထောင်လိုက်နှင့် နွေရာသီရက်များက ငြီးငွေ့ဖွယ် ကောင်းလှသည်။ ကူးကူသာမရှိလျှင် ဒီထက်မက စောစီးစွာ ထွက်ပေါက်ရှာမိမည်။

နောက်တစ်ချက်ကတော့ တမ်သမတ်တည်း သွားနေသော ဘဝအစီအစဉ်အပိုင်း ဆယ်စုခွဲတွင် အိပ်မက်တစ်ခုလောက်တော့ မက်ဖူးသင့်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



'ကိုငှက်အတော့ အိမ်ကခိုင်းတဲ့ ကိစ္စတစ်ခုပေါ့၊ ဒါပေမယ့် ကိုအတွက် အဖော်တစ်ယောက်တော့ပါမှ ဖြစ်မယ်၊ အခွင့်အရေးက ဒါနောက်ဆုံးပဲ၊ ယူ မအားရင်လဲ တိုက်ကုသိုလ်ပေါ့'

'ဒီလောက်ဆို ယုံကြည်လိုက်ပါပြီ၊ လမ်းထိပ် လက်ဖက်ရည်ဆိုင်ရှေ့က စောင့်နေလေ၊ ဓမ်းဘိုင်ဝမ်းကို သိတယ် မဟုတ်လား၊ ကိုယ် အဲဒီမှာ ထိုင်နေမယ်၊ အိုကေနော်'

စကားပြောသံ တင်လိုက်သည်။ ကူးကူက လျင်မြန်စွာ လှည့်ကြည့်ကာ နှုတ်ခမ်းလေးဟသည်။ တစ်စုံတစ်ခုမေးလျှင် ထိုအမေးစကားအတွက် အဖြေ အဆင်သင့်ရှိသည်။ သို့သော် ချက်ချင်းပင် ခေါင်းငုံ့သွား၏။

'နှစ်တို့ပဲ ကစားတော့ကွာ၊ ငါ အပြင်ခဏသွားဦးမယ်'

'ဘယ်လဲကိုကို'

'သူငယ်ချင်းတစ်ယောက်က အကူအညီတောင်းလို့ ညီ'

'ဟာ...မသွားရပါဘူး၊ ဒီမှာ ကျွန်တော်တို့နဲ့ ကစားနေတာ'

ညီက ထုံးစံအတိုင်း သူ့အပေါ် ဆိုးဆိုးနွဲ့နွဲ့ တားမြစ်သည်။ ခါတိုင်းလိုပင် မရယ်ပြုံးဖြစ်။ စိတ်လျှော့လိုက်ကာ...

'မဆိုးစင်းမီ(?)နဲ့ကွာ၊ ဟမ်ဘာဂါဝယ်ခဲ့ပေးမယ် ဟုတ်ပြီလား'

'မမကူးကူရော ဘာစားမှာလဲ မှာလိုက်လေ'

'တော်ပါပြီ ဘုန်းခိုင်ရယ်၊ နှင့်အစ်ကို နှာတင်းနေပါ့မယ်၊ သွားပါစေတော့'



'ကောင်းတယ်...ကောင်းတယ်၊ သွား...သွား ကိုကို့အစား ညီပဲ ဆော့တော့မယ်နော်၊ မမကူးကူ'

လှေကားထစ်များနှင်းကာ အိပ်ခန်းသို့ ရောက်သည်။ အမန်းတာတန်း ရေချိုးအဝတ်လဲ၏။ ဖေဖေက ထုံးစံအတိုင်း သူ့ရုံးခန်းမှာဖြစ်ပြီး မေမေကတော့ အလျှဉ်းသင့်စွာ ဈေးသွားနေချိန် ဖြစ်သည်။

ပြန်လာမှ မေမေ့ကို ရှင်းလိုက်မည်။

ကားထဲ ဝင်ထိုင်ပြီးကတည်းက ပြောင်းလဲနေခြင်းများကို သတိပြုမိသည်။ နောက်ဆုံးတစ်ကြိမ် တွေ့ရသည်နှင့်မတူဘဲ များစွာ ခြားနားနေပြန်သည်။ ဖြောင့်စင်းသော ဆံပင်ဖျော့များကို ပိုင်ဆိုင်ရင်းရှိခဲ့သော်လည်း ထိုအုပ်အုပ်ကလေး တိုတိုရှိ ဆံပင်များအစား အခွေအလိပ်များဖြင့် ခပ်ကွေးကွေး ညှတ်ကျနေ၏။ ဆံပင်ကြိုးက ခေါ်ပေါ်ကော်သီးအကောင်းစား နားကွင်းနှင့် ဆင်တူသည်။

www.burmeseclassic.com



ဒိုးဆားချား အုံ့ဆိုင်းနေချိန်တွင် နေရောင်ခြည်ကို မြင်တွေ့ရသည့်ပမာ လိမ္မော်နီရောင် အထက်အောက်ဆင်တူဖြစ်ပြီး မှော်ဆွယ်လှအောင်းသည်။

တခါက်အကြည့်သာဖြစ်သော်လည်း လွင့်ခန် ငေးမှောမိသည်။ အစရှိကို ဖမ်းစားနိုင်ခြင်းတော့ ငြင်းမရ။ နှုတ်ခမ်းတွေ ပြုံးလျက် ငြိမ်နေတော့ မနေတတ်သလို ဖြစ်ရသည်။ မင်း သိပ်လှတယ်လို့ ပွင့်ပွင့်လင်းလင်း ဝန်ခံချင်လိုက်တာ။ ဘာကြောင့်မှန်း မသိကွဲ့။ ရင်တွေ တဒိန်းဒိန်း ခုန်နေပြန်သည်။

'မဆိုးဘူးနော်၊ ခေါ်လိုလဲရသားပဲ'

ဘာစကားလဲ၊ ဘာပြန်ပြောရမှန်း မသိ။ အဲဒီလို ခဏခဏ ဘာလို့ ပြောတတ်နေရသလဲ။ သို့သော် မေးချင်တာနှင့် ဆန့်ကျင့်စွာ။

'အချင်းချင်းတွေပဲ ကူညီရမှာပေါ့'

တကူးတက အကူအညီတောင်းခံလာသည့် အရင်းအနှီးကို တွေးမိခြင်းကြောင့်လည်း ဖြစ်နိုင်သည်။

'စေတနာကောင်းမှန်း သိပါတယ်နော်'

'စတွေ့ရုက်ပြီးကတည်းကလား'

'ဟင့်အင်း... မြင်မြင်ချင်းက'

'လူကဲခတ်တော်လိုက်တာ၊ မပိုလွန်းဘူးလား'

'လိုတောင် လိုနေပါသေးတယ်'

ရယ်မိကြသည်။ မြေနီကုန်းမီးပွိုင့်နီကြောင့် တားအရှိန်နှေးလာ၏။ ညနေခင်းဈေးသည်တွေ လှုပ်ရှားနေသည်။



'ယောက်ျားလေး သူငယ်ချင်းတွေ သိပ်မှားတယ် ထင်တယ်နော်'

'ဟင်....ဘာလို့'

ဘာဆိုင်လို့လဲ။ ဘာဆိုင်လို့ မေးမိပါလိမ့်။ စိတ်ဖြင့်မေးခွန်းထုတ်ရင်း အဖြေမရှိသောအခါ လှောင်ပြုံးလေး ပြုံးဖြစ်သည်။ ဒီကိစ္စကို ဆက်မစဉ်းစားအားတော့။

'စီနီယာနံပါတ် ရွေးရတယ်ဆိုတာလေ၊ ကိုယ်က နောက်ဆုံးပဲဆိုတာလေ'

တကယ်လည်း ကိုယ်က နောက်ဆုံးဖြစ်ချင်သည်။

ပြောမထွက်ဖြစ်သောစကား။

'ဟုတ်တယ်၊ တစ်ရက်တစ်ယောက်နှုန်းပေါ့'

'ဒီပုံအတိုင်းဆို မလွယ်ဘူး'

သူမနှင့်အတူ ယှဉ်တွဲနေရခြင်းသည် တအံ့တသြဖြစ်လောက်အောင် ပေါ့ပါးလွတ်လပ်နေသည်။ လေနှင့်အတူ ရှပ်တိုက်နေရသည်နှင့် တူ၏။ ပြီးတော့ အရာရာကို ပိုင်စိုးခြင်းလည်း ရည်ပြန်သည်။

"မော်ဒန်" အနုပညာ ထုတ်လုပ်ရေး

www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်ချိန်မှာ မေမေနှင့်ဖေဖေတို့ သူ့ကို ဘာမှ မမေး။ သာမန်အတိုင်းသာ။ ယောကျ်ားလေးသူငယ်ချင်းတစ်ယောက် ယောက်ဖြင့် ပါသွားသည် ထင်ဟန်ရှိသည်။

တဖြည်းဖြည်း ကျဆင်းမှောင်နက်လာသော ညသည် လွမ်းဆွတ်ဖွယ် အတိပြီးနေသည်။ သိပ်သည်းစွာ တောင့်တခြင်းဖြင့် မွန်းကျပ်နေ၏။ မိုးစက်တို့ ကြွေသံအား တဖြောက်ဖြောက်နှင့် ရှိသည်။ အမှောင်ထုသည် လန်းဆန်းနူးညံ့စွာ။

အဖော်မဲ့စွာ တစ်ဦးတည်း နှစ်ခြိုက်နေရင်းက အထီးကျန်မှုကြောင့် နှလုံးသားမှာ တုန်လှုပ်သည်။ သူပိုင်ဆိုင်သော အချိန်ကာလတို့သည် ကြာမြင့်သည်နှင့်အမျှ ဟောင်းနွမ်း ညှိုးရော်လာပါရော့လား။

အချိန်တွေ အစဉ်အမြဲသစ်လွင်တောက်ပနေအောင် ဘယ်လိုအရာနဲ့ ကုစားရမလဲ။ အချိန်တိုင်း အချိန်တိုင်းကို နှစ်သက်မက်မောနေရအောင် ဘယ်လိုအရာနဲ့ ပြောင်းလဲရမလဲ။ ရွှန်းတင့်တဲ့ လဝန်းစက်ရဲ့ အနှစ်သာရကို မြင်တတ် ကြည့်တတ်အောင် ဘယ်လိုအနေအထားနဲ့ ရပ်တည်ရမလဲ။

စဉ်းငယ်သော ကောင်းကင်အလင်းဖြင့် သူ့ကိုယ်ပွားတစ်ခုကို မြင်ရသည်က အသည်းငယ်စရာကောင်းလှသည်။ တည်ရှိနေရခြင်းအတွက် နှစ်လိုချိန်၊ တစ်ပြိုင်တည်းမှာပင် စက်ဆုပ်သိမ်ငယ်နေသည်။



တကယ်တော့ သူ့အတွက် အလိုအပ်ဆုံးသောအရာကို သူ ရှာဖွေတွေ့ရှိခဲ့ပါပြီ။ ထိုအရာသည်...

သူနှင့် လုံးဝဆန့်ကျင်သော သူ့ကိုယ်ပွားတစ်ခုပဲပေါ့။

သူမသည်....။

www.burmeseclassic.com

www.burmeseclassic.com

## (၆)

အပ်နှစ်ချောင်းဖြင့် ဆွယ်တာကော်လစ ထိုးနေရာမှ ပြတင်းကို ကျော်ပြီး ငေးခဲ့သည်။ တဝုန်းဝုန်း၊ တဒိုင်းဒိုင်း ကျဆင်းနေသော ကောင်းကင်မှ ပုလဲသီးတို့အား ရက်ရောစွာ တွေ့ရသည်။

မိုးကဲ့သို့ အေးချမ်းဖြူစင်လှသည့် မျက်နှာပိုင်ရှင်ကလေးကို သတိရသည်။ ရင်မှာ ဆွတ်ကျင်နေတာ သိသည်။ သူ့အိမ်သို့ ဖုန်းဆက်ချင်နေသဖြင့် လက်တွေ အလုပ်ပေးထားရသည်။

'ညီမလေးရေ ကူးကူး၊ မမကို ခရမ်းချဉ်သီး လာလှီးပေးပါကွာ'

မျက်နှာကို ရှုံ့မဲ့လိုက်သည်။ မမ လက်ဖက်သုပ်နေမှန်းကို ရနံ့ဖြင့် သိ၏။ ခရမ်းချဉ်သီး နည်းနည်းလေးပဲ လှီးရမည်မှန်း သိသော်လည်း ခန္ဓာကိုယ် တစ်ရွေ့သာမျှ လှုပ်ချင်စိတ် မရှိ။



စိတ်ညစ်နေတယ်ဆိုတာထက် စိတ်မကောင်း ဖြစ်နေတာဆိုလျှင် ပို၍မှန်လိမ့်မည်။

'မိုး ဆွယ်တာထိုးနေလို့ မမပဲ လှီးလိုက်နော်'

ရှိုစုမဲ့စု အင်အားကိုထုတ်ပြီး ခပ်ညစ်ညစ် အော်ပစ်လိုက်သည်။ ဟုတ်လား၊ အေး အေး ဆိုသံကိုပါ တစ်ဆက်တည်း ကြားရ၏။ အိမ်မှာ သူမက အငယ်ဆုံးမို့ အဆိုးဆုံးဟု သတ်မှတ်ကြသည်။ မလုပ်ချင်လျှင် ဘယ်အရာကိုမှ အတင်းအကျပ်လုပ်ခိုင်းလို့ မရ။ ငိုင်နေလျှင် တစ်ယောက်ပြီး တစ်ယောက်လာမေးမဆုံးတော့။ ဆေးတိုက် ဆေးခန်းပြ၍ မဆုံးတော့။ တစ်အိမ်လုံး ပူပင်လှုပ်ရှားသွားအောင် သူမ၏မျက်နှာ အညိုးအငယ်က အစွမ်းမြင့်မားသည်။

အခုလည်း နှစ်ချောင်းထိုးအပ်ကိုင်ထား ဧ ခန့်မိခြင်းသာ။ အိပ်ခန်းတွင်း အကြာကြီး ပုန်းနေလျှင် မေ [illegible] မမက ဘာဖြစ်သလဲ မေးမည်ကို သိသည်။ ဧည့်ခန်းမှာ ကြာကြာကြီး ထိုင်ထားငိုင်နေလို့လည်း မဖြစ်။ နေ့ခက်ဆုံးတော့ စိတ်တည်ငြိမ်အောင် ရည်ရွယ်ထား အပ်တစ်စုံနှင့် ချည်စတွေ ယူလာခြင်းပင်။

'ဟေး... ကူးကူး'

ဘုန်းနိုင် ခေါ်သံကို ကြားယောင်သည်။ သူခေါ်လျှင် အခြား ဘယ်သူနဲ့မှမတူဘဲ ကူးနှင့်ကူး ကြားမှာ အသံရှည်ကြီး ဆွဲလို့၊ ခိုငယ်တစ်ကောင်၏ အသံစဉ်အတိုင်း။

ငယ်စဉ်ကတည်းက လည်း ပင်း ဖက် ကြီးလာသူချင်းမို့ ရန်ဖြစ်ဖော် ရန်ဖြစ်ဖက်၊ ပျော်ဖော် ပျော်ဖက်၊ စားဖော်စားဖက်၊ မောင်နှမရင်းချာတွေလို။ ကမ္ဘာတစ်ခုလုံးက သိကြ

www.burmeseclassic.com

www.burmeseclassic.com



[illegible] မသိသူက ဘုန်းနိုင် တစ်ယောက်တည်း ဖြစ်မယ် ထင်[illegible] မသိတာထက် မသိချင်ယောင်ဆောင်၊ မေ့လျော့ချင်[illegible]ယောင် ဆောင်တာလေ။ ပြီးခဲ့တဲ့ ငါးရက်တိတိ၊ တစ်နေ့သော အချိန်အထိ ဘုန်းနိုင်တစ်ယောက်သည် သူမ အပေါ်အဝင် ဘယ်မိန်းကလေးကိုမှ စိတ်ဝင်တစား မရှိသေးဘူး ထင်ခဲ့သည်။

ဖုန်းပြောသံတွေ အားလုံးကို လတ်ဆတ်စွာ ကြားနေရသည့် အချိန်မှာ ထိုအထင် လုံးဝ လွဲမှားနေကြောင်း သိရတော့၏။ ဝမ်းနည်းသည်။

ဟေး.... ကူးကူး၊ တံခါးဖွင့်ပေးလေ၊ ဒီမှာ မိုးရေတွေ စိုကုန်ပြီ၊ ဟာ.... သေတော့မှာပဲ’

‘ဟင်.... နင်ရောက်နေတယ်လား၊ ငါ မသိလို့ ဆောရီး’

‘ခေါ်နေတာ အခွန်းတစ်ရာ မကတော့ဘူး၊ ထိုင်ရက်ကြီး သေနေတာကျနေတာပဲ’

ငါ့စိတ်နဲ့ အသိတရားတွေကို လွှမ်းမိုးသွားစေတဲ့တရားခံက ဘယ်သူလဲလို့ နင် မသိချင်ဘူးလား ဘုန်းနိုင်ရယ်။ သိရင် နင် ဒီလို ပြောရက်မယ် မထင်ဘူး။

ဘာဂျာတံခါးကို ခပ်သွက်သွက် သော့ဖွင့်လျက် ဟိုဘက်သည်ဘက် ဆွဲတွန်းလိုက်သည်။ သူက ချိုင့်ကြီးတစ်လုံးကို ထိုးပေးသည်။ မျက်လုံးတို့က အလိုမကျစွာ ကြည့်လျက်....

‘ဘာတွေလဲ’

‘အုန်းထမင်းနဲ့ ကြက်ဆီချက်၊ မိုးတွေ သိပ်ရွာနေလို့ ဖုန်းမဆက်တော့ဘဲ လာပို့လိုက်တာ’

‘ဟင်.... ထမင်းစားပြီးမှ လာပို့တယ်’



‘ညနေစာ ရှိသေးတာ နင် မေ့နေပြီလား၊ ကြောင်လိုက်တာ’

‘ညနေ ငါ ထမင်း မစားဘူး’

‘ဘာလဲ ဥပုသ်လား၊ လာလုပ် မနေနဲ့၊ ဥပုသ် ဗန်းပြပြီး ဟင်းခိုးစားနေတဲ့ ကောင်မလေး’

‘ဟင်.... ဘာ.... ဘာပြောတယ်’

လက်ရွယ်ပြီး တဖျတ်ဖျတ်နှင့် ရိုက်ချလိုက်သည်။ ဘုန်းနိုင်မြင့်က လွတ်အောင် တိမ်းရှောင်ကာ တဟားဟား ရယ်နေသလောက် ကူးကူးသည် ဒေါသဖြင့် ခုန်ပေါက်နေတော့သည်။

‘နင့်ကို ပြောစရာရှိတယ် သိလား’

နှင်းဆီပင်များအနီးမှာ ပြောသည်။ ရင်မှာ လှိုက်ခနဲ ဖြစ်သွားပြီး ဖျတ်ခနဲ မော့ကြည့်သည်။ ဘာမှမရှိသည့် ရှေ့တူရူသို့ ပြုံးလျက်ကြည့်နေသော ဘုန်းနိုင်မြင့် မျက်နှာက မြတ်နိုးဖွယ်ကောင်းလှသည်။

သူ ဘာများပြောလေမလဲ သိချင်စိတ်ဖြင့် နားစွင့်သည်။ လွဲဒန်းရှိရာသို့ ယှဉ်လျှောက်လာပြီး ဘုန်းနိုင်မြင့်အော့ ထိုင်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ညနေခင်းကျ နေနီနီကို ခပ်ဝေးဝေးမှာ တွေ့ရ၏။ မိုးရွာပြီးစအချိန်မို့ အေးချမ်းလျက်ရှိသည်။

သွက်လက်လွန်းသော နှုတ်ခမ်း၊ အမူအရာတို့ ဘယ်ဆီလွင့်နေသည်မသိ။ ရင်ထဲမှာ ထင်ရှားလွန်းသဖြင့် ငြိမ်နေရသည်။

တစ်ခါတစ်ခါ ဘုန်းနိုင်မြင့် အိမ်လာပြီဆို အကြွားကြီး။ သူမ သူတို့အိမ်မှာ ဆော့ချင်လည်း ဆော့နေတတ်တာ အကြွားကြီး။ အဲဒါကို ဘယ်ဖေဖေ မေမေမှ မပြောတာ ဘာလို့ပါလိမ့်။ သူငယ်ချင်းတွေ မကြွားတကြွား ပြောတတ်တာက တော့ နင်ကြီးလာရင် ဘုန်းနိုင်မြင့်နဲ့ လက်ထပ်မှာလားတဲ့။ သိဘူးလေဟု သူမပြန်ပြောသော့ ပြုံးစိစိလေးတွေ ပြန်ကြည့်တတ်ကြတယ်။ ထိုအချိန်မှာ ရှက်လွန်းစွာ ဖခါင်းငုံ့နေမိတတ် ပေမယ့် ဘုန်းနိုင်မြင့်နှင့် ခပ်ခွာခွာ ခပ်ကင်းကင်း မနေဖြစ်ခဲ့။ ပြောချင်လည်း ပြောကြပစေလေ။

'မသိဘဲနဲ့ ဘာလို့ ဒီလိုနေရသလဲ'လို့ အခင်ဆုံး သူငယ် ချင်းမတစ်ယောက် မေးတုန်းကတော့ 'ငါတို့ ငယ်ငယ်တည်းက ဒီလိုပဲ နေလာကြတာပဲ'ဟု ပြန်ပြောဖြစ်သည်။ အဲဒီတော့ သူမက 'အဲဒါဆိုရင်တော့ သေချာတယ်'တဲ့လေ၊ ဘာသေချာ တာလဲဟု ပြန်မေးဖြစ်တော့။

ရွှေဝါရောင်ဝင်းနေသော ဘုန်းနိုင်မြင့် လက်ဖျံ မွေးညင်း များဆီ အကြည့်တို့ရောက်သည်။ ချည်ချောပုဆိုး နီညိုရောင် လေးနှင့် သူ့အသားမှာ လိုက်ဖက်နေ၏။ ဂျင်းအင်္ကျီထူထူကို လက်ခေါက်တင်ထားခြင်းဖြင့် သူမ၏အကြည့်တို့ကို ရပ်တန့်စေ သည်။



'ပြောလေ…ဘာပြောမှာလဲ'

'အေး ပြောမယ်၊ ဖြည်းဖြည်းပေါ့'

ပြီးတော့ တစ်ချက်ရယ်သည်။ ဘာစကားလဲဟု အမူအရာ ကိုကြည့်ပြီး ဝေခွဲမရ။ တမ်းတမျှော်လင့်မိသလို သံယောဇဉ် စကားတွေများ ပြောလာလေမလားဟု တွေးမိပြီး ရင်ခွင်ကို တည်တံ့အောင် သတိထားသည်။ မဒြိုလာခဲ့ခင်ဆေ…

'မပြောတော့ပါဘူးဟာ'

'ဟင်….ဘာဖြစ်လို့လဲ၊ ပြောမယ်လို့ ခေါ်လာပြီးမှ မပြော တော့ဘူးဆိုတာ ဘာကြီးလဲ၊ ပြောဟာ'

'နင်ကြွားရင် ရယ်နေမှာစိုးလို့၊ ဒါပေမယ့် ခုချိန်မှာပြော လဲ အရမ်း ပြောပြချင်နေတယ်'

'ပြောပါ….ဘာပဲဖြစ်ဖြစ်ပေါ့၊ နင်နဲ့ငါနဲ့က မောင်နှမဆိုလဲ ဟုတ်တယ်၊ သူငယ်ချင်းဆိုလဲ ဟုတ်တာပဲ၊ စိတ်ညစ်တာပဲ ဖြစ်ဖြစ်, ပျော်စရာပဲဖြစ်ဖြစ် ငါအမြဲသတိနဲ့ရတာပဲ မဟုတ် လား။ ဘယ်တုန်းက နင့်ကို လှောင်ခဲ့ဖူးလို့လဲ'

'အေး…ပြောမယ်ဟာ၊ ငါကောင်မလေး တစ်ယောက်နဲ့ ခင်နေတယ်၊ သူ့နာမည်က မျိုးဝင့်မေတဲ့'

သိစိတ်အလျဉ်နှင့်အကွ သူမပိုင်ဆိုင်ရာ တစ်ကိုယ်လုံး သော ငယ်သိမ်ဖျင်းသွားသည့်ပမာ ခံစားရသည်။ မျက်လုံးတွေ ပြာ ဝေသွားပြီး သံတန်းကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်၏။ အလိုက်သင့်လှဲနေမိသော ခြေထောက်တွေ ရှုံ့ကြွသွားရုပ်တန့်ခဲ့ သည်။

www.burmeseclassic.com



'ခင်တာများ ဘာအရေးလဲ ဘုန်းနိုင်ရာ'

'အေး….ခင်တာလေးနဲ့တော့ နင့်ကို တကူးတက ပြောမလား၊ နားထောင်'

တခြားကမ္ဘာသို့ လွင့်စဉ်ထွက်ပြေးသွားသည့် ဆင်ခြင်တုံတရားတို့အား ပြန်ဆွဲယူသည်။ စကားတို့က ဝင်တစ်လှည့် လျှိုတစ်လှည့်။ တစ်သက်တာ၏ ဝမ်းအနည်းဆုံး၊ ယူကျုံးမရဆုံး အချိန်ကာလများ။ ဒါပေမယ့် ဘုန်းနိုင်မြင့်နှင့် ပတ်သက်လာတိုင်း အလျှော့ကျယ်စွာတည်ရှိသောစိတ်ဖြင့် လက်ခံနေမိပြန်သည်။ ဘယ်သို့သော မတ်ဆောက်မှုတွေပဲကြုံကြုံ ဘုန်းနိုင်မြင့်အတွက် ထိုင်ဆုံးမှာ အလံတက်လွင့်ရသည်။ ဖြူစင်သော မေတ္တာတွေ အပါအဝင် နီရဲသောမေတ္တာနှင့်ရောပေါ့'

'ငါသူ့ကို ချစ်တယ်လို့ ပြောလိုက်ရမလား။ ဟင်….ကူးကူ'

အသက်တစ်ချက်အောင့်ပြီးမှ လေတွေရှိုက်သွင်းလိုက်သည်။ သူမ၏ ခံစားချက်တို့ကို ဘုန်းနိုင် မသိစေရ။ တည်တံ့သော မျက်နှာဖြင့် နှလုံးသားကို ပြည်ဖုံးကားချနိုင်ရမည်။

'နင်ချစ်ရင် ပြောလိုက်ပေါ့၊ နင်ပြောတဲ့ပုံအတိုင်း ဆိုရင်တော့ သူ ငြင်းမှာမဟုတ်ပါဘူး'

'သေချာလို့လား ကူးကူရယ်၊ စောများနေသေးလားဟာ'



'ဒီထက်ပိုပြီး သေချာချင်ရင် ငါနဲ့ မိတ်ဆက်ပေးလေ၊ ငါ အကဲခတ်ပေးမယ်၊ နင့်ကို ငြင်းမယ်လို့တော့ ငါမထင်ပါဘူး'

'နင်တို့ မိန်းကလေးတွေက သိပ်စောနေရင် အင်တင်တင် လုပ်တတ်ကြတယ် မဟုတ်လား၊ အဲဒီလိုတော့ ငါစိတ်ညစ်တယ်'

'အချစ်မှာ အချိန်ကာလက ပမာဏမကျပါဘူး ဘုန်းနိုင်'

ဘုန်းနိုင်မြင့် တွေသွားသည်။ ပြီးမှ သဘောတကျ ရယ်၏။

'တော်တယ်…. နင် သိပ်တော်တယ်၊ တော်တော်လှတဲ့စကားပဲ၊ ငါမှတ်ထားလိုက်ပြီ'

'မှတ်သားလောက်တဲ့ စကားလုံးဖြစ်လာမှာပေါ့ ဘုန်းနိုင်၊ ငါ့ရင် အသွေးအသားနဲ့လဲလှယ်ပြီး ထွက်လာရတာကိုး'

ထင်မြင်ချက် တောင်းနေသည့်အချိန်မှာ စိတ်ဝင်တစားငေးကြည့်နေသည့် ဘုန်းနိုင်သည် ပန်းရုံများဆီသို့ အကြည့်လွှဲသည်။ သူ့ပုံစံက လွတ်လပ်ပေါ့ပါး၏။ သူမကတော့ အလွန်တင်းကျပ်သော အပီအပြင် ဟန်ဆောင်နေခြင်း ကာလမှ သီသီကလေး လွတ်မြောက်ရသည်။

နင်မသိတဲ့အတွက် ငါ စိတ်မကောင်းပါဘူး ဘုန်းနိုင်၊ ဒါပေမယ့် နင်သိပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ ငါဘယ်တော့မှ မကြိုးစားဘူး။ နောက်ပြီး ဟန်အမူအရာ စကားပြောတဲ့ စကားပြောနည်းတွေနဲ့လည်း နင့်ကို မသိစေရဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒါ ငါ့ရဲ့ ဆုံးဖြတ်ချက်ပဲ။ ချစ်ရင် ချစ်ခြင်းဘာသာစကား ကို ချစ်သူချင်း ပြောတတ်ကြပါတယ်။ ပြောမှသိမယ့် အမျိုး အစားထဲမှာ ချစ်သူ မ ဝင်စေချင်ဘူးကွယ်။

နေရောင်ဝင်သော ပျပျအလင်းရောင်အောက်ဝယ် ငုံဖူး နေကြသည့် သစ္စာပန်းပွင့်တွေ မြင်ယောင်သည်။ နက်ဖြန့်ကာ မှာ ပွင့်ချင်ပွင့်လန်းကြမည်ပေါ့။

(၇)

ဘုန်းနိုင်မြင့်ကို မြတ်နိုးသောချစ်ခြင်းဖြင့် နှစ်နှစ်ကာလ စုံမက်မိနေကြောင်း ကိုယ်တိုင်သိရသည့်နေ့သည် ကိုးတန်းဖွင့် စ,မှာဖြစ်သည်။ မိန်းကလေးတွေ နှုတ်ခမ်းဖျားမှာ ရေပန်း စားလှသူမဟုတ်သော်လည်း တည်တံ့ငြိမ်သက်သော မျက်နှာ နုနုမှာ ထင့်တယ်လှသည်။

အခြားယောကျ်ားလေးတွေအုပ်စုလိုက်ခြင်းခတ်၊ ဘောလုံး ကန်၊ လစ်လျှင်လစ်သလို ချွေးတရွှဲရွှဲဖြစ်အောင် ဆော့တတ် ချိန်မှာတော့ အမြဲသန့်ရှင်းစွာ တွေ့ရသည်က ဘုန်းနိုင်မြင့် တစ်ယောက်သာ၊ ရုပ်သိပ်ချောသော ဇော်ဇော်အောင်လို ကိုယ်ကို တသသလုပ်နေခြင်းမျိုးမဟုတ်၊ ပုဆိုးခဏခဏဝတ် လိုက်၊ ခေါင်းဖြီးလိုက် လုပ်နေခြင်းမျိုးမဟုတ်၊ ဆရာမက ရော့...ဘုန်းနိုင်မြင့် သွားစမ်းဆို ပေါ့ပါးသွက်လက်စွာ လျှင် ခနဲထွက်သွားမြဲ။ ပြီးတော့ လှစ်ဆိုပြန်ရောက်လာတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပေါ်ပေါ်ပါးလွန်းသောကြောင့် ဆရာ၊ ဆရာမအားလုံး သူ့ကိုခိုင်းလည်းခိုင်း ချစ်လည်းချစ်ကြသည်။ (တစ်ခါသား ရှစ်တန်းနှစ်ဇာဆရာမ အပျိုကြီးတစ်ယောက်၏ အငြိုငြင်ခံရခြင်းဖြစ်သည်။အဲဒီတိချာ ငွကျတာ တစ်တန်းလုံး တစ်ကျောင်းလုံးသိသွားပင်။)

တစ်နေ့တွင် ဝန်ကြီးသမီးတစ်ဦး အတန်းကိုရောက်လာသည်။ သူမက ရုပ်ချောသည့်လည်းမဆိုသာ ရုပ်ဆိုးသည်လည်းမဟုတ်သော ရုပ်ရည်မျိုးနှင့် မျက်နှာပေးက ဘယ်အရာကိုမဆို ပိုင်ဆိုင်ရယူနိုင်သည့် မျက်နှာမျိုး။

'တစ်တန်းလုံးက လူတွေထဲမှာ ငါ ဘုန်းနိုင်မြင့်တစ်ယောက်ပဲ ကြည့်လို့ရတယ်'

နှာနှင့်ဆတ်ဆတ်ကြားလိုက်ရသည့် စကားသံ၊ သူတို့ချင်းတီးတိုးပြောဆိုနေကြား၊ ကိုယ့်နားမှာ ကျယ်လောင်လှသည်။ ဆတ်ခနဲ လှည့်ကြည့်မိတော့ သစ်ပင်တစ်ခု၏ ကန့်လန့်ဖြတ်အလွှာကို သင်ပုန်းတွင် ညွှန်းစာတပ်ပေးနေသော ဘုန်းနိုင်မြင့်အား သူမ ကြည့်နေတာတွေ့ရသည်။

အမှတ်မထင် စိတ်ဝင်စားမိရာမှ တစ်စထက်တစ်စ အလိုမကျခြင်းတို့ ရှင်ကိုစိုးမိုးလာသည်။ ဘုန်းနိုင်မြင့်နှင့် အနီးဆုံးနေရာမှာ တစ်ဦးတည်းသော မိန်းကလေး ကိုယ်တစ်ယောက်သာရှိကြောင်း အားလုံးသိအောင် ပြောပြချင်သည်။

သို့သော် မိန်းကလေးဆို ဘယ်မိန်းကလေးကိုမှ စိတ်ဝင်စားပုံမရှိသော ဘုန်းနိုင်မြင့်သည် သူမကို သတိကလေးမှ ရပါလေစ။



အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ခိုးခိုးငေးခဲ့ရတာတွေသာ တင်ကျန်ရစ်သည်။ သူကတော့ မသိရှာ။

ကျောင်းအားရက်တွေ လျှောက်လည်တိုင်း၊ အတူကစားကြတိုင်း အလျော့ပေးမိတတ်တာတွေ သူကြိုက်တတ်သည့် မုန့်လင်မယား၊ ဆန္နွင်းမကင်း စားစေချင်လွန်းစွာ ကြံ့ရင်ကြံ့သလို ဝယ်ပေးမိတာတွေ....

ဒါပေမယ့် သိပ်မကြာခင်အချိန်မှာ မိန်းတလေးတစ်ယောက်အနေနှင့် စောင့်ထိန်းလိုက်နာရမည့် စည်းကမ်းနှင့် သဘောတရားတို့ နားလည်သိတတ်လာပြန်တော့ ဆန္ဒအားလုံး မျိုသိပ်ကာ ထင်ယောင်ထင်မှား ဖြစ်စေမည့် လုပ်ရပ်တွေရှောင်ရန် ဆုံးဖြတ်ဖြစ်သည်။

သူနှင့် တစ်ချိန်ချိန်မှာ လက်ထပ်ပေးကြမည်လို့လည်း ထင်နေမိပြန်သည်။

ယောကျ်ားလေးတစ်ယောက်ဟာ သူချစ်ချင်သည့်သူကိုမှ အလိုအလျောက် ချစ်တတ်တာတဲ့။ တမင်လုပ်ယူလို့ မရဘူးတဲ့လေ....

အမြဲတေရတနာကို ရရှိဖို့ နှစ်ကာလများစွာ စောင့်ဆိုရင် စောင့်ဖို့ အသင့်ပင်။

www.burmeseclassic.com

www.burmeseclassic.com



'မနေ့ကလည်း ကိုကိုမရှိတုန်း မနက်တည်းက ထွက်သွားတာ ပြန်မလာသေးဘူးဗျ'

လှေဒန်းရှိ ဘုန်းနိုင်တင့်က လှမ်းအော်သည်။ ရင်ပကိုဆီး ကြိတ်ထားသည့်လိုက်သလိုပါပဲ။ နှုတ်ခမ်းစူပြီး မျက်မှောင်ကြုတ်မိ၏။

'နှင့်အစ်ကိုမရှိပေမယ့် အန်တီရှိသားပဲ၊ အန်တီ့ဆီလာတာ ပေါ့'

စာအုပ်မှ မျက်နှာခွာပြီး မော့ကြည့်သည်။ တံခါးဝတွင် အန်တီရပ်လျက်ကြိုသည်။ မမနောက်က လိုက်ဝင်သည်။

'ကစားဖို့လူမရှိတာ ပြောတာပါမရှဲ့'

'ဟုတ်တယ်သမီးရေ၊ ညည်းသူငယ်ချင်း ဘုန်းနိုင်တော့ ခုတလော ဘယ်လိုဖြစ်နေတယ်မသိဘူးကွယ်၊ မိုးလင်းကတည်းက မိုးချုပ် အိမ်ကပ်တယ်ကို မရှိသလောက်ဘဲ၊ အရင်ကနဲ့တူကိုမတူဘူး'

အာယ်သွားနေလဲဟု မေးရန်စကားမရှိပါ။ ဘုန်းနိုင်ပိုင်သမျှ တစ်လောကလုံးကအချိန်တွေ မျိုးဝင့်မေဆီမှာ ဖြုန်းတီးနေမည်ဆိုတာ သိပြီးသား။

သို့သော် အန်တီရော မောင်လေးကပါ တိုင်တန်းနေပုံက နှလုံးသားကို သံပူညပ်ဖြင့် ဆုပ်ညှစ်သည်သို့ ခံစားရခက်လှသည်။ ဖြစ်နိုင်လျှင် ချစ်သူဆုံးရှုံးရခြင်း အကြောင်းရပ်အားလုံး ဖွင့်ပြော ချင်သည်။ တစ်စွန်းတစ်စကလေးပင် သတိတရ မခံချင်တော့။



ဝမ်းနည်းစွာ တိတ်တခိုးငိုကြွေးရသည့်ရက်တွေ စိပ်သည်း လာပြီဆိုတာ သူတို့မသိဘဲလေ၊ လောလောဆယ်တော့ ချစ်သူကို ကာကွယ်ရင်း အန်တီကို နှစ်သိမ့်ရမည်။

'သူငယ်ချင်းတွေအိမ် လျှောက်လည်နေတယ် ထင်တယ် အန်တီ'

စဉ်းစားဟန်လေးလုပ်ပြီး ခပ်တည်တည်ဖြေရသည်။ သိလျက်နှင့်လိမ်လည်ပြောလိုက်ရခြင်းအတွက် ရင်မှာမချိပြီ။ အန်တီ့ ရင်ခွင်ကို တိုးဝေ့မှီနွဲ့ကာ ပြောပြရှိုက်ငိုပစ်ချင်သည်။

'သူငယ်ချင်းတွေ အိမ်လည်တာ အဲလောက်တောင်ပဲလားသမီးရယ်၊ တစ်ပတ်မှာ လေးရက်မရှိဘူး၊ အန်တီ စိတ်ပူလို့ပြီ သမီး မသိဘူးလား'

'ဟင့်အင်း၊ သမီးကို သူဘာမှမပြောဘူး အန်တီ'

သူမ ထင်တာမှန်နေပါပြီတော၊ ဘုန်းနိုင်မြင့်၏ အရင်းနှီး ဆုံးသော တိုင်ပင်ဖော်တိုင်ပင်ဖက်အဖြစ် မှတ်ယူကာ စကားတွေ အစ်နေခြင်းပင်။

'ဘုန်းနိုင် ရည်းစားရနေပြီထင်တယ် အန်တီ'

အရေးထဲ မမကပါ မီးလောင်ရာလေပင့်နေပြန်တော့ မျက်စောင်းဝင့်ဝင့်ထိုးမိသည်။ နောက်ပြောင်ခြင်းဖြင့် အန်တီ့ကို ကြည့်နေသောမမကဲ သိတန်မရှိ။ အန်တီ့မျက်နှာလေး ညိုးကျသွားတာ သနားလှသည်။

---

"မှော်ဒန်" အနုပညာ ထုတ်လုပ်ရေး

www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ကဟုတ်က မမဇာလဲ၊ ဘုန်းနိုင်က ကျောင်းမှာ အတည်းအ ဘယ်ကောင်မလေးမှ စိတ်ဝင်စားတာမှ မဟုတ်ဘဲ၊ ဘယ်သွားမယ်လို့ အန်တီ့ကို သူ ပြောမသွားဘူးလား'

'အေး၊ အန်တီလဲ မေးမယ် မေးမယ်နဲ့ မမေးဖြစ်ဘူး၊ ခါတိုင်းသွားနေကျအိမ်တွေပဲ မှတ်နေတာ၊ သားအကြီးလေး ဆိုတော့ ဆူလဲ မဆူချင်ဘူး ကူးကူ'

'လက်ဖက်ရည်ဆိုင်ထိုင်ပြီး တစ်နေ့ကုန်တာ ဖြစ်နေဦးမယ်၊ အခုနောက်ပိုင်း လက်ဖက်ရည်ဆိုင်တွေမှာ သူတို့အရွယ်တွေချည်းပဲ အန်တီရဲ့'

သည်တစ်ခါတော့ မမကို ကျေးဇူးတင်သည်။ အန်တီ အဲသည်လိုပဲ ထင်သွားပါစေဟု ဆုတောင်းသည်။

'ကျုံရင် သမီး မေးလိုက်ပါ့မယ် အန်တီ၊ ပြီးတော့ သွားချင်တဲ့နေရာ အန်တီ့ကို ပြောထားဖို့ ပြောလိုက်မယ်လေ'

အားကိုးစွာ ငေးကြည့်နေသော မျက်လုံးစုံကို လွှဲဖယ်ခေါင်းငုံ့မိသည်။ သူမအတွက်ကျ သည်လို ကြည့်ခွင့်ပေးမည့်သူမရှိ။ သူနှင့် ပတ်သက်သမျှ အရာခပ်သိမ်း ရင်စီးခံနိုင်အားရှိရန် ကြိုးစားမှုထင်သည်။



'အေးဟာ နင်ရှိလို့တော်ပါသေးတယ်၊ ငါ ရည်းစားရှိနေတာ မေမေတို့ မသိစေချင်သေးဘူးလေ'

'အန်ဇယ် သိရင်တော့ သိပါစေပေါ့ ဟုတ်လား'

လှောင်ရယ်စွာ ရယ်ပွဲဖွဲ့ဖြစ်သည်။ တရှိုက်ရှိုက် ဟက်တက်ပက်ပက် ရယ်ရှိန်း ပျက်ယွင်းသွားမည့် မျက်နှာကို ငုံးလွှမ်း၏။ ငါ့မျက်လုံးတွေ မရယ်နိုင်တာ အသေအချာကြည့်ရှင် သိသာမှာပါ။

'ကြည့်စမ်း....နင်က ဆိုးနေပြန်ပြီ၊ ဒါပဲကွာ သိသွားရင်တော့ နင်ပွဲ'

'အံမယ် ဘာဆိုင်လဲ၊ နင်တို့ မဆင်မခြင်တွဲရင် ငါ မပြောလဲ တစ်ကမ္ဘာလုံးက သိမှာပဲ'

ဘုန်းနိုင် ပေါ့ပါးလွတ်လပ်စွာ ရယ်မောစာ တိဗ္ဗိဂိန်း နှိပ်နေပြန်သည်။ မျက်နှာ တစ်ဖက်လှည့်ပြီး မျက်တောင်တွေ ဝုတ်ခတ်ကစားလိုက်မှ ထွက်လုထွက်ခင် မျက်ရည်တို့ ပြန်ဝင်သွားသည်။

ချစ်သူအတွက် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှု အလုံးစုံ ပေးဆပ်ခြင်းဖြင့် ချမ်းမြေ့နိုင်သည်ပဲ။ သည်အခွင့်အရေး တစ်ခုသာ ရှိတော့သည်။

'ပြောချင်လဲ ပြောပေါ့၊ ငါက ဂရုမစိုက်ပါဘူး'

'နင် သူ့ကို သိပ်ချစ်တယ်ပေါ့၊ ဟုတ်လား ဘုန်းနိုင်'

'ချစ်တာပေါ့၊ မချစ်ဘဲနေမလား၊ သူက ငါ့ [illegible]

မျက်တောင်တွေ ကော့ရှန်းကာ ငိုက်ကျနေသည့် [illegible] လေးကို အထက်စီးမှ ငေးမိသည်။ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ကြွေကွဲလျက်။ သည်ပန်းနုနုပါးပြင် အိထွေးထွေး နူတ်ခမ်းသားတို့ တစ်ပါးသူ အထိအတွေ့မှာ မွေ့ပျော်နေပြီကိုး။ နှင့်စိတ်ချမ်းသာတာ တွေ့ရတဲ့အတွက် ငါ အများကြီး ဝမ်းသာပါတယ် ဘုန်းနိုင်။

'ချစ်တယ်ဆိုတာ ဘယ်လိုနေလဲဟင်၊ နင်က ချစ်တတ်ပြီဆိုတော့ ငါ့ကို ပြောပြစမ်းပါဦး'

'ချစ်တယ်ဆိုတာ သိပ်ပျော်စရာကောင်းတယ် ကူးကူးရဲ၊ ငါ ချစ်တတ်တာ အချိန်တောင် နောက်ကျသလားလို့'

'ဘုရားရေ… တော်စမ်းပါ။ ဒီထက်ပို စောချစ်ချင်ရင်တော့ မွေးကင်းစကတည်းက မိန်းမယူလိုက်တော့၊ ဒါ အကောင်းဆုံးပဲ'

မထိန်းနိုင်တော့ စွတ်အော်ပစ်လိုက်သည်။ စိတ်ရှိတိုင်းသာ လုပ်ရစတမ်းဆိုလျှင် ရှိသမျှ မြင်သမျှ ပစ္စည်းဖြင့် သူ့ မျက်နှာကို ကိုင်ပေါက်မိပြီးပြီ။ မသိသာ ဆီးဝါးနိုင်လိုက်ပုံများ။

'ဘွာတေး….ဘွာတေး၊ စိတ်မဆိုးပါနဲ့ အစ်မကြီးရယ်၊ မေမေတို့ မသိအောင် ဖုံးထားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဖုံးလက်စနဲ့ ဖုံးပေးပါဦးနော်'

အသေအချာပေါ့။ နင့်အတွက် ငါမရှိလျှင် လုံးဝ မဖြစ်ဘူးဆိုတာလေ။ ဒါလေးကိုပဲ ဝမ်းမြောက်ဝမ်းသာစွာ ဂုဏ်ယူထိန်းသိမ်းရင်း ငါနှလုံးသားတွေ ရေဆုံးမြေဆုံး အတိုက်စားခံနေရဦးမယ်ဆိုတာ။

နင် သိလား။ နင် အဲ့ဒါတွေကို သိရဲ့လား။

(၇)

ဇန်နဝါရီလ တစ်ရက်တွင် ကျောင်းတွေ စဖွင့်သည်။ မေ့ကို အဲကို ကျောင်းဆောင်များသို့ ကြိုပို့လုပ်မည်။ အင်းလျားမှာ အတူဆုံကြမည်။ ဟိုင်းမှာ ကတ်ကြေးကိုက် ခါးချဉ်စားမည်။ အင်းလျားကန်ပေါင်ကို မျက်နှာမူလျက် ချစ်စကားတွေဆိုနိုင်သည်။

'ကူးကူးလေးကို ဝင်ခေါ်ပြီး အတူသွားနော်သား၊ ကျောင်းက တစ်ကျောင်းတည်းဆိုတော့ မှင်းတို့ မောင်နှမ အစစ အဆင်ပြေတာပေါ့'

ဝတ်ပြီးသား ရှုခိုင်ပုဆိုးကို ပြန်ချွတ်၍ လဗက် (စ) ဘောဝ်းဘီစိမ်းနက်ရောင်ကို လှမ်းယူရင်း မေမေ့ အသံကို ကြားသည်။

'သူ့ဘာသာ သွားမှာပေါ့မေမေ၊ သူ့ သူငယ်ချင်းတွေ ရှိသားပဲ'

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့တော့ ဘယ်သူ့ကိုမှ မညှာချင်ပေ။

'သူငယ်ချင်းတွေရှိလဲ ခေါ်သွားပေါ့၊ တစ်နေ့ရာတည်း သွားနေမယ်ကွာ'

ကူးကူကို ကျောင်းတွင်ချပြီး မိန်းထဲသွားလျှင် ရတာပဲဟု တွေး၏။

မေလေးများ မြင်ပြီး အထင်လွဲသော်ဟု ပူပန်ပြန်သည်။ ဟွန်း...တတ်နိုင်ပါဘူး။ မေမေ့ကို ငြင်းဆန်လို့ မရနိုင်။ ကူးကူကိုပဲ စည်းရုံးရမည်။

'ဟုတ်'

တန်းတွင် တင်ထားသော သားရေ ခါးပတ်ထူပြားကို လှမ်းဆွဲ၏။ ခါးမှာ ချိတ်တစ်ခုချင်းတပ်သည်။

စိုးလွင်လွင်၏ ဂန္ထဝင်ဆည်းဆာကို ကက်ဆက်နှင့်အတူ လေချွန်နေမိသည်။

'ကိုကို သိပ်ပျော်နေတယ်ပေါ့လေ၊ မမကူးကူကို သူငယ်ချင်းတွေ စရင် ဒေါဖောင်းမနေနဲ့နော်'

'ဟား... ဘာလို့ ဒေါဖောင်းရမှာလဲ၊ ငါက ဘာဆိုင်လို့လဲ'

'သိဘူးလေဗျာ'

ရယ်ကျဲကျဲ ညို့အသံအား ဂရုမစိုက်နိုင်။ ဆံပင်တွေ ပုံကျအောင် ထောင်ဖြီးနေရသည်။ မှန်ရှေ့တွင် စိတ်ကြိုက်ဖြစ်သွားသောအခါ ညကတည်းက ပြင်ပြီးသား ကချင်လွယ်အိတ်နီကို လွယ်သည်။ ဗီရိုတွင်းမှ မုန့်ဖိုးငွေတစ်ထပ်ယူပြီး သော့ခတ်သည်။

'ကိုကို ဘာဖိနပ် စီးမှာလဲ'



'လယ်သာရှူး'

'ပူဘူးလားဗျ'

'ပူပါဘူးကွာ'

ရိုးရိုး သားရေ ဖိနပ်ပြားကို ကြိုက်ပေမယ့် တော်ကြာ မေကဲ့ မလှပါဘူး ရှုတ်ချရင် အခက်။

'ကိုကို့ မြင်ရတာ မောတယ်ဗျာ၊ ကျောင်းထွက်ပြေးမှာ ကျနေတာပဲ'

ကျောင်းထွက်မပြေးပေမယ့် မေလေး အကြောင်းနာလေးတွေ ထွက်ပြေးမှာ။ စိတ်ကသာ ပြောတာ ဝုန်းဒိုင်း ပြေးဆင်းခဲ့သည်။ နာရီကြည့်တော့ ရှစ်နာရီ။ အိကိဋ္ဌာနရှေ့ကို ကိုးနာရီ မထိုးခင် ရောက်မှ ဖြစ်မည်။

'အရေးထဲ နဇ္ဇီကို စောင့်ရသေးတယ်၊ တကယ်ပဲ အဆိုး တဝါးနိုင်တယ်'

ပွစိစိနှင့် ပူပင်စွာ ပြောနေတာကို ကူးကူ ငဲ့ကြည့်သည်။ ကားမှောင်းရင်းက နာရီကို ကြည့်မိပြန်၏။ မေ အစောကြီး ရောက်နေတာ စိတ်တိုနေမှာ စိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်နှစ်နာရီရောက်အောင် သွားရမှာမို့လဲဟာ'

သေသံပျော့လေးနှင့် ပြောတော့မှ အားနာမိသည်။ တကယ်က ဘာမှ စောင့်ခဲ့ရသည် မဟုတ်ဘဲ အပြစ်တင်နေမိခြင်းသာ။ သို့သော် စိတ်တိုကို ထိန်းချုပ်မထားချင်။

'ကိုးနာရီ၊ သူ စောရောက်နေမှာစိုးလို့'

'ဟင်... ဒါဆို ငါတစ်ယောက်တည်း သွားရမှာပေါ့'

'ဟိုကျရင် သူငယ်ချင်းတွေ တွေ့မှာပဲ ကူးကို၊ ရော့ ငါ့အတွက် ဟာတွေပါ လုပ်ထားလိုက်နော်၊ ဖြစ်တယ် မဟုတ်လား'

ဘာမှ ပြန်မပြော။ နာခံစွာ လှမ်းယူသည်။ သူ အရှိန်အမြင့်ဆုံး တင်ပြီး မောင်းသည်။ မီးပွိုင့်တွေကို လွတ်ကာ သီကာဖြတ်၏။

ကား၏မြန်နှုန်းက သူ့ ရင်နှင့် ပြိုင်နေသည်။

'နင် ဘာ စားပြီးပြီလဲ'

'ဟင့်အင်း'

ဒီနေ့ ကော်ဖီသောက်ဖို့ မုန့်စားဖို့လည်း စိတ်မပါလှစွာ အချိန်လည်း မရှိစွာ မေ့လျော့ခဲ့သည်။ ဗိုက်က လုံးဝ ဆာလောင်ခြင်းကို မပြ။ ဒီနေ့ တစ်နေ့လုံး ဘာမှမစားနိုင့် ဆိုလျှင် သူ ရှင်ပြစွာ နေနိုင်ဦးမည်။

'ငါ့မှာ ဘီစကစ်ပါတယ်၊ စားမလား'

လွယ်အိတ်တွင်းမှ ထုတ်လိုက်သော ဘီစကစ်ဘူပ် ရှန့်က မွှေးကြိုင်သွားသည်။ သူ အကြိုက်ဆုံး တော့ချိုင်။

ခေါင်းကို ခါယမ်းလိုက်သည်။



'ငါမစားချင်ဘူးကွာ၊ နင်ပဲ စား'

ဟိုတုန်းကလို ပါးစပ်ထဲ ထည့်ပေးမည်အထင်နှင့် ငြိမ်းမိသည်။ သို့သော် ကူးကူက လွယ်အိတ်ထဲ ပြန်ထည့်ကာ တစ်ဖက်သို့ လှည့်တော့ ထူးဆန်းသလား ထင်သည်။

'နင့်ကို ဘယ်နှစ်နာရီ လာခေါ်ရမှာလဲ'

'နင် ပြန်မယ့်အချိန် ပြောလေ'

'မေလေးကို မေးရဦးမယ်'

မြန်မာ့အသံကို ကျော်လာသည်။ ဝင်ကာပွဲသိမ်း မရောက်ခင်ကတည်းက မေးခွန်းအဘွက်အဖြေမရှိသေး။ ပြည်၊ ထားဝောင်း အဆောင်တွေ-ကျန်ရစ်ကာ လှည်းတန်းမီးပွိုင့်သို့ ရောက်လာသည်။ မေလေး မမြင်တွေ့စေရန် ဘုရားရှင်အား အကူတောင်းမိ၏။ နောက်နေ့တွေက ဇွဲလို သပ်သပ်စီသွားမှ ဖြစ်မည်။

မိန်းကို ဖြတ်သည့်အချိန် လမ်းဘေး ဝဲယာတို့ကို နိုင်သမျှ ကြည့်သည်။ မေလေးနှင့်တူသော အရိပ်အယောင် မတွေ့သောအခါ မှ ထားသော ရင်ကို ချလိုက်သည်။ သို့သော် တစ်နေရာရာမှာ စောင့်နေမလား အတွေးဖြင့် စိတ်က ပူပြန်၏။

'ငါပြန်တော့ ဝင်ခေါ်လိုက်မယ်'

ကူးကူ ခေါင်းညိတ်သည်။ တကယ်သိလ် တက်ရတော့မှာမို့လား မသိ။ တည်ငြိမ်ကာ လူကြီးလိုလုပ်နေသည်ဟု မှတ်ချက်ချကာ ကားကို လှည့်ထွက်ခဲ့သည်။

စိတ်မှာ ကူးကူအစား မေလေးက အင်အားကြီးမားစွာ [illegible] ဝင်မေ့လိုက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



နာရီက ကိုးနာရီ ခွဲနေပြီ။ တစ်စ တစ်စ များပြားလာသော ကျောင်းသား ကျောင်းသူတို့က ပိုစိပ်လာသည်။ လက်ဖက်ရည်ဆိုင်မှာ ဝင်ထိုင်ချင်ပေမယ့် မေလေးက ရှာမတွေ့မှာ စိုးသည်။ လပ်ကီးစထရိုက်ကို အပျင်းပြေသောက်ကာ စိတ်ရှည်စွာ စောင့်ဖြစ်သည်။

မေလေး နေမကောင်းဘူးလား၊ ဒါမှမဟုတ် လိုက်ပို့မည့်သူ မရှိလို့လား။ သူ လာခေါ်မည်ဆိုစဉ်က သူမ ခေါင်းခါငြင်းဆန်ခဲ့သည်။ ထိုကတည်းက သူ့မှာ စိတ်တထင့်ထင့်။

'စောင့်နေတယ်၊ အဖော်မရှိရှာဘူးကွယ်'

အနားက ဖြတ်သွားသော မိန်းကလေး အုပ်စုတွေ မကြားတကြား နောက်ပြောင်သွားသည်။ ဥပေက္ခာပြုကာ မေလေး လာရာလမ်းကို ခပ်တည်တည် မျှော်သည်။ ရှုတသော နေရောင်ခြည် ပေတရာပေါ် ရောက်ရန် မျက်စောင်းထိုးစ ပြုနေပြီ။

ခြေထောက်များနှင့်အတူ မျက်လုံး မျက်ဆံတို့ ညောင်းစပြုလာသည်။ ထိုအဖြစ်ကို ကြိုမြင်သဖြင့် ဆိုင်တစ်ဆိုင်တွင် ဆုံရန် ပြောဖြစ်သေးသည်။ မေလေးက မလာချင်ဘူးတဲ့။

ကိစ္စက ပြတ်နေပြီ။ ချစ်သူ မလာချင်မှတော့ ခေါ်လို့ မဖြစ်တော့။ ချစ်သူ စောင့်စေချင်သည့် နေရာနှင့် အချိန်တို့ကို တိကျစွာ မှတ်သားပြီး လာခဲ့ရုံပင်။ မိန်းကလေးဖြစ်သော သူမသည် အရာရာကို ရွေးချယ်ပိုင်ခွင့်ရှိသူ ဖြစ်သည်။

'ဟော'

ဝမ်းသာစွာ စီးကရက်တိုကို လက်ဖြင့် ထောက်ထုတ်လိုက်သည်။ စီးကရက်သောက်တာ မကြိုက်မှန်းသိသော်လည်း ငြီးငွေ့



ပျင်းရိခြင်းဒဏ်ကြောင့် စကား နားမထောင်မိသည့်အတွက် စိတ်မကောင်း။ လှပန်းလှပှာန် လမ်းလျှောက်ပုံကို ငေးရင်း ပီကေတစ်ချပ် နိုက်သည်။ နှုတ်ခမ်းသို့ ထည့်သည်။ သူမ လာလျှင် ပေးဖို့ အိပ်မှာ ရှိပြီး အဆင်သင့်။

စောင့်မျှော်ခြင်းဖြင့် စိတ်လှုပ်ရှား တိုတောင်းရတာတွေ ဖျက်ခနဲ သတိရတော့ နည်းနည်းဖြစ်ဖြစ် ပြန်လည်ကျီစားချင်မိသည်။ ဘယ်လိုများ စိတ်ကောက်လေမည်လဲ။

ခြေလှမ်းတို့ရှေ့ကာ သွားကြိုတော့မှ ညိုသော မျက်နှာကို အနီးကပ် တွေ့ရသည်။ ခပ်တည်တည်ကြီး ကြည့်နေတာ ပြုံးပြဖော်ပင်မရ။

စိတ်၏ မကြည်လင်ခြင်းများ ရုတ်ခြည်း လွင့်ပျောက်ကုန်သည်။ စိုးရိမ်စိတ်တွေ လျှော့တက်လာ၏။

ချစ်သူကို သူ သက်ဆိုင်မှုက တစ်ဝက်သာသာမျှပင် မရှိသေးတာပဲ။ ချစ်ခွင့်အရေးကို အချိန်ကာလမခြား သူမ ရုပ်သိမ်းနိုင်သည်လေ။

www.burmeseclassic.com

www.burmeseclassic.com

(၉)

'မေလေး ဘာဖြစ်လာတာလဲ၊ ကိုယ့်ကို ပြောပြပါလား'

'ကျွတ်'

ဒုတိယအကြိမ်မြောက် မေးမိခြင်းမှာ မျက်ခုံးတစ်ချက်တွန့်အသံပြုသည်။ ကိုယ်ပိုင်ခံစားချက်တို့ဖွင့်လှစ်ပြလိုစိတ်တို့ကျဆင်းပျော့ပြောင်းကာ သူမ၏ လတ်တလော အခြေအနေကို ဖြေရှင်းချင်လှသည်။

သူမ ကြည်သာမှ သူ ရှင်ပျနိုင်မည်လေ။

နူးညံ့စွာ တိုက်ခတ်သွားသည့် လေပြည်အေးတို့ ရင်မှာ မှသိမ်မွေ့တော့။ မျိုးဝင့်မေ ကြိုက်တတ်သော ရခိုင်မုန့်တီပူပူကအရာမယွင်း။ အေးစက်လျက် ရှိပြီ။ ထောပတ်သီးဖျော်ရည်ကိုလည်း မတို့ထိ။

စိတ်ညစ်လာပြီ။ မေးမရ ချော့မရနှင့်။



လွန်ခဲ့တဲ့တစ်ခေါက် တွေ့ပြီး ခွဲခွာခဲ့ရသည့်တိုင် လက်ကလေးတပြုပြုနှင့် ရှင်လန်းနေသေးသည်။ နှစ်လသာပေါင်းမှ တစ်ရက်ဖြစ်သည့် ချစ်သူဘာဝတွင် သူမ မကျေနပ်နိုင်စရာ ဘာပြုမူမိပါသလဲ။ ဘယ်လိုများ နေထိုင်မိပါသလဲ။ စဉ်းစားတွေးတော၍ မရတော့။

တစ်ခုသာ၊ စောစောက ပြည်လမ်းမမှာ ကားတစ်စီးတည်းနှစ်ယောက်အတူ မေလေး မဟုတ်သော အခြား မိန်းကလေးတစ်ယောက်နှင့် သွားခဲ့သည်။ မေလေးဘက်က ကြည့်လျှင် သူ့မိတ်ဆက်ထားခြင်း မရှိသော သူစိမ်း၊ သူ့ဘက်က ကြည့်တော့ မှောင်နှမ။ သူ့မှာ အစ်မ၊ ညီမ မရှိတာသိပြီး စိတ်တိုတောင်းထိခိုက်သွားနိုင်သည်။ မြင်သည် ထား၊ ပွင့်လင်းစွာ ထုတ်ဖော်မေးလိုက်သင့်သည်။

'ပွင့်ပွင့်လင်းလင်းပေါ့ မေလေးရယ်၊ ဘာဖြစ်သလဲ ပြောပြပါလား'

'ကို မသိပါဘူး၊ မေလေး သိပ် စိတ်တိုနေတယ်'

'အဲဒီ စိတ်တိုရတဲ့ အကြောင်းရင်းကို တစ်ဆိတ်လောက်ထုတ်ဖော်ပြောပြဖို့ တောင်းပန်နေတာပါခင်ဗျာ'

မြင်လိုက်တာ ဖြစ်နိုင်ချေ မရှိပြန်။ သူရောက်ပြီး တစ်နာရီနီးပါးရှိမှ မေလေး ရောက်လာတာ၊ ရောက်ရောက်ချင်း မျက်နှာကြီး စူပုပ်နေတာ၊ မဖြစ်နိုင်။ တကယ်တော့ သူတို့နှစ်ယောက်ကို ဆုံပေးဖို့ လိုအပ်နေသည်။ ကူးကူးက ဟိုးတစ်ညီး ... ပင်းဖက် ကြီးပြင်းလာကြသူချင်း မခေါ် မခေါ်... နည်းနဲ့မှ မဖြစ်နိုင်ကြသူ။ မေလေးကျတော့ ...

www.burmeseclassic.com

www.burmeseclassic.com



သည်း ဘာထူးလဲ။ သူ သိပ်ချစ်နေမိတဲ့ သူ့ ချစ်သူပဲ။ ထို့ကြောင့် ထိုအမျိုးသမီးနှစ်ဦး တွေ့ဆုံသင့်၏။ ခင်မင်ရင်းနှီးသင့်နေသည်။ ဒါမှ ခုနကလို ကူးကူးကို ကျောင်းလိုက်ပို့ခြင်းဖြင့် မလေး သောကရောက်စရာ မရှိတော့။ နားလည် ပေးနိုင်စွမ်းတော့မည်။

သည့်ထက်ပိုပြီး ဖြစ်သင့်သည်က မသိမကျွမ်းလည်း မိန်းကလေး သူငယ်ချင်း ထားရှိခြင်းနှင့် သင့်တော်သော အတိုင်းအတာ တစ်ခုအထိ တာဝန်ယူခြင်းကို မလေး ကြည်ဖြူစွာ နားလည်ပေးနိုင်လျှင် သူ သည်လို ကျဉ်းကျပ်ဖြစ်မည် မဟုတ်။

သူ ဘာကြောင့်များ သည့်ကိစ္စကို မလေးနှင့် အတိုက်အခံ မဖြစ်ချင်ရတာပါလိမ့်။

တကယ်တ လေညာက အနေသာကြီး။ ကိုယ့်ကို မထိခိုက်သော တစ်ဖက်သား၏ အခွင့်အရေးကို ဘာမှ ဝင်ရောက် စွက်ဖက်ခွင့် မရှိ။ မေတ္တာဖြင့် ဝင်ရောက် စွက်ဖက်ရင်ရော။

ထိုမေတ္တာသည် အဆိပ်သင့်မေတ္တာသာ ဖြစ်လိမ့်မည်။

ချစ်သူ၏ စကားမဆိုသော နှုတ်ခမ်းနီနီနှင့် ပါးဖူးဖူးတို့ကို ငေးကာ ချွေးစေးတွေ သီးထ လာသည်။ ပူအိုက် ပူလောင်ကြီး ဖြစ်လာ၏။ စိတ်ဝိညာဉ်ကို အငွေ့အခိုး ဖြစ်စေလျက် ပျံတက် လွတ်မြောက်စေနိုင်လျှင် မကောင်းသလော။ စိတ်ဆိုးနေသော သူမကို ချော့မြူပွေ့ပိုက်ခြင်းဖြင့် ပျော့ပျောင်းညင်သာလာစေအံ့။

ခုတော့ဖြင့် မျက်လုံးစိမ်းစိမ်း၊ မျက်နှာတင်းတင်း၊ နှုတ်ခမ်းချွန်ချွန်တို့က လှသွားပမာ နှလုံးသားအား ပွန်းပဲ့နေစေသည်။



'မလေး နေမကောင်းဘူး ကို၊ ဒါကြောင့် မလေးရဲ့ ကျောင်းကိစ္စတွေကို လုပ်ပေးနိုင်မလားဟင်'

'အင်း.... ထင်သားပဲ၊ မလေး နေမကောင်းဘူးလို့၊ မလေးရယ် ကိုယ့်ကို တွေ့ကတည်းက ပြောရောပေါ့၊ ဒီကောင်က စိတ်ပူလိုက်ရတာဗျာ၊ စိတ်ချ မလေး၊ ကားပေါ်မှာပဲ ထိုင်နေ၊ အသေအချာ လုပ်ပေးမယ်၊ ဟုတ်လား'

နဖူးကို ဖြန်းခနဲ ရိုက်ပင်လိုက်ချင်သည်။ ဘာမဟုတ်သည့် ကိစ္စလေးနှင့် အတွေးနယ်ချဲ့ပြီး ခံစားနေလိုက်ရသာ။ အင်းလေ နေမကောင်းတဲ့ ဘယ်သူမဆို စိတ်တိုမှာ မမှတာပဲဒေပါ့။

'ဒါဆို ကိုစောင့်နေမှာစိုးလို့ နေမကောင်းပဲ လာရတာပေါ့၊ နောက် နေမကောင်းရင် မလာနဲ့ သိလား'

'ထောပတ်ရည်ပဲ သောက်မယ်၊ ရော့....ကျန်တာကို စားလိုက်၊ မလေး ရုပ်ရှင်သွားကြည့်ဦးမှာ သိလား၊ ကို လိုက်ပြနော်'

'မလေး နေမကောင်းဘူးလေ၊ အိမ်ပြန်ပါလား လိုက်ပို့မယ်'

ခေါင်းမာစွာ သူမ ခံခေါင်းခါသည်။ နောက်ဆုတ်မည့်အမူအရာ လုံးဝ မရှိ။ မျက်ရစ်ထူထူတို့ကို လှမစွာ ဆေးခြယ်ထားမှုအား ငေးမိကာ မလေးရှေ့မှ မုန့်တီပန်းကန် ဆွဲယူသည်။ လက်သည်းချွန်ချွန်တို့ဖြင့် တစ်ဖျောက်ဖျောက် ဆိတ်နေသကြား၏။

'အဲဒီကားကို မလေး ဒီနေ့ကြည့်မယ်လို့ [illegible] စဉ်းစားပြီးသား၊ ရက်ရွှေ့မရတော့ဘူး ကို'

www.burmeseclassic.com

www.burmeseclassic.com



ဖြူဥနေသော မျက်နှာဝင်းဝင်းနှင့် လိုက်ဖက်လှစွာ ပုစွန်ဆီရောင် အထက်အောက် ဘိုင်ကာလာဝမ်းဆက်အား ဝတ်ဆင်ထားသည့် ချစ်သူသည် လှပလွန်းလှသည်။ အမြဲတမ်း ဒီလိုလှပနေသော်လည်း သူ့မှာ ဆန်းသစ်စွာ ရင်ခုန်လိုက်မော ရှိဆဲ။ ထိုချစ်သူ၏ အလိုဆန္ဒတွေကို မလိုက်လျောမိလျှင် သူဘာဖြစ်သွားနိုင်သနည်း။

ဧဒင်မေးဖို့ မလိုပါ။

'နောက်နေ့မှကြည့်ပါလား မေ၊ မြို့ထဲရုံတွေမှ မတင်သေးတာ၊ နဝဒေးအထိတောင် သွားရမှာ'

ဖျတ်ခနဲ လှည့်ကြည့်လိုက်သော မျက်ဝန်းနက်တို့ကို စူးရှစွာတွေ့ဆဲ။

'အဲဒါကြောင့် ကို့ကို ခေါ်တာပေါ့၊ ကြော်ငြာတွေကတည်းက ကြည့်ချင်နေတာ၊ မြို့ထဲတင်ဆို လေကုန်ခံပြီး ပြောနေဖို့တောင် မလိုဘူး၊ ခြေထောက်ရှိတယ် သွားရုံပဲ'

ကူးကူကို သတိရခြင်းဖြစ်ဒီ ပြောမိခြင်းပင်။ ရုတ်ခြည်းနောင်တရသွားသည်။ ကူးကူနှင့်မေလေးက ယှဉ်စရာမလိုသည့် တစ်ကမ္ဘာစီက လူသားနှစ်ဦးပဲ'



'ဒါဆို ဘယ်နှစ်နာရီပွဲကြည့်ချင်လဲ'

'အမြန်ဆုံးပွဲ'

မေနှင့်အတူ ပေါ့ပါးစွာ ရယ်ဖြစ်သည်။ ရယ်လိုက်လျှင် ဆံပင်တိုဝဲဝဲလေး ခါသွားသော ချစ်သူကို အခြားသူတွေ လှမ်းငေးနေတာ သိ၏၊ ကိုယ့်နေရာကိုလည်း အားကျနှစ်သက်စွာငေးပေါ့။ ဂုဏ်ယူဝမ်းမြောက်ခြင်းနှင့်ယှဉ်လျက် အနာဂတ်ကို ပိုင်စိုးနိုင်မှုများ သတိရသည်။ သူ့မလို လက်တွဲဖက်မျိုးထာဝရ ရှိရှိနေနိုင်ဖို့ ပေးဆပ်ခြင်းကို ကိုယ်လိုက်လျောနိုင်ပါ့မလား။

တစ်ဖက်တည်းမှ မဟုတ်ဘဲလေ။ မေကလည်း သူ့ကို ချစ်နေတာပါပဲ၊ သူတွေးသလို မေလည်း တွေးမည်ပေါ့။

'လာ...သွားစို့'

ပေါ့ပါးစွာ ချစ်သူလက်ကိုဆုပ်ကိုင် လှမ်းထွက်သည်။ အရာခပ်သိမ်း ပြည့်စုံလှပခြင်းတရား ကြီးမားစွာ သူတို့နှစ်ယောက်ကို လှမ်းကြည့်ကြတာ သိသည်။

မေ ခဲ့မသွားနဲ့နော်။ ယောကျ်ားတန်မဲ့ ဘယ်တော့မှ နှုတ်မှထွက်လို့ မဖြစ်နိုင်သည့် စကားတစ်ခွန်းကို ရင်မှာ ဗလောင်ဆူစွာ ပြောဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

အိပ်ရာမှ ဆတ်ခနဲနိုးတော့ လွန်ကဲနေသည့်အအေးဓာတ်ကို ဦးစွာ သိရသည်။ လွန်ခဲ့သည့် ရက်ပေါင်းများစွာကတည်းက မှတ်မှတ်သားသားရှိဆဲ တစ်ရက်....

ဂွမ်းစောင်ကိုလှပ်ပြီး ခုတင်ပေါ်မှ ဆင်းသည်။

ဒီနေ့ ဇန်နဝါရီလ နှစ်ရက်နေ့။ ဘုန်းမြင့်နိုင် မွေးနေ့ပဲ။

တိတ်တခိုး မြတ်နိုးရသူ၏ ဆယ့်ခုနစ်နှစ်မြောက် မွေးရက်မင်္ဂလာနေ့လေ။ အို....တိတ်တခိုး မဟုတ်ပါဘူးလေ။ တို့ချစ်ရတာ ဟိုး ကလေးဘဝတည်းကပါ။ တိတ်တဆိတ်နဲ့ ချစ်မြတ်နိုးရသူ ဆိုပါတော့။ သူ့အပါအဝင် အန်တီတို့ရော ဘာအထိမ်းအမှတ်မှ လုပ်မည်မပြောပေမယ့် ကိုယ်က နှစ်စဉ်လုပ်လေ့ရှိမြဲအတိုင်းလုပ်ရန် ရည်ရွယ်ထားပြီးပြီ။

ဘယ်သူ့ကိုမှ အသိမပေးရဲဘဲ တစ်ဦးတည်း လျှို့ဝှက်စွာပေါ့။ ချစ်တယ်ဆိုတာ သူ သိသည် မသိသည် အကြောင်း



မဟုတ်သော်လည်း သူ့ကိစ္စလေးတွေ သူ့အတွက်လေးတွေ ရွေးချယ်လုပ်ကိုင်ပေးခြင်းဖြင့် ကျေနပ်နေနိုင်သည်။ ဖြေသိမ့်နေနိုင်သည်လေ။

ဒီနေ့ရက်ကို စောင့်မျှော်လျက် တစိမ့်စိမ့် ကြည်နူးနေရခြင်းကြောင့် အိပ်ရာမှနိုးစပင် လန်းဆန်းနေသည်။ ချမ်းအေးသော ဆောင်းနံနက်ပင်ဖြစ်ငြား ရေချိုးခန်းဝင်ပြီး တစ်ဗွမ်းဗွမ်း လောင်းချလိုက်သည်။

မေးဖျားတွေ တခိုက်ခိုက်တုန်နေသော်လည်း တအီအီအင့်ငြီးကာ ပျော်နေ၏။ မွေးပွတဘက်ဖြင့် တစ်ကိုယ်လုံး သုတ်စင်နေပုံက ခပ်သွက်သွက်။ ပြတင်းမှကျော်ကာ ဝေ့ဆိုင်းဆိုင်း မြူမှုန်တွေကို ကြည်နူးခြင်းဖြင့် ငေးသေးသည်။

မင်းကို ပြောပေးကြပါကွယ်။ ခုအချိန်ထိ အိပ်ရာပေါ်မှာ ခြေတားကား လက်ကားကားနဲ့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေမယ့် သခင်လေးကိုလေ။

တစ်ခယောက်သောသူဟာ သတိတရ ရှိနေပါတယ်လို့....။

မျက်နှာနုနုပေါ်တွင် ဂျပန်ဖြစ် DOARU မိတ်ကပ်ရည် ပါးပါး လိမ်းသည်။ မက်ဖက်တာပေါင်ဒါကို ခပ်ရှရှလေးတို့ထိတော့ ပိုမို လှပသွားသည်။ နှုတ်ခမ်းနီပန်းဆိုကို ပိရိစွာ ဆိုးလိုက်သည်။ မျက်လုံးအဝန်းအဝိုင်းတွင် ရွှန်းလဲ့စွာပြည့်သိပ်နေသော မျက်တောင်ကော့များ၊ ဇင်ယော်အတောင်ပံလို ပုံကျလှပနေသော မျက်ခုံးမွေးနုနုများ၊ မျက်ခမ်းသားနှင့် ပိုက်ဖက်စွာ ပြည့်တင်းတင်း မျက်ရစ်များကြောင့် မျက်လုံးအတွက် ဘာခဆေးရောင်မှ မလိုအပ်ခဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဟောမာနေ့ဝင်း၏ စိန်ခြူးကြာညောင် သီချင်း တေးသွားအား အသာအယာညည်းဆိုရင်း အဖြူရောင်ဝတ်စုံကို ရွေးချယ်ဝတ်လိုက်သည်။

လက်ချောင်းလေးများဖြန့်လျက် မတိမကျ ရှည်စပြုနေသော လက်သည်းတို့အား တိနေအောင်ညှပ်ပြီး ဆံပင်ပျော့ခွေခွေတွေ သိမ်းကာ ဖဲပြားလေးဖြင့် စည်းနှောင်လိုက်သည်။

ဘုရားသွားချင်ကြောင်း မေမေ့ကို ညက ခွင့်တောင်းပြီးသား။ မမ လိုက်လို့မရအောင်လည်း အဖော်ရှာပြီးသား။

ရင်မှာ ပေါ့ပါးကြည်နူးကာ ကျေနပ်စွာ အိပ်ခန်းမှ ထွက်လိုက်သည်။

ကျောင်းတွင် မနေ့က ငါးနာရီထိ စောင့်နေသေးသည်။ သူလာမခေါ်ခဲ့။ မျှော်ရလွန်းသဖြင့် မောပန်းလွန်းခြင်းများနှင့် မျက်ရည်တို့ တတွေတွေကျသည်။ ပြန်ချင်လှပြီဖြစ်သည့် သူငယ်ချင်းကို အမျိုးမျိုး တောင်းပန် လက်ဆွဲထားပြီး စောင့်နေဖြစ်သည်။



ဘတ်စ်ကား တိုးမစီးချင်။ မစီးတတ်တာတာတစ်ကြောင်း ဘုန်းနိုင် လာကြိုလို့ မတွေ့ဘဲ ရှာရ၊ ပူပန်ရမှာ စိုးရိမ်ခြင်းကြောင့် တစ်ကြောင်း တေပေစွာ စောင့်ရင်း စောင့်မိ၏။

'ကိစ္စတစ်ခုခုရှိလို့ ဒါမှမဟုတ် မေ့သွားလို့ ဖြစ်လိမ့်မယ်၊ လာပါ ငါတို့ လိုက်ပို့မှာပေါ့ဟာ'

အချိန်တွေလည်း အရမ်းကုန်ခဲ့ပြီ။ စိတ်ဆိုး ဒေါသထွက်ရတာတွေကြောင့် လူက နွမ်းချည့်နေပြီ။ အမြန်ဆုံးနားဖို့ လိုနေပြီ။ ကားငှားပြီး သူငယ်ချင်းနှင့် ပြန်ခဲ့ပေမယ့် စိတ်က ပူပင်နေဆဲ။ တစ်ခုခုဖြစ်နေလျှင်ဟု တွေးမိဆဲ။

ကိုယ့်အတွက် စိတ်ဆိုးတာကသတ်သတ်၊ သူ့အတွက် စိတ်ပူတာက သတ်သတ်။

အလုပ်တွေများရသည့် သူမစိတ်တွေ အရမ်းကို ပင်ပန်းနေရပါပြီလေ။

'ဒီကိစ္စ နင် အပြတ်ဆုံးမပစ်သိလား၊ သူ နင့်ကို သိပ်နိုင်တာပဲ၊ ငါသာဆို ဒီလို အကြာကြီး စောင့်နေမှာ မဟုတ်ဘူး'

'ငါ သူ့အပေါ် သံယောဇဉ်ကြီးတယ်ဟာ၊ သူ အလုပ်တွေ သိပ်များလို့ မေ့သွားတာနေမှာပါ'

'သေလိုက်ပါတော့ မိစုစံရယ်၊ ရှေ့ရှောက် နင် လုံးဝမလွယ်ဘူး သိလား၊ နင်က အခွင့်အရေး သိပ်ပေးလွန်းသယ်၊ ငါ အန်တီနဲ့ တိုင်ပစ်မယ်'

'ဟယ် မလုပ်ပါနဲ့ဟယ်၊ အဲဒါတော့ ငါ အရှုံး [illegible] နေပါတယ်ဟာ၊ အခုကိစ္စ မေမေ မသိပါစေနဲ့နော်'

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေ နားမလည်စွာ ခေါင်းခါ ငြင်းဆန်ကြသည်။ စာနာစွာကြည့်ရင်း အဝေးသို့ငေး၏။ နင်တို့က ပြောနိုင်အားကြမည်ပေါ့လေ။ ငါ ခံစားနေရသလို ဘယ်သူမှ မခံစားကြရပဲကိုး။ မစာနာနိုင်ကြပဲကိုး။ နောက်ဆိုလျှင် သည်အခွင့်အရေးတွေထဲက တစ်ခုတလေကလေးတောင် ယောင်တောင်ပေါင်တောင်ရတော့မှာ မဟုတ်ပါဘူးဟာ။

ငါ သူ့ကို ဘယ်လိုစိတ်ဆိုးနိုင်မလဲ။

ဆည်းလည်းသံ တချွင်ချွင်ကို ကြားစပင် ရှင်လန်းစိတ်က အားသစ်လောင်းသည်။ ပေါ့ပါးသည့် ခေတ်လှေကားကို တမင် အသုံးမပြုဘဲ လှေကားထစ်တွေမှ ပျော်ရွှင်စွာ တက်ခဲ့ခြင်းက မောရမှန်း နွမ်းရမှန်းပင် မသိရှိ။

လက်ယာရစ်ပတ်ဆာ ဘုန်းနိုင်မြင့်ကိုယ်စား ကြည်ညိုစိတ်ပွားသည်။ ကိုယ်တိုင် ကြည်ညိုခြင်းများအား ဘုန်းနိုင်မြင့်ဆီသို့ ရည်စူး ပို့ဆက်နေမိသည်။ ကျောက်ပြားချပ် ဖြူဖြူတို့ကို နင်းရင်း ခြေလှမ်းတွေက ပေါ့ပါးမြူးကြွနေသည်။

စိတ်မှာတော့ ပကတိ ဖြူစင်ကြည်လင်ခြင်းနှင့်ပေါ့။



ဘုန်းနိုင်မြင့်သာ နံဘေးမှာ ပါလာခဲ့လျှင်ဟု လျှပ်တပြက် တွေးမိတော့ သိမ်မွေ့စွာ ကြည်နူးရပြန်သည်။ သို့သော် သူမက သူ့ချစ်သူမှ မဟုတ်ဘဲ။ သူ့နံဘေးမှာ သူ့ချစ်သူ ရှိနေတာက သဘာဝအကျဆုံး။

ဒါဆို....

အတွေးကြောင့် လှုတစ်ကိုယ်လုံး ပျောက်ဆုံးသွားမတတ် သေးသိမ်သွားသည်။ ဝမ်းနည်းခြင်းများ ပြည့်လျှံ နေရာယူ၏။

ပန်းစည်းတွေ ဆုပ်ကိုင်ထားသောလက်ကို အားပြု ဆုပ်ညှစ်မိသည်။

မေလေးဟာဟု တစ်ကြိမ်တည်း သံယောင်စကားသံလေးကို ကြားမိသည်။

ဘုရားရင်ပြင်မှာ အောက်စီဂျင်လေထဲ ပါးလျရော့ရဲပြီ ထင်သည်။ ရင်မှာ တင်းခဲကျုပ်သိပ်လှ၏။

တစ်သက်လုံး သည်လိုပဲ ချစ်သူ မွေ့နွေ့ပဲကို တိတ်ဆိတ်စွာ ကျင်းပရမည်လား။ သူမရဲ့ ချစ်တတ်မှုတွေကို ဘယ်သူမှ မသိအောင် သိမ်းဆည်း သော့ပိတ်ထားရမည်လား။

ဟင့်အင်း... သည်လိုတော့ဖြင့် မခံစားနိုင်ပေါ့။

ဒါဆို မင်း ဘာလုပ်မှာလဲ ကူးကူ၊ မင်းက ဟိုးကတည်းက သိသိခဲ့တဲ့ မင်းအချစ်တွေကို ခုချိန်မှာ မျက်နှာမဲ့ ဖွင့်ဟပြချင် ပြီပေါ့လေ။ မင်းကို သနားတာလည်းပြီး သူ ပိုနိုင်မလား။ အား မတတ်နိုင်တဲ့ ကရုဏာသက် အကြည်တွေနဲ့ [illegible] [illegible]သော မင်းခံချင်လို့လား။

www.burmeseclassic.com



ဟင့်အင်း....အဲလိုတော့သည်း မခံစားနိုင်ပါ။

မျက်ရည်ငွေ့တွေက မျက်ဝန်းတစ်ခုလုံးကို ဖုံးလွှမ်းလိုက်ခြင်းကြောင့် အမြင်အာရုံတွေ ဝေဝါးသွားသည်။

သုံးလေးကြိမ် ပုတ်ခတ်ပြီး တစ်ဖက်စီ ကြွေဆင်းလာတော့ ရင်မှာ နာကျင်၏။ ငွေ့ရမ်း တိုက်ခတ်နေသော မြောက်ပြန်လေရူးသည် ရှတ, ခါးသက်လှသည်။

စောစောက ကြည်လင်ခြင်းတွေ ဘယ်သို့ လွင့်ပြေးလေပြီနည်း။

ဟင့်အင်း....မဟုတ်ဘူး ကူးကူး၊ မင်း အတွေးအခေါ်တွေ သိပ်ကျဆင်းနေပြီ၊ မင်း အခု ဘာလုပ်နေသလဲ စဉ်းစားဦးလေ။ ဘုန်းနိုင်မြဲဖို့အတွက် ကုသိုလ်လုပ်ဖို့ သည်လို ဘုရားတက်ခဲ့တာ ဘယ်နှစ်ကြိမ်ရှိခဲ့ပြီလဲ၊ ဘယ်လောက် အတိုင်းအတာ အချိန်ကာလ ကြာပြီလဲ။

လတ်တလော ပေါ်ပင်ခံစားရတဲ့ ချစ်ခြင်းမေတ္တာနဲ့ ဒီအလုပ်ကို လုပ်လာခဲ့သူလား၊ ရူးရူးမိုက်မိုက် ထ, ရမ်းလုပ်သူလား။



အချိန်ကာလတွေ ဒီလောက်အများကြီး စောင့်စားခဲ့ပြီးမှ မဟုတ်တဲ့ ကိစ္စလေးတစ်ခုနဲ့ မင်းရဲ့ ဖြူစင်မှုတွေ အပျက်စီးခံမလား။ ကြည်နူးမှုသန့်သန့်တွေ အဆုံးရှုံးခံမလား။

ဟိုး နှစ်တွေတုန်းကလည်း ခုလို တစ်ယောက်တည်းပါပဲ။ ဒါပေမယ့် ဘယ်လောက် ချမ်းမြေ့သာယာခဲ့ရသလဲ။ မင်း တစ်သက်လုံး မေ့နိုင်တော့မှာမဟုတ်တဲ့ ခံစားချက်တွေကို ဒီကိစ္စလေးလောက်နဲ့ အခြေမွခံမလား. ကူးကူး။

လက်ဖက်ကောင်းစားချင် ပလောင်တောင်တက်နွေးတဲ့။

ပယောဂနဲ့ အဓိကကို မင်းရွေးချယ်တတ်မှ ဖြစ်တော့မယ်။ သူ့ကိုချစ်ရင် သူ့ဘေးက အနှောင့်အယှက်တွေကို ဥပေက္ခာပြုနိုင်ရမယ်လေ။ ဒါမှလည်း မင်းရဲ့မေတ္တာပေါ်လွင်ပြီး -သူ ခံစားခွင့် ရနိုင်တော့မှာပေါ့။

ဆယ့်ခုနှစ်ခွက် ရေသပ္ပာယ်ရင်း နှုတ်ခမ်းတို့ ညှင်သာပြုံးရွှင်လာကြသည်။ ရှင်းသန့်သောစိတ်ဖြင့် ကြည်ညိုခြင်းများ ရင်သို့ တိုးဝင်လာတော့ အနှောင့်အတွေးအတွက် နောင်တရချင်သည်။

သည်းညည်းခံစိတ်ရှည်မှုတွေ များစွာ ပေးဆပ်နိုင်ရမည်ဟု သိသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

မနက်ဖြန် အောင်အန်းကွင်းမှာ ဘောလုံးပွဲ သွားကြည့်မည်။ အကြိုဗိုလ်လုပွဲသို့တက်သွားသော မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းကိုယ်စားပြု အသင်းနှစ်သင်းက သူမသာ ကိုယ်မသာ ကြည့်လို့ကောင်းမည်ဆိုတာ ရက်ချိန်းလိုက်ကတည်းက သိပြီးသား။

တစ်ချက်ခုတ် နှစ်ချက်ပြတ် သူငယ်ချင်းတွေ အလယ်မှာ မေလေးကို ကြားရမည်။ ချစ်သူနှင့်အတူ ဘောလုံးပွဲ လိုက်ကြည့်ပေးသူလေးအဖြစ် သူမကို ဂုဏ်တက်စေချင်သည်။

ပြီးတော့ ရက်စတောရင့် တစ်ခုမှာ ညစာစားမည်။ ဘောလုံးပွဲက သုံးနာရီခွဲမှာ စ မှာဆိုတော့ မနက်ပိုင်း အချိန်တွေကို မေလေးအတွက် ဖြုန်းတီးသင့်သည်။

အကောင်းဆုံး အနှစ်သက်ဆုံးဖြစ်အောင် ဘယ်လို စီစဉ်ပေးရလေမည်လဲ။



အိမ်ကနေ ဖလင်နှစ်လိပ်နှင့် ကင်မရာထည့်သွားပြီး နေရာအနှံ့အပြားမှာ ဓာတ်ပုံရိုက်ပေးမည်။ မေလေးက ရှုခင်းကောင်းကောင်းကို နောက်ခံထားလျက် သူမကို လှတယ်ဆိုလျှင် သိပ်သဘောကျသည်။ ကိုယ်နေအမျိုးမျိုး၊ နေရာအမျိုးမျိုးဖြင့် ပုံတွေအများကြီး ပြဖူးသည်။

သို့ကြောင့် သူမ၏ အယ်ဘမ်အခရေအတွက် ပိုလာဦးမည်ပေါ့။

'ဟာ....ဒါ သိပ်ကောင်းတယ်'

အိမ်ရာပေါ်မှာ လဲလျောင်းရင်း စီစဉ်မှုတွေ စိတ်ဖြင့်လုပ်နေသည်။ သိပ်ပျော်ဖို့ကောင်းမည်ကိုတွေးပြီး အလိုအလျောက် ပြုံး၏။ ခေါင်းအုံးကို ခပ်ဖွဖွ ထွေးရင်း ချစ်သူ၏မျက်နှာချိုချိုကို မြင်ယောင်သည်။ ကိုယ်ဟန်ဆတ်ဆတ်နှင့် လှပစွာလျှောက်လှမ်းတတ်သော ချစ်သူကို သတိရသည်။

သူ့စိတ်တွေကို သူမလှမ်းနိုင်စွမ်းလှ၏။

www.burmeseclassic.com

www.burmeseclassic.com



'သွားကွာ...ကို သိပ်နောက်တာပဲ'

ခြေစုံကို ခပ်စောင့်စောင့်လုပ်ပြီး လှမ်းရိုက်သည်။ လက်သွယ်တွင် ဝတ်ဆင်မြဲ စတီးလ်လက်ကောက်နှစ်ကွင်း ခိုက်မိသဖြင့် အသံတွေ ထွက်လာ၏။ ကင်မရာကို မျက်နှာမှခွာကာ ထွက်ပြေးရင်း ရယ်နေမိသည်။

'အဲဒီ လျှာထုတ် မျက်လုံးပြူးပုံကြီး ပါသွားပြီ သိလား'

'ကိုက ညစ်တာကိုး၊ နေပူလာပြီ မြန်မြန်ရိုက်ပါ၊ သူများ ဗိုက်ဆာနေပြီကွာ'

ရင်မှာ ထိတ်ခနဲ ပူသွားသည်။ နာရီကို ခပ်သွက်သွက် ငုံ့ကြည့်၏။ ဆယ့်တစ်နာရီခွဲနေပြီပဲ။ ဆာလောင် မွတ်သိပ်လှတော့မည်။ ကိုယ့်အတွက် တကူးတကလိုက်လာသည့် သူမလေးအပေါ် ပေါ့ဆခဲ့သဖြင့် နောင်တရသည်။

မျက်နှာမှာ ချွေးလေးတွေစို့နေတာကို ကြင်နာစွာ လှမ်းတို့ပေးရင်း...

'စောစောက ပြောရောပေါ့ မေလေးရာ၊ ကိုယ် လုံးဝမေ့နေတာ၊ ဗိုက်လဲ မဆာဖြစ်ဘူး၊ အဲဒါ ကိုယ့်အပြစ်၊ ကဲ.... မေလေး ဘယ်မှာစားချင်လဲ၊ စားချင်တဲ့ဆီကို သွားကြမယ် ဟုတ်ပြီလား'

'ဟင့်အင်း...ဓာတ်ပုံ ပြီးအောင်ရိုက်ပေးဦး၊ ပြီးမှ သွားမယ်'

'ကြာသွားတော့ ဗိုက်အရမ်းဆာပြီး အောင့်လိမ့်မယ် မေလေး၊ပြီးရင် ဆက်ရိုက်ကြမယ်လေ၊ ဘောလုံးပွဲက ၃-နာရီ ခွဲမှပဲ'



မြေကြီးတွင် ထိုင်ချထားသဖြင့် ပေကျနေသောဖုန်မှုန့်တို့ကို တင်ပါးပုတ်ခါသည်။ မေလေးတွင်လည်း ရှိ မရှိ စစ်ဆေး၏။ ပခုံးစွန်း၌ ချိတ်လှလှ သစ်ကိုင်းခြောက်စကို ဖယ်သည်။ နေပူသဖြင့် နီရဲရဲမျက်နှာလေးအား ချစ်စဖွယ် ကြည့်နေမိသည်။

'လုပ်ပါ ကိုရာ၊ ဓာတ်ပုံ ပြီးအောင်ရိုက်စမ်းပါ၊ သွားရမြန်ရနဲ့ အချိန်တွေ အလကားကုန်ပါတယ်၊ ဓာတ်ဆီလဲ ကုန်တယ်၊ ပင်လဲပင်ပန်းတယ်၊ ဆယ်ပုံပဲ ကျန်တော့တဲ့ဥစ္စာ၊ ခဏလေးပါ'

'နောက်တစ်နာရီလောက်ကြာမှာ မေလေးရဲ့'

'တော်ပြီကွာ၊ ကို့ကို ဆက်မပြောတော့ဘူး၊ လုပ်ချင်ရာလုပ်တော့'

မေလေး အဲဒီလိုပြောပြီဆို သူ့အသည်းမှာ အောင့်လှသည်။ ထင်ရာစိုင်း လုပ်ကျင့်ရှိသူတစ်ယောက် မဟုတ်တာ အထင်ကရပင်။ ပြောရက်ပုံစာ အသိအမှတ်မပြုသလို။

'မေလေး ရိုက်စေချင်ရင် ကိုဆက်ရိုက်ပေးမှာပေါ့ကွာ၊ တော်ကြာ ဗိုက်ဆာနေမှာစိုးလို့ပြောတာ'

သစ်မြစ်ဆုံ၌ ဆောင့်ခနဲထိုင်ချကာ မျက်နှာတစ်ဖက် လှည့်ထားသော သူမသည် သူ့ချစ်သူ ဖြစ်သည်။ သူနှင့်အတူ ရှိနေရသည့် စက္ကန့်မိနစ်တိုင်းတွင် စိတ်ချမ်းသာစွာ ပျော်ရွှင်နေသင့်သည်။ ဒါမှလည်း လူသားပီသ ချစ်တတ်ရာကျမည်။

'ဟင်းအင်း၊ ဗိုက်လဲ ဆာပါစေပေါ့၊ ဓာတ်ပုံရိုက်လို့မပြီးသေးတာ၊ မသိဘူး'

www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်း ဖြစ်ရသည်။ အလျော်ပေးဖို့ ပိုင်းဖြတ်လိုက်၏၊ သူမ စိတ်ချမ်းသာမှု ကမ္ဘာကြီး ငြိမ်းချမ်းပေလိမ့်မည်။

'ဒါဆို ဟိုနားက မုန့်ဆိုင်မှာ အဆာပြေ တစ်ခုခု သွားငယ် လိုက်မယ်လေ၊ စားရင်းနဲ့ ဓာတ်ပုံအရိုက်ခံပေါ့နော်'

ခပ်ဆိုင်းဆိုင်း ခေါင်းညိတ်လိုက်ပုံလေးကပင် ရင်ကို အေးမြစေသည်။ စကားကို နားထောင်ခြင်းအတွက် ချစ်စနိုးဖြင့် ပါးပြင်လေးတွင် ဖွဖွနမ်းသည်။ မင်းကောင်မလေးကို မင်း ထိန်းနိုင်ရင်တော့ မင်းမဆိုးပါဘူးဟူသော အောင်ကျော်လင်း အစ်ကိုကြီး စကားကို ကြားယောင်သည်။

'အိုး.... မေ့နေလိုက်တာ တာကယ်ပဲ'

လူစုလမ်းရှိ ရွှေကိန္နရီ စားတော်ဆက်မှထွက်လာစဉ် ရေရွတ်သည်။ အထိတ်တလန့် ဖြစ်သွား၏။ မျက်လုံးစုံ စိုက်ကြည့်နေခြင်းကြောင့် ရင်ထဲ ပိုခုန်လာသည်။

'ဘာလဲ မေလေး၊ ဘာမေ့ခဲ့တာလဲ'

'ဟို....ဟို.... မေမေ ညီသည်တစ်ယောက်နဲ့ ချိန်းထားတာ ခုမှ သတိရတယ်၊ အဲဒါ မေလေးမရှိရင် လုံးဝမဖြစ်ဘူး ကို၊ မေလေး ပြန်မှ ဖြစ်မယ်'



နားမလည်နိုင်စွာ ငေးကြည့်နေမိသည်။ဟိုးနေ့တွေကတည်းက ဓာတ်ပုံရိုက်ပေးဖို့တွေ၊ အတူလက်ဆုံစားဖို့တွေ၊ ဘောလုံးပွဲ လိုက်ကြည့်ဖို့တွေ စီကာစဉ်ကာပြောပြီး အသိပေးခဲ့ခြင်း ဖြစ်သည်။ ရယ်မောကာ ခေါင်းညိတ်လက်ခံသော ဟန်လေးကိုပင် မမေ့သေး။

အစဉ်အမြဲ စေ့စပ်သေချာသူက မရှိရင် လုံးဝမဖြစ်လောက်အောင် အရေးကြီးသော ကိစ္စတစ်ခုကို အချိန်နီးကပ်သည်အထိ သတိမရနိုင်တာ နည်းနည်းမှ သဘာဝမကျ။

'မသွားလို့ မဖြစ်ဘူးလားဟင်၊ ဘောလုံးကွင်းမှာ သူငယ်ချင်းတွေ ကိုယ်တို့ကို စောင့်နေမှာ'

'မေလေး အရေးတကြီးကိစ္စနဲ့ ပါသွားတယ်လို့ သူတို့ကို ပြောပြလိုက်လေ၊ ဒီနေ့ တစ်နေ့လုံး ကိုနဲ့ အချိန်ဖြုန်းပြီးပြီပဲ၊ ဖြစ်ပါတယ်ကွာ၊ ဘောလုံးကွင်းတော့ မလိုက်ပါရစေနဲ့'

'ကိုယ် သူတို့ကို ဘယ်လို မျက်နှာပြရမလဲ'

'ဘုန်းမြရှိန်ကိုက ဘောလုံးကွင်းကို ဘာရည်ရွယ်ချက်နဲ့ သွားမှာလဲ၊ ဘောလုံး[illegible] ကြည့်ဖို့ မဟုတ်လား၊ သူငယ်ချင်းတွေ အဖော်ရှိသားပဲ၊ သူတို့နဲ့ဆို ပျော်လာမှာပါ၊ ဒီအ ဘောလုံးပွဲဆိုတာကို လေယံလောက်ပဲ ကြားဖူးတာရှင့်၊ သုံးဝါသနာရှိတာ မဟုတ်ဘူး'

မိန်းကလေးတစ်ယောက်အနေနှင့် ဘောလုံးပွဲကို [illegible] မရှိတာ ပြည့်ဝစွာ သဘာဝကျသည်။ သူ့ဆန္ဒတွေ [illegible] မဖြည့်ဆည်းနိုင်တာကတော့သဘာဝမကျ။ ဒါ[illegible]

www.burmeseclassic.com

www.burmeseclassic.com



သွားချင်ရာ လိုက်ခဲ့မယ်ကွယ်ဟု နှုတ်မှ ထွက်လုထွက်ခင် တင်းကျပ်သော သိက္ခာတစ်ခုဖြင့် နှုတ်ခမ်းတို့ စေ့ပိတ်နေကြသည်။

ရင်ဝမှာ စကားတွေများစွာ ကြိတ်မှိတ် ပေါက်ကွဲလျက် ဆို့နစ်နေ၏။

'တစ်ယောက်တည်းပဲလား၊ ဒါနဲ့ ခေါ်လာမယ်ဆို'

'အေး.... သူ သိပ်နေမကောင်းလို့ကွာ'

ဖြေသာ ဖြေရသည်။ မလုံလဲလှ။ မနက်ကပင် ပျော်ပျော်ရွှင်ရွှင် အတူရှိလျက် သူတို့တွေ့တာ မေ့ လိမ့်မည် မဟုတ်သေး။ မုသားမပါ လင်္ကာမချော ဆောင်ပုဒ်အရ အဆင်ပြေပြေ အခါတိုင်း ပြောလေ့ရှိတတ်သော်လည်း [illegible] ဘာကြောင့်မှန်းမသိစွာ မျက်နှာတို့ စပ်ဖျဉ်းနေ၏။

'ဟေ့ကောင် ဘယ်လို ဖြစ်လာတာလဲ၊ မျက်နှာကြီးလဲ မှုန်လို့ပါလား၊ မျိုးဝင့်မေရော'

'ကျန်ရစ်.... ကျန်ရစ်.... အရေးတကြီး ကိစ္စရှိလို့တဲ့ ကျန်ရစ်တယ်'



ကောင်မလေးက ယုယစွာ လီမွှော်သီးခွံ့တာ စားလိုက်သော သူငယ်ချင်းတစ်ဦး၏ အမေးတွင် စကားသံတွေ ထစ်အသွားသည်။ မင်း သိပ်ကံကောင်းတယ်ကွာဟု ရင်မှာ ပြောမိ၏။ တကယ်တော့ ရည်ရွယ်တာနှင့် တခြားစီပင်။

'မင်း အစက ခေါ်ခဲ့မယ် ဆိုပြီးကွာ၊ ငါက သူနဲ့ မိတ်ဆက်ပေးမလို့၊ မျိုးဝင့်မေ ချောတာ လှတာ ပြချင်တာလဲ ပါပါတယ်'

'ချောတာ လှတာ သာမည၊ အကြင်နာက အဓိကပါကွာ'

ခုတော့ သူ မျက်နှာငယ်ရပြီ။ ကိုယ့်ချစ်သူထံမှ အခွင့်အရေး မတောင်းဆိုတတ်သူသည် လူစဉ်မမီသော ယောကျ်ား တစ်ယောက်သာ ဖြစ်လိမ့်မည်။ စိတ်ဝင်စားစရာ အကောင်းဆုံး ဘောလုံးပွဲကိုပင် ထိုင်ကြည့်နေရင်းက ဘာဖြစ်လို့ ဖြစ်သွားမှန်း မသိလောက်အောင် စိတ်တို့ လေလွင့်နေမိသည်။ နာကျင်ခံခက်ခြင်းနှင့် ရှက်ရွံ့ ဝမ်းနည်းခြင်းတို့ လောင်မြိုက်နေခြင်းကြောင့် သိစိတ်တို့ ကျွမ်းစပ်နေကြသည်။

အလိုမပြည့်သော ဆန္ဒများဖြင့် ကိုယ့်ကိုယ်သာ မကျေမနပ် ဖြစ်မိတော့သည်။

---



www.burmeseclassic.com

www.burmeseclassic.com



အချိန်တွေကြာလာလေ မျိုးဝင့်မေကို ပိုမိုတွေ့ချင်လာသည်။ ဘောလုံးပွဲပြီးသည်အထိ သည်းမခံနိုင်ဖြစ်ကာ အပြေးထွက်ခဲ့သည်။ မျိုးဝင့်မေဆီ သူ သွားမည်။ သူနှင့်အတူ ဘောလုံးပွဲကြည့်ရန် တောင်းဆိုမည်။ သူ့ဆန္ဒတွေ အကုန်မဟုတ်တောင် တစ်စိတ်တစ်ပိုင်းမျှတော့ လိုက်လျောနိုင်ရမည်။

ကားကို တရကြမ်း မောင်းထွက်ခဲ့၏။

(၁၂)

ကားက တုံ့ခနဲရပ်သွားသည်။ ဝန်းကျင်ဝဲယာကို လှည့်ပတ်ကြည့်လိုက်၏။ မေလေးနေထိုင်သော ကြည့်မြင်တိုင် လမ်းမကြီးပေါ်မှာတော့ မဟုတ်။

အဖြစ်အပျက်တို့ကို တအံ့တသြ မှင်တက်နေမိသည်။

မူးခေ မှုန်မှိုင်းခြင်း မရှိ။ လူကောင်းပကာတိ သူသည် အဘယ်ကြောင့် သည်ကို ရောက်လာရပါသနည်း။ မွေးကတည်းက အခေါက်ပေါင်း မရေတွက်နိုင်အောင် လာမြဲ ဒီလမ်းကို မမြင်ဖူးသူ တစ်ဦးကဲ့သို့ ငေးကြည့်မိသည်။

သူ မသိလိုက်။ လုံးဝကို မသိရှိလိုက်။

အမှန်တော့ ထိပ်နှာ၊ ချိုးကတည်းက အသိရှိနေဖို့တော့ ကောင်းပါသည်။

သို့ဆိုလျှင် သူ၏ သိခြင်းတွေ အဘယ်ကမ္ဘာဆီ သွားရောက် ပျောက်ဆုံးနေပါသနည်း။

www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့ လာလေ တုန်းနိုင်၊ ဘာရပ်လုပ်နေတာလဲ၊ နင့်ကြည့်ရတာ ကြောင်တောင်တောင်နဲ့'

မျက်မှောင်ကုတ်ကာ ကူးကူ ခြံတံခါး ဖွင့်ပေးသည်။ ခပ်တွေတွေ ငေးကြည့်နေရာမှ ထအံ့တသြ ပြောသည်။

'ငါ နှင်တို့အိမ် လာတာ မဟုတ်ဘူး ကူးကူ'

'ဟင်.... ဒါဆို ဘယ်ကို လာတာလဲ'

'ဟို.... ဟို.... မျိုးဝင့်မေတို့အိမ်'

'ဩော်... သူတို့က ဒီနားမှာ နေတာလား၊ နင် တစ်ခါ ပြောတော့ ကြည့်မြင်တိုင်ဆို'

'ဟုတ်တယ်၊ ကြည့်မြင်တိုင်မှာ'

'ဘာ.... နင့်စကားက ဘာလဲ၊ နင် မူးတော့ မူးမနေပါဘူး နော်'

'ဘာလို့ မူးရမှာလဲ'

'သိဘူးလေ၊ ဘာတွေညာတွေ သောက်ပြီး ရောက်လာ ထလားလို့ပေါ့၊ ပုံစံကိုက သွေးပျက်နေသလား မှတ်ရတယ်'

'ဟာ.... ငါ မသောက်တတ်သေးပါဘူး'

ကူးကူက စေ့စေ့စပ်စပ်ကြည့်ကာ....

'အေး၊ မမူးရင် ရူးနေတာပဲ ဖြစ်လိမ့်မယ်၊ ကြည့်မြင်တိုင်နဲ့ ရှင်စောပုလမ်းဟာ အမေရိကားနဲ့ ဂျပန်လို တခြားစီပဲ'

ဘာကြောင့်မှန်းမသိ ရင်ထဲမှာ နင့်သွားသည်။ ကူးကူ နောက်က လိုက်ဝင်လာရင်း ခြေလှမ်းတွေမသွက်ချင်။

သိစိတ်ကင်းလျက် အိပ်မက်မှ ယောင်ထသူလို ကားမောင်းခဲ့ခြင်းအား တိကျစွာ အဖြေရှာမရ။



'အိမ်ထဲ မဝင်တော့ဘူးကွာ၊ ခြံထဲမှာပဲ စကားပြောရအောင်၊ ထိုင်စမ်းပါ'

ငေးရီရီ ကြည့်သော သူ့မကို သတိပြုမိလျက် ခေါင်းငိုက်ဖြစ်သည်။

မြေကြီးတွင် မြက်ပင်ကလေးတွေ မတို့တဆို့ ပေါက်နေ၏။ ခြေဖျားဖြင့် အဓိပ္ပာယ်မဲ့ ကစားသည်။

စိတ်တို့ တစ်စထက်တစ်စ တည်ငြိမ်စပြုလာပြီ။

'ငါ ဘောလုံးပွဲကြည့်ရင်းနဲ့ ထွက်လာခဲ့တာ ကူးကူ၊ ငါ သိပ်ဒေါသထွက်နေတယ်၊ ဒီနေ့ တစ်နေ့လုံး သူနဲ့ လျှောက်လည်ကြတယ်ဟာ၊ ဓာတ်ပုံရိုက်ပေးတယ်၊ နေရာအနှံ့ပဲ၊ နဂိုတည်းက သူ့ကို ကြိုပြောပြီးသား....'

'ဒီကိစ္စ ပြောပြထားဖို့ကောင်းတာပေါ့၊ နီးမှ ရအောင် ထွက်သွားတော့ ငါ့အစီအစဉ်တွေအားလုံး ပျက်သွားတာ ဘယ်လောက် ဒေါကန်ဖို့ကောင်းလဲ'

ဝမ်းနည်းစွာ အသံတို့ တုန်လှိုက်လျက်ရှိသည်။ လက်ဖျားမှာ ကူးကူ၏ နူးညံ့စွာ အတွေ့ကို ရသည်။ ပြန်လည်ဆုပ်ကိုင်မိခြင်းဖြင့် အားတက်သည်။

'လူဆိုတာ မေ့တတ်တာမျိုးက ရှိတာပဲ တုန်းနိုင်ရယ်၊ သူ တကယ်မေ့နေလို့ဖြစ်မှာပါဟာ၊ ဘယ်နေရာမဆို ကိုယ့်ဘက်က ကြည့်တော့ မှန်နေတတ်တာမျိုး၊ ချစ်သူဆိုတာ တစ်ဦးနဲ့ တစ်ဦး နားလည်မှ ပျော်စရာကောင်းတာတဲ့'

'နားလည်တာကတော့ နားလည်နေတာပဲလေ၊ [illegible] သူ ငါ့အပေါ် ဆက်ဆံတာ မျှတမှုမရှိသလိုပဲ'

www.burmeseclassic.com



ကူကူ ဘက်ပြင်းတစ်ချက်ရှိုက်လိုက်တာ သိသည်။ သူငယ်ချင်းဓောင်း ပီသစွာ စာနာခြင်းဖြင့် ပူလောင်ပြီဟု စိတ်ဓောင်း၏ သို့သော် ခဏသာ၏ ကိုယ့်အပူက ပိုမိုများပြားစွာ ဖုံးလွှမ်းလျက်၏

'သချ်ာ စဉ်းစားကြည့်ရင်မတော့ နှင်က ယောကျ်ားလေး သူက မိန်းကလေးကွာ၊ မိန်းမတွေက ယောကျ်ားတွေထက် ခံနိုင်ရည်အင်အား နည်းပါးကြတယ်၊ အဲဒါကြောင့် သူက သူ့ဘက်ကို ပိုပြီး ပိုတွက်တာပဲပေါ့၊ ဒါလဲ တင်နည်းနဲ့တော့ ကောင်းတာပဲ၊ သူ ကျန်းမာမှ နှင် စိတ်ချမ်းသာရမှာ မဟုတ်လား၊ ငါ ဘက်လိုက်ပြောတာ မဟုတ်ဘူးနော်၊ နှင်တာ ငါ့သူငယ်ချင်းပဲ ဘုန်းနိုင်၊ ဟိုတစ်ယောက်ကို ငါ မြင်ဖူးတာတောင် မဟုတ်ဘူး'

'မဟုတ်ဘူး ကူးကူး၊ နှင် သက်သက် ဘက်လိုက်ပြောတာပဲ၊ မိန်းမချင်းချင်းဆိုတော့ မိန်းမဘက်မှာပဲ နေတာပေါ့'

တစ်ယောက်ယောက်ကို ရန်လုပ်ချင်နေသောစိတ်တို့ ကူးကူ ထံ ပွင့်အန်ထွက်ကျလာသည်၊

မမြင်ဖူးသူကို စိုက်ကြည့်သော ကရုဏာ မျက်ဝန်းတို့အား တွေ့ရသည်၊

စိတ်တွေ ပိုမိုခံပြင်းလာသည်။ ဖွဖွ ဆုပ်နယ်ပေးနေသော လက်အစုံကို လွှတ်လိုက်၏

'ဘုန်းနိုင်ရာ၊ နှင် အဲဒီလိုပြောမှာသိလို့ စာမင် ကြိုပြောခဲ့ပါရော၊ ငါ ဘက်မလိုက်ဘူး စိတ်ချ၊ ငါ့အပေါ် ဘက်လိုက်တာလဲ လုံးဝမကြိုက်တာ နှင်သိသားပဲ'



'အဲ....နှင်တို့ မကြေမလည်ဖြစ်ကြရင် နှစ်ဖက်လုံး ခံစားကြရမှာပဲလေ၊ နှင် သူ့ကိုချစ်တာ ငါသိတာပဲ၊ ဒါ ဘာမှ ပြောပလောက်တဲ့ အကြောင်းအရာ မဟုတ်ပါဘူးဟာ'

တည်ငြိမ်အေးဆေးစွာ လူကြီးလေးတစ်ယောက်လို ပြောပြနေသည့် စကားသံတို့ကို နားက အံ့သြနေ၏

မမချောအိအိစံနှင့် အန်တီတို့အားလုံး သူမကို မှန်ကျေးဖို့ လောက်သော အဓိကထားကြသူများ ဖြစ်သည်၊ အမှားအမှန် ဝေဖန်ပိုင်းခြားတတ်ဖို့ အလျဉ်းသင့်သလို ဆုံးခဲ့သော်လည်း အချစ်အကြောင်းတော့ ဘယ်သူမှ ပြောကြမှာ မဟုတ်ဘာသေချာသည်။

ဒါဆို ဒါတွေ သူမ ဘယ်ကသိသည်လဲ၊

'မဟုတ်ဘူး ကူးကူး၊ နှင် ဘက်လိုက်ပြောတာ သေချာတယ်၊ ငါမှန်တာ နှင် ငါ့ကို ထောက်ခံပေါ့၊ ပြော....ငါမှန်တယ် ငါ့ဘက်က လိုက်ပြောမယ်လို့ ပြော'

'နှင်မှန်ရင် နှင့်ဘက်ကလိုက်မှာပေါ့ ဘုန်းနိုင်'

'ငါပြောတဲ့အတိုင်း ပြောလေ၊ ဘာခံငြင်းနေတာလဲ'

'ကဲ....ကဲ....ပြောမယ် ဟုတ်ပါတယ်၊ ငါမှန်တယ်၊ ငါ့ဘက်က လိုက်ပြောမယ်'

သူ့စကားအတိုင်း တစ်သဝေမတိမ်း လိုက်ပြောသဖြင့် ပြုံးရသည်။

ကူးကူ သဘောတကျရယ်တော့ သူလည်း ပျော်ရွှင်စွာ လိုက်ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

ဘုန်းနိုင်မြစ်ီ ပြန်သွားသည်နှင့် အိပ်ခန်းတွင်းသို့ လှမ်းပါးစွာ ပြေးသည်။

မမက မျက်မှောင်တစ်ချက်ကြုတ်ပြီး လှမ်းကြည့်၏။

အခန်းတံခါးကို ချက်ချကာ အိပ်ရာတွင် မှောက်သည်။ မီးခလုတ်တွေပိတ်၊ အခန်း အမှောင်ချသည်။

တင်းကျပ်အောင် မျိုသိပ်ရသော နှလုံးသားများ ရုတ်ခြည်း ဖြေလျှော့လိုက်သည်။

ပူနွေးနွေး မျက်ရည်စက်များ တာရိုးမဲ့စွာ ကျဆင်းသာ၏။ နှာတွေ ဘယ်ကာလအတိုင်းအတာထိ သံရည်ပူထဲမှာ နှစ်မြုပ်ရဦးမည်မသိ။ ဟန်ဆောင်ခြင်း အတတ်ပညာကိုလည်း စိုးပိုင်ခဲ့ပြီ။

ကံတရားကြီးရယ် ကျွန်မကို တစ်လှည့် မျက်နှာသာ မပေးနိုင်တော့ဘူးလား။ သည်လိုပဲ ကြိတ်မှိတ် ငိုကြွေးနေရမှာလား။



ချစ်သူကို အဆုံးရှုံးခဲ့ပြီးတာနှင့် မပြီးသေး။ တခြား မိန်းမကြောင့် ရရှိသော ခံစားချက် ဒဏ်ရာဒဏ်ချက်တို့ကို ဖာထေး ဖြေဖျော့ပေးရသေးသည်။

မလှုပ်သာ မလှန့်သာ အခြေအနေ၊ မမျိုနိုင် မထွေးနိုင် ဆုပ်ဆူးစားရူး အခြေအနေ။

ခုလို ပေးဆပ်လိုက်ရခြင်းအတွက် တုံ့ပြန်မည့် မေတ္တာများကို မမျှော်လင့်ရဲပါ။

လတ်တလော စိတ်ချမ်းသာခွင့်ရှိဖို့ အစွမ်းကုန် ကြိုးစားရန် နှလုံးသားက နှာလည့်နေသည်။

သည်လိုပြောမှ ပျော်မည်မဟုတ်လား။

ကိုယ်ကိုယ်တိုင်ထက် သူ့ကို ပိုချစ်မိနေခြင်းဖြင့် နှလုံးသားနှင့်တကွ အရာအားလုံး စုတ်ပြတ်သတ်သွားပစေ။ တွေဝေ စဉ်းစားနေစရာမလိုပါ။

အသက်ရှိဆိုလျှင် အော်ညည်းသံထွက်လုမတတ်။ ခေါင်းအုံးကို တင်းတင်းဖက်မိသည်။

အံကိုကြိတ်ရင်း ယိုစီးကျနေသည့် မျက်ရည်စများအား ခပ်ကြမ်းကြမ်း သုတ်ပစ်၏။

လူတစ်ကိုယ်လုံး ချည့်နဲ့စွာ နုံးခွေနေသည်။

ခြေရင်း နံရံရှိ ရန်အောင်နှင့် မို့မို့မြင့်အောင် ...ဆောင်မယ်က စိုက်ကြည့်လျက် မခို့တရို့ လှောင်သလိုလို—

'အား....ဟင့်အင်း'

အမှောင်ထုထဲမှာ မျက်လုံးအစုံကို တင်းကျပ်စွာ...

www.burmeseclassic.com



ဘုန်းနိုင်မြင့်ကို တွေ့ကတည်းက ငါ နင့်ဆီကိုလာတာ မဟုတ်ဘူး။ မျိုးဝင့်မေဆီ ပြောကတည်းက တစ်ခုခုဖြစ်လာပြီ ဆိုတာ သိပြီးပြင်။ ဖြစ်နိုင်လျှင် ရွဲစကား၊ ဘုစကား၊ အမှန် စကားတွေသာ ရေးစပ် ပြောပစ်ချင်သည်။ ပြီးတော့ သာမန် သူငယ်ချင်းတစ်ယောက် အနေဖြင့် ကိုယ့်လူကိုယ် ခံနိုင်ရည် အားဖြည့်ပေးချင်သည်။ မူမမှန်သော သူ့အနေအထားက စိတ်ပူစရာ။

မေလေးကို သူ ဘယ်လိုချစ်ခဲ့တာ၊ မေလေးအတွက် သူ ဘယ်လောက်အနစ်နာခံတာ၊ မေလေး စိတ်ချမ်းသာဖို့ ဘယ် အတိုင်းအတာအထိ ကြိုးစားတာ။

အဲဒီကြားထဲမှာ မေလေး သူ့အပေါ် စိမ်းကားရက်စက် တာ၊ သူ့ဆန္ဒတွေကို ဘယ်လို ဘေးဖယ်ချတာ၊ ကျွမ်းကျင်စွာ ရှောင်ထွက်တတ်တာ၊ သူငယ်ချင်းတွေအကြား မျက်နှာပျက် သိမ်ငယ်ရတာ၊ ဒေါသထွက်ခြင်းနှင့် တစ်ပြိုင်နက်တည်းပင် ချစ် မြတ်နိုးစွဲလမ်းခြင်း၊ နာကျင်ခံခက်ခြင်းတို့ ပြောပြချိန် တစ် လျှောက်လုံး ဘုန်းနိုင်အသံတွေ တုန်ခါနေသည်။

ချစ်သူ၏ ခံစားမှုတို့ကို ထပ်တူထက် ပိုသာစွာ သိရှိနား လည်နေရသည်။ တစ်ချိန်တည်းမှာပင် ကိုယ့်အတွက် ခံစားမှု တွေ ရှိနေပြန်သည်။

နဂိုရှိရင်း အမုန်းဖြင့် မျိုးဝင့်မေအမည်ကို မကြားပင် လေသံမသာလပ်လိုပါ။ သို့သော် အခြေအနေက ကိုယ်မှ နား မထောင်လျှင် မဖြစ်သည့် အခြေအနေ။ ချစ်သူ၏ ခံစားချက်



တို့ ပေါ့သွားရုံမျှအတွက် နားများ နှလုံးသားများကို သံရည် ပူတွင် အစိမ်ခံ အနှစ်မြှုပ်ခံ ပါမည်။

အိမ်သို့ ကားဖြင့် အသိမရှိဘဲ ရောက်လာခြင်းကပင် ပူလောင်စိုးရိမ်လှပြီ။ တစ်ခုခုဖြစ်သွားရင် သူတသသခေါ် သော မေလေးဆိုသည်ထက် ပိုခံစားရမှာ....။

အမှန်တရားဘက်ကမ်းတွင် ချစ်သူရပ်တည်နေသော်လည်း စိတ်ပေါ့ပြေနိုင်ခွင့် မရှိ။ ကိုယ့်လမ်းကြောင်းပေါ်မှ အနိုင် ရသူကို ကွယ်ရာဖိချခြင်းသည် လူသားမဆန်သော အလုပ် တစ်ခု ဖြစ်သည်။ အခွင့်သင့်ချိန်မှာ ကိုယ်တစ်ချိန်က ဆုံးရှုံးခဲ့ ရသည့်ပစ္စည်းကို အိတ်တွင်းသို့ဝှက်ချန်ကလည်း အချစ်သည် အရာဝတ္ထုမှ မဟုတ်တာဘဲလေ။ အခမ္ဘရယူလို့မရသည့် ပစ္စည်း မျိုးသာ။

အရာရာကို ကြိတ်မှိတ်ရင်ဆိုင်နိုင်သည့် အင်အား သူမမှာ ပိုလျှံမဘတ် ရှိနေရမည်။

www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

'ဟင်....မေလေး'

ပြတင်းတွင် ရပ်နေသောသက္ကာန်က သူ့ကိုထက် နံဘေးက ကူးကူးသို့ မျှိုမတတ် ဝါးတော့မတတ် ကြည့်နေသည်။ သံယောင် ကြောင့် ကူးကူး လှည့်ကြည့်သည်။ ပြီးတော့ ခေါင်းငုံ့သည်။

ကျူတိုရီယယ်ဖြေတာကို ခပ်မြန်မြန် လက်စသတ်သည်။ ကျောင်းသို့ တကူးတက ရောက်လာသော မေလေးကို စကား ပြောခွင့် မရလိုက်မှာ စိုးသည်။

'သွားလေ ဘုန်းနိုင်၊ ငါ ဆက်ဖြေပေးမယ်'

မတတ်နိုင်တော့။ ဆာအုမ မမြင်အောင် လှစ်ခနဲ ထွက်ခဲ့သည်။ ရုတ်တရက် ဘယ်ရောက်သွားမှန်းမသိဘဲ ရှာမတွေ့၊ ကျောင်းလွှတ်ချိန်မို့ များစွာသော လူတွေကြားမှာ အမြင် တွေရှုပ်ထွေးလှသည်။ ဝါစိမ်းနီပြာတွေ များလှသည်။ မေလေး အင်္ကျီဘာအရောင်မှန်း မသိလိုက်တာ ဒုက္ခရောက်နေပြီ။



'ဟော'

လှေကားထစ်တွေမှာ နိမ့်ဆင်းနေသည့် ခပ်မြင့်မြင့်ဟန် တစ်ခု။ ဆတ်တောက် ဆတ်တောက်နိုင်နိုင် လှမ်းဟန်က မေ လေးပဲဟု သေချာစေသည်။ လူတွေကြားတွင်း တိုးဝင်လိုက် သည်။ အလျင်စလိုနိုင်ဟန်ကြောင့် လမ်းဖယ်ပေးရင်း ဘုကြည့် ကြည့်ကြ၏။

'မေလေး'

လှည့်မကြည့်ပါ။ စိတ်ကောက်သွားမှန်းသိကာ လက်မောင်း ကို လှမ်းဆွဲလိုက်သည်။ သည်းမခံနိုင်သောစိတ်ဖြင့် အနည်းငယ် ပိုင်စိုးသွား၏။

'ဘာကိစ္စ ငါ့လက်ကို လာကိုင်ရတာလဲ လွှတ်'

နားဝမှာ ရှူးရှသွားခြင်းက အနှုတ္တ။ လောကကြီးမှာ လေ တွေ ဒီလောက် ကြမ်းနေပြီလား။ လက်တို့က သူတို့သခင်မ၏ အမိန့်ကို စက္ကန့်မခြားဘဲ နာခံကြစွာ။

ချက်ချင်း ဆန့်ကျင်ဘက်သို့ လှည့်ထွက်သွားသည်။ နား မလည်နိုင်။

'မေလေး....မေလေး'

လှမ်းမဆွဲရဲတော့။ ခပ်လှမ်းလှမ်းမှ အပြေးလိုက်သွားသည်။ အခ်ပွာယ်မဲ့ စိတ်ဆိုးသွားသော ချစ်သူကို တအံ့တသြ ပူလောင်ကာ ဟိုလူ့တိုက်မိ ဒီလူ့တိုက်မိနှင့် လမ်းပေါ်[illegible] သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ပျက်စွာ အတန်းရှိရာသို့ ပြန်လာသည်။ အုတ်ခုံပေါ်၌ ကူးကူ ထိုင်စောင့်နေတာ တွေ့သည်။ ခပ်လေးလေး ခေါင်းခါပြဖြစ်သည်။

—

'အဲဒီမိန်းမကို မေ တစ်စက်မှ ကြည့်လို့မရဘူး၊ ကို နောက်သူနဲ့ လုံးဝ စကားမပြောနဲ့၊ မေ့ကို ကတိပေး'

တစ်ကိုယ်လုံးထူပူပြီး ချွေးစေးတွေ လျှံတက်နေသည်။ ငရဲခန်းသို့ ရောက်ရသည့်ပမာ ရှိ၏။ အညှာအတာမဲ့ တောင်းဆိုနေသော သူမမျက်နှာသည် လက်မခံနိုင်ဖွယ်ရာ အပြည့်။ ဟိုစဉ်ကလို ခွင့်လွှတ်နားလည်ခြင်းများ စုစည်း၍ မရနိုင်။ အဘယ်ကြောင့် အရာရာတွင် လွှမ်းမိုးချုပ်ကိုင်လိုရပါသနည်း။

'သူနဲ့ကိုယ်က ငယ်ငယ်သည်းက ခင်လာတာ မေလေး၊ မောင်နှမလိုပဲ၊ ဘယ်လို စကားမပြောဘဲနေလို့ ရမလဲ'

'သိပါတယ် ငယ်ငယ်လေးထဲကခင်မှန်း၊ ဒါပေမယ့် ခု မခံရဘူး၊ မေလေးမှာ အနှောင့်အယှက် ဖြစ်တယ်၊ ကိုမေလေးကို ချစ်တယ် မဟုတ်လား'



တခြားမိန်းမနှင့် ပတ်သက်၍ ဒေါသူပုန်ထနေသည့် မေလေးကို သဘောကျစွာ ကြည့်သည်။ ဖြစ်နိုင်လျှင် သူမအလိုသို့ လိုက်လျော၍ ကတိပေးချင်သည်၊ ဘယ်လိုမှ မဖြစ်နိုင်သည့်ကိစ္စသာ။ ကူးကူကို စကားမပြောလျှင် မီးခိုးကြွက်လျှောက် လူကြီးတွေပါလာမည်မှချ။ နှစ်ကာလများစွာ ခင်မင်ခဲ့သော သံယောဇဉ်ကို အချိန်တိုသေးသေးလေးတွင်းမှာ တိခနဲဖြတ်၍မရနိုင်ပါ။

'မေလေးကို ချစ်ပါတယ်၊ မေလေးကိုချစ်တာနဲ့ သူ့ကို ခင်တာ၊ ဘာမှမဆိုင်ဘူး ထင်တယ်ကွာ၊ ကိုယ်တို့ ရိုးရိုးသားသား ခင်ကြတာပါ'

'သူနဲ့မေလေးယှဉ်ရင် မေလေးကိုပဲ ဦးစားပေးရမှာပေါ့၊ ဘာလို့ ဟိုဘက်ကပြောနေတာလဲ၊ ကိုနဲ့ ဘာတော်လို့လဲ'

'မဖြစ်နိုင်တာကို တောင်းတာကိုး၊ အကျိုးသင့်အကြောင်းသင့် ရှင်းပြရမှာပဲလေ'

'ကိုဗျာ ချစ်မှမချစ်တာ၊ မေလေးတောင်းတာ ဘယ်ပေးမလဲ၊ ခု သူငယ်ချင်းတွေက ပြောကုန်ကြပြီ၊ ဟိုမိန်းမက ကိုယ့်ကိုယူသွားတော့ မေလေး ကျန်ရစ်မယ်တဲ့၊ အလကား သိက္ခာကျတယ်၊ သိပ်ရှက်ဖို့ ကောင်းတာပဲ'

'ဘာ'

ရင်ထဲတွင်း ပေါက်ကွဲသွားသော မြည်ဟည်းသံကြီးတစ်ခု ချမ်ခြင်းကြောင့် စိုးရိမ်ပူပန်ခြင်း၊ သာနဲ့တိုခြင်းများအားပြင် ကြည်နူးမှုများ ရုတ်ခြည်း လွင့်စဉ်ကုန်သည်။ သူမ၏ ... ဘာရားကို မပွန်းမပဲ့စေဖို့ ပေးဆပ်ရမည် ...

www.burmeseclassic.com

www.burmeseclassic.com



ကြီးမားလှပါလား။ သူမ နှလုံးသားက ဒီမျှ ကျဉ်းမြောင်း ဆိုးရွားလှပါလား။

'တကယ်တော့ မချစ်တဲ့သူက ကိုယ် မဟုတ်ပါဘူး၊ ဒါပေမယ့် ကိုယ် ပြောရပါတယ်၊ ခုကိစ္စမှာ ကိုယ်နဲ့ မေလေးတို့ အချစ်ရေးကို ကူးကူ ဝင်မပါစေရဘူးလို့ ကတိပေးတယ်၊ မေလေး ကျေနပ်ပေါ့၊ အရမ်းခင်လာတဲ့ သံယောဇဉ်နဲ့ စကားမပြောဘဲ ဖြတ်ရမှာတော့ မဖြစ်နိုင်လွန်းလို့ပါ'

'အိုး.... ဘာလုပ်ရမှာလဲ၊ အချစ်ရေးမှာ ဝင်မပါစေရဘူး ကိုလေးရှာ မေလေးလိုချင်တာက ကူ သူနဲ့ လုံးဝမဆက်ဆံဖို့ပဲ၊ မေလေး အရမ်းသိက္ခာကျနေပြီ သိရဲ့လား၊ ရိုးရိုးခင်တာနဲ့ လုံးဝမတူဘူး'

'အဲဒါကြောင့် ကိုယ် ပြောနေတယ်လေ၊ မေလေး တောင်းဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး ဆိုတာ၊ ဒါတော့ နားလည်ပေးပါ အချစ်လေးရာ'

'နားကလောတယ်ကွာ၊ လာလုပ်မနေနဲ့၊ ဒါပဲ၊ မေလေးနဲ့ သူ့ကို ကို ရွေးတော့'

ထွက်သွားသော မေလေးကို လှမ်း မဆွဲလိုက်ဖြစ်။ ပြဿနာကို ထမင်းထုပ် ထမ်းပြီး ရှာသည်ဟု သဘောပေါက်သည်။ ဖူးစင်သည့် ရင်ကို အရောင်စုံ ပြောင်းသွားအောင် လုပ်ခြင်း ဖြစ်သည်။ ကူးကူနှင့် ပတ်သက်၍ သူ့စိတ်တို့သည် အမြဲထာဝရ ဖူးစင်လျက် ရှိခဲ့သည်။ ကိုယ့်ချစ်သူက သစ္စာမပျက်ယွင်းသရွေ့ နောက်တစ်ယောက် မစဉ်းစားဘူး ဆိုတာလည်း သေချာသည်။



မေလေး ဘာကိစ္စ ကူးကူအပေါ် ခါးသီးနေရသနည်း။ ကူးကူသည် မေလေးနှင့် သူ့အကြား သူငယ်ချင်းကောင်းပီသသော ပေါင်းကူး တံတား ဖြစ်သည်။ အမြဲတမ်း မေလေးဘက်က ရွေ့နေလိုက်ပေးခဲ့သည်။

ဘယ်နည်းနှင့်မှ ယှဉ်ပြိုင် အနိုင်ရွေးဖို့မလိုသော ကိစ္စတစ်ခုပါလေ။

'ဘယ်လိုလဲ ရွေးပြီးပြီလား၊ ရွေးပြီးမှ လာလို့ ပြောထားတယ်နော်၊ ပြော.... ကျွန်မ တောင်းတဲ့ကတိ ပေးနိုင်မှာလား'

'မင်း'တဲ့။ နောက်ဆုံးတွေ့သည့် အရင်တစ်ခေါက်က သူ့အပေါ် အသုံးအနှုန်း။ ဘယ်လိုမှ မမေ့အောင် ထိပ်ကို အမှတ်ရနေမိတာပေါ့။ ခုလည်း ကျွန်မ-တဲ့။

အပြောင်းအလဲ မြန်ဆန်မှုကို အံ့သြသည်။ ကော်ဖီခါးခါး တစ်ခွန်းသာ ပြောပြီး လှည့်ထွက်သွားသော ဒီအောင် ဖြစ်သည်။

---

"မော်ဒန်" အနုပညာ ထုတ်လုပ်ရေး

www.burmeseclassic.com

www.burmeseclassic.com



စိတ်လိုက်မာန်ပါ ပြောခြင်း ဆိုလျှင်လည်း သူမ ကျေအေးပါစေ။

'ဘာဆိုင်လို့ ရွေးရမလဲ မေလေးရယ်၊ မေလေးဟာ ကိုယ့်ချစ်သူပဲ၊ သူက သာမန် သူငယ်ချင်းတစ်ယောက်ပဲ၊ ရွေးစရာမှ မလိုတာ'

'မရွေးရသေးရင် မလာနဲ့လေ၊ ရပါတယ်၊ တို့ကတော့ သိက္ခာအကျမခံနိုင်ဘူး၊ ငါးရံ့နှစ်ကောင်ဖမ်းနေတဲ့ ယောကျ်ားလေးတစ်ယောက်ကို အချိန်ကုန်ခံ့နာမည် အပျက်ခံပြီး တွဲမနေနိုင်ဘူး'

'ငါးရံ့နှစ်ကောင်ဖမ်း'။ နားဝမှာ ရင့်သီးလှသည်။ ဒေါသဖြစ်ပြီး ဆတ်ခနဲ လှည့်ကြည့်လိုက်တော့ အမြင်ကတ်စရာကောင်းသော အမူအရာမျိုးဖြင့် ရယ်နေ၏။ ချစ်သူမည်သော ဂုဏ်ပုဒ်ဖြင့် သစ္စာစောင့်သိခဲ့သမျှ စကားလုံးငါးလုံးက ချေဖျက်နင်းလိုက်သည်ပေါ့။

'တို့ ဒီလောက် မယုတ်ကန်းဘူး မျိုးဝင့်မေ'

'ဒါတော့ ယူ့ကိုယ်ယူ အသိဆုံးနေမှာပဲ'

'အလွန်ဆုံး မင်းကို မတွဲချင်တော့ဘူးဆိုရင် အပြတ်ကြေညာပြီး ခွာလိုက်ရုံပဲ၊ ဘာမှ ငါးရံ့နှစ်ကောင် ဖမ်းနေစရာ မလိုဘူး'



'အနာဒပေါ် တုတ်ကျလို့ နာသွားပြီ ထင်တယ်၊ ဟင်း.... ဟင်း....'

'ဟာကွာ.... ထောက်'

ဝန်းကျင်ကို သတိမထားနိုင်တော့။ ပခုံးကို ခပ်ကြမ်းကြမ်း ဆွဲလှည့်ပစ်လိုက်သည်။ သည်တော့မှ သူမ အရယ်ရှပ်ကာ ဒေါသမျက်ဝန်းမီးတောက်များဖြင့် တန်ပြန်ကြည့်၏။ အလှမျက်နှာသည် အံ့ဩဖွယ်ကောင်းလောက်အောင်အရုပ်ဆိုးအကျည်းတန်နေသည်။ ဟိုစဉ်က သူ ဘာကြောင့် ချစ်ခဲ့မိပါသနည်း။

မိုက်မဲရူးသွပ်မှု တစ်ခုပဲဟု တိကျစွာ နားလည်လိုက်သည်။

'လွှတ်စမ်း....ငါ့လက်ကိုလွှတ်၊ သွား.... နောက် ဘယ်တော့မှ ငါ့ဆီမလာနဲ့၊ နင်နဲ့ငါ ပတ်သက်စရာ ဘာမှ မရှိတော့ဘူး'

ခွင့်မလွှတ်နိုင်အောင် စိတ်ဆိုးသွားပြီ။ လက်အစုံတို့ ဖြန်းခနဲ လွှတ်လိုက်၏။ မိန်းကလေးတစ်ယောက်ကို လူပုံအလယ်မှာ စော်ကားမိပြီပဲ။ တောင်းပန်သောအကြည့်ဖြင့် ကြည့်မိသည်။

'ရော့....အဲဒါ ငါ့ကို အရှက်ခွဲဦး'

လက်တစ်ဖက် ရုတ်ခြည်း မြောက်တက်လာသည်။ မှင်တက်ကာ ဘယ်လိုမှ ရှောင်တိမ်းချိန် မရလိုက်။ ပါးပြင်မှာ ပူစပ်သွားဘည်နှင့် တစ်ပြိုင်နက်တည်း မျက်နှာက ဘယ်ဘက်သို့ လှည့်စဉ်သွား၏။

www.burmeseclassic.com



ခပ်တည်တည် ဆက်လျှောက်သွားနိုင်သော သူမကို ကြောင်လျက်ငေးကြည့်နေမိသည်။ ပြီးမှ သနားသလို ဝိုင်းကြည့်နေကြသည့် ဝန်းကျင်မှ မျက်လုံးများအား တွေ့၏။ မီးကျွမ်းတမ္ဘာတွင်းရှိ လူသားကဲ့သို့ တစ်ကိုယ်လုံး ပူလောင်လာသည်။

ဆန့်ကျင်ရာဘက်သို့ ဆတ်ခနဲ လှည့်ထွက်ဖြစ်၏။

(၁၅)

ပြဿနာက ဘယ်ကဘယ်လို လေဟာဘ်စီးပြီး ရောက်လာမှန်းပင် မသိလိုက်။ ဘယ်လိုမှ မဖြစ်သင့်သောအဖြစ်တွေ ဆက်တိုက်ဖြစ်ခဲ့သည်။ အနှစ်ကို စစ်ကြည့်တော့မှ အချိန်တိုအတွင်း အပြောင်းလဲကြီး ပြောင်းလဲရတာ သိလိုက်၏။

ကိစ္စတစ်ခုကို ဒီလောက် အလျင်အမြန်ကြီး လက်ခံနိုင်အားသူ့မှာမရှိ။ ပြောင်းလဲချင်ရင်လည်း ညင်သာငြိမ်းချမ်းစွာ သာ ပြောင်းလဲသင့်သည်။ သူ့ကိုအခကြေးငွေ့ပြု၍၊ သူ့သူငယ်ချင်း ကူးကူကို အကြောင်းပြု၍ ဖြစ်ရသော ပြဿနာမီးအိုးသူမှတစ်ပါး ဘယ်သူမှ ငြိမ်းသတ်လိမ့်မည်မဟုတ်တာ သိသည်။

ရင်မှာငြိမ်သက်လာအောင် တဖြည်းဖြည်း အချိန်ယူသည်။ တစ်ပတ်ခန့်ကြာသောအခါ မျိုးဝင့်မေဆီသို့ ဖုန်းနံပါတ်...
နှိပ်လိုက်သည်။ သူမလည်း သူ့လိုပင် ဒေါသဘွေ ...

www.burmeseclassic.com

www.burmeseclassic.com



နေပြီ ထင်သည်။ ဖြစ်သမျှကို တိကျစွာ ဝေဖန်ဆန်းစစ်လျက် ချင်သမျှနှင့် ကျေပျက်နိုင်လောက်ပြီ။

'မေလေးလား၊ ကိုယ်ပါမေလေး...စိတ်ဆိုးပြေ'

'ဂျလောက်'

ဖုန်းချသံပြင်းပြင်းက 'နားမှာလာရှသည်။ ထပ်မံ စဉ်းစားစရာ မလိုတော့ဘူးဆိုသည့် သဘော။ သူမ ဆုံးဖြတ်ချက်က မှန်ကို မှန်သည်ဆိုသောသဘော။ ချစ်သူကို ကိုယ်တစ္စန်မပစ်ရက်ပေမယ့် ချစ်သူက ကိုယ့်ရင်ခွင်ထဲက ထွက်ခွာသွားတာပဲ။

မရည်ရွယ်ဘဲ ပြောမိသည့်စကား လုပ်ဖြစ်သည့်အပြုအမူ တစ်ခုတလေကို အသည်းနှလုံးဖြင့် မလဲလှယ်စေလိုပါ။ သူ့အပေါ် ချစ်သေးသည်ဆိုပါလျှင် ဝင်ခွင့် ထပ်မံပိုင်စိုးခွင့် ရှိစေချင်ပါသေးသည်။

တကယ်တမ်းက ထာဝစဉ် အလျှော့ပေးအလိုလိုက်ခဲ့သူက ကိုယ်၊ သူမက ဆိုးနွဲ့သူသာ၊ အနိုင်ကျင့်သူ မဖြစ်ရှိတမယ်၊ နာချဉ်းနာ ကိုယ်ကသာ အနာကြီးနာရမည်။

ဘာပဲဖြစ်ဖြစ် အရာရာတွင် နူးနယ်သော မိန်းမလေးဆိုသည့် တစ်ချက်တည်းနှင့်ပင် ထပ်မံ အလျှော့ပေးချင်သည်။



'ဘာ ငါ့ကြောင့်ဖြစ်တယ် ဟုတ်လား၊ စိတ်မကောင်းလိုက်တာဟယ်၊ နေပါဦး ဘာကိစ္စတဲ့လဲ၊ အထင်လွဲတာလား၊ ငါတို့အနေအထိုင်က အဲဒီလောက် မဟုတ်ပါဘူးဟာ'

ကူးကူ မျက်နှာလေးက ဝမ်းနည်းခြင်းဖြင့် ညှိုးကျနေသည်။ ရင်မှာ ထွေးမထားနိုင်စွာ ဖွင့်ပြောပြမိတာ နောင်တရ၏။ မျိုးဝင့်မေသည် ကူးကူကို တိတိပပ စော်ကားလိုက်ခြင်းဟု ခုမှ နားလည်သည်။ အားနာခြင်းဖြင့် မျက်နှာပူလာသည်။

'အလကားပါ၊ သူ့ကို ဘယ်သူ ရှို့မီးလုပ်လိုက်သလဲမှ မသိတာ၊ နင့်စိတ်ထဲ ထားမနေပါနဲ့ ကူးကူ'

'ငါ့အတွက်နဲ့ အမိုကဖြစ်ရတာ၊ ငါဘယ်လို မေ့မေ့ပျောက်ပျောက်နေလို့ ရနိုင်ပါ့မလဲ၊ နင်သူ့ကို ပြန်ချော့သင့်တယ် ဘုန်းနိုင်'

ကြာမြင့်စွာစိုက်ကြည့်ရင်း အဖြေတောင်းနေသည့် ကူးကူကို တုံ့ပြန်မကြည့်ရဲ။ စာရေးစားပွဲခုံကိုသာ အဓိပ္ပာယ်မဲ့ လျှောက်ခြစ်နေမိသည်။ အတော်ကြီးကြာမှ....

'ချော့ပြီးပြီ'

'အဲဒီတော့ သူကဘာတဲ့လဲ ပြေလည်သွားလား'

www.burmeseclassic.com

www.burmeseclassic.com



သူ့ လေသံပျော့နေတာ ကူးကူ ရိပ်မိလေမှာလား။ ဘယ်ဘက်ပါးပြင်၏ နာကျင်မှုကြောင့် ရင်မှာ နာကျင်၏။ ဟိုရက်တွေတုန်းက နာရကောင်းမှန် မသိခဲ့။

'မေ့လိုက်ကြပါစို့ဟာ... ပင်ပန်းပါတယ်'

'မဟုတ်ဘူးလေ၊ နင် သူ့ကို ချစ်တယ်မဟုတ်လား၊ ခံစားနေရရင် မကောင်းဘူး၊ အချစ်ဆိုတာ လူကစ်ယောက်အတွက် အဆိပ်မဖြစ်သင့်ဘူးလေ၊ မြေသြဇာပဲ ဖြစ်သင့်တယ်'

အကုန်အစင် ဖွင့်ဟပြောပြချင်စိတ်တွေ ရင်မှာ ရုန်းကြနေသည်။ မိန်းကလေးတစ်ယောက်အပေါ် ရှုံးနိမ့်ခဲ့ခြင်းများအား အိပ်မက်ပမာ မေ့ထားနိုင်လျှင် ဘယ်လောက်ကောင်းမည်နည်း။ မမေ့သောနှလုံးဖြင့် တတိရနာကျင်နေမည် အသေအချာ။ တစ်ခုသော အတိုင်းအတာသို့ မဖြေသိမ့်နိုင်ခင် ထာဝရပေါ့။

'ငါ သူ့ကိုချစ်တယ် ကူးကူ၊ ဒါပေမယ့် သူ ငါ့ကို မချစ်ဘူး၊ နင်နဲ့ငါနဲ့ ခင်မင်တာကို သူ နားလည်ပေးဖို့ ကောင်းတယ်၊ အခုဟာ ငါက သည်းညည်းခံခဲ့တယ် ဒါကို အခွင့်ကောင်းယူပြီး စေလိုရာစေ သဘောမျိုးတော့ ငါ အဖြစ်မခံနိုင်ဘူးကွာ၊ အဲဒါတော့ ချစ်တာမဟုတ်ဘူး၊ သေအောင်သတ်တာပဲ'

'နင့် စကားလုံးတွေက ကြီးမားလှချည်လား၊ ဘုန်းနိုင်ရယ်၊ တကယ်က သူ ဒီလိုမြင်တာ မြင်အပ်လို့မြင်တာ။ ငါသာ



ဆိုပဲ ကိုယ့်ချစ်သူ တခြားတစ်ယောက်ဆီကို စိတ်ယိုင်သွားမှာစိုးတာပဲ၊ သူလဲ ဒီလိုစိတ်နဲ့ပြောမိတာ ဖြစ်မှာပေါ့၊ ဒီလိုလုပ်ပါလား၊ နင် သူ့ကို ပြောလိုက်လေ၊ ငါနဲ့ မခင်တော့ဘူးလို့ ဒါမှ'

'လာပြန်ပြီ... ဘာဆိုင်လဲ၊ ဘာမှမဆိုင်ဘူး၊ ရိုးရိုးသားသား ခင်တာကို ဘယ်သူမှ တားလို့မရဘူး၊ နင်နဲ့ငါက ဟိုးကလေးဘဝကတည်းက မမှာင်နှမလိုနေခဲ့ကြတာပဲ၊ ခုမှ ဘာထူးပြီး ပြောင်းလဲနေရမှာလဲ'

တအံ့တသြ ဖြတ်ပြောလိုက်သည်။ တင်ဖက်က ဒေါသမောဟနှင့်စွပ်စွဲတာကို မိန်းကလေးချင်းဆိုပြီး ကူးကူက စာနာနားလည်နေသည်။ အေးမြသော ပုံသဏ္ဌာန်က တည်ငြိမ်လွန်းသည်။ မိသားစုတွင်း ပီတိလေးငယ်ပမာ ကူးကူသည် ဘယ်ပုံဘယ်နည်းဖြင့် အပြောင်းလဲကြီး ပြောင်းလဲနေရသနည်း။

'မျိုးဝင့်မေ အထင်မလွဲအောင် ပြောင်းလဲသင့် ပြောင်းလဲရမှာပဲလေ၊ နင်နဲ့ငါက စိတ်ချင်း နားလည်ပြီးသားပါ'

'အခိပ္ပာယ်မရှိပါဘူး ကူးကူရာ၊ တော်တော့...ဆက်မပြောနဲ့တော့၊ နင်နဲ့ငါက နဂိုအတိုင်း နေမြဲနေမှာပါပဲ၊ သူ့တဇသာ ငါ့အပေါ် အမြင်ကြည်လင် မကြည်လင်ချင်လဲနေ၊ အချိန်တစ်ခုအထိတော့ ငါ ခွင့်ပြုထားမယ်'

လိုလားစွာ ဟန့်တားခြင်းဖြင့် စကားတွေတိတ်ဆိတ်သွားသည်။ 'ငါးရံ့နှစ်ကောင် ဖမ်း'တို့၊ 'ပါးရိုက်'တာတို့ ပြောပြလျှင် ကူးကူ ဒီလို ငံ့ညှာဦးမှာလား သိချင်သည်။

ရုတ်တရက် ဆတ်ခနဲ ထ,သဖြင့် မော့်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မျိုးဝင့်မေ ဖုန်းနံပါတ် ဘယ်လောက်လဲ၊ ငါ ဆက်လိုက်မယ်'

'ဟာ...ဘာလုပ်ဖို့လဲ'

'ရှင်းပေးမယ်လေ၊ ငါ ရှင်းရင် ပြေလည်သွားမှာပါ'

'မရှင်းရဘူး၊ ပြန်တိုင်စမ်းပါ၊ နင့် အနေနဲ့ အနေသာကြီး၊ လွှတ်ထားလိုက် သူ့ ဘာသူ...'

ကူးကူနီ ဘာ:လည်နိုင်မည် မဟုတ်တာ သိသည်။ ချစ်သူအပေါ် ခွင့်လွှတ်နိုင်ခြင်း ကင်းသူအဖြစ်သာ မြင်မေရော့၊ တိုက်ရိုက်သော် လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း ကိုယ့်ဘက်က စတင်ဆက်သွယ်လိုစိတ် ကင်းမဲ့နေသည်မှာ ဘာကယ့်ဗလာ။

ချစ်သူအဖြစ်မှ ယာယီပြတ်စဲခဲ့ကြပြီ။

(၁၆)

ချစ်သူသက်တမ်း ခြောက်လဆိုတာ ဘာမှမဟုတ်တဲ့ အချိန်ကလေးသာပါ။ တစ်ယောက် အကြောင်း တစ်ယောက် အပေါ်ယံနားလည်မှုပင် မပြည့်ဝနိုင်သည့်အချိန်။

ဒီအချိန်ကလေးအတွင်းမှာ ဒီလောက် ပြတ်ပြတ်သားသား ဖြစ်ကြတာ အံ့ဩဖွယ်ကောင်းလှသည်။ လမ်းတစ်ခုကို ရွေ့ဆက်လျှောက်ဖို့ ရည်ရွယ်ချက် ရှိခဲ့ပါသေးလျှင် ပေါင်းကူးတံတားကလေးတော့ ထားနိုင်သည်။ သို့သော် သူမက တစ်စမကျန် အကုန်အစင်ဆွဲနုတ်သွားသူ ဖြစ်သည်။

'နင်တို့ ပြန်ဆက်သွယ်သေးလား'

'ဟင့်အင်း၊ မျှော်လဲ မမျှော်လင့်ပါဘူး၊ သူ ငါ့ကို နည်းနည်းလေးတောင်မှ မချစ်ခဲ့တာပဲလေ၊ ငါကသာ သူလုပ်သမျှ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာ၊ ဘာကယ်ဆို ဒီလောက် ပစ်ပစ်ခါခါကြီး ဖြစ်ဖို့ အကြောင်းမရှိဘူး'

'အဲဒါကြောင့် ဖြစ်စကတည်းက နင့်ကိုပြောသားပဲ၊လျှော့ပါ—လျှော့ပါလို့၊ နင် နေ့ခင်တရနေပြီ မဟုတ်လား၊ ငါ စိတ်မကောင်းလိုက်တာ၊ ခုလောက် လဲတွေ ခြားနေမှတော့ သွေးအေးနေပြီပေါ့'

ကူးကူ့စကားကို ဘာဘောဘကျ ရယ်ဖြစ်သည်။ နာကျင်ခြင်းတွေ လျှော့ပါးခဲ့တာ ဘာမှမကြာလှသေး၊ အသေအချာဆန်းစစ်တော့ ဒါတွေ ဖြစ်ခဲ့တာ ရာသီစက်ဝန်း တစ်ခုပင် လည်တော့မည်ပဲ။ ဘယ်လိုမှ ပြန်ဆက်ဖြစ်တော့မှာ မဟုတ်တာ သေချာသည်။ ကိုယ်တိုင်လည်း ဖုန်းနံပါတ်တို့ လိပ်စာတို့ မေ့လျော့ နေခဲ့ပြီ။ စာအုပ်ဖွင့်ရှာမှသာ တွေ့နိုင်မည်။

'နေ့ခင်တ ဟုတ်ါလား၊ ဟိုတုန်းကတော့ ဟုတ်ချင်ဟုတ်မယ်၊ ခုအချိန်မှာတော့ မဟုတ်ဘူး ကူးကူ၊ ငါ သူ့ကို ဘယ်လိုဂနေ ဘယ်လို ကြိုက်ပြီး တဲ့ဖြစ်တယ်မသိဘူး၊ တထွာယ်တော့ ရယ်စရာပဲ၊ အရူးအမူးကို ဖြစ်ခဲ့တာ၊ ကစ်သက်တာ့အတွက်ချစ်ခြင်းဆိုတာကို ဖူဖူလုံလုံတွေ့ခဲ့ပြီ မှတ်ဘာ၊ တကယ်တော့ အချစ်ဆိုတာ နှစ်ဦးနှစ်ဖက် နားသည်ကြခြင်းပဲနေ့ာ်၊ တစ်ယောက်နဲ့တစ်ယောက် နားမလည်ရင် ဘယ်လိုမှ ချစ်လို့ရမှာ မဟုတ်ဘူးဟာ'

'နင့်ရင်ထဲမှာ မျိုးဝင့်မေနဲ့ ပတ်သက်ပြီး ဘာမှ မရှိတော့ပါဘူးဆိုတာ သေချာလား ဘုန်းနိုင်'



မျက်ဝန်းအကြည့်က ရင်ကို အေးစေသည်။ အကြိုတ်အနယ် အားပြိုင်ကစားပွဲတစ်ခုမှ အနိုင်ပြိုင်ခဲ့သလို အပြုံးကတည်ငြိမ်လန်းဆန်းနေသည်။ အရာအားလုံး ပြီးဆုံးခဲ့ပြီ။

'သေချာတာပေါ့၊ ဘာမှ မရှိတော့ဘူးလေ၊ သူမှ မချစ်တဲ့ကိုစွကို ငါက အနှစ်နာခံပြီး မြတ်နိုးတွယ်တာ နေရဦးမှာလား၊ ငါ အဲဒီလောက်တော့ မရူးသေးပါဘူး ကူးကူ'

'အေး....ရူးမရူးတော့ မသိဘူး၊ မျိုးဝင့်မေအိမ်ဆိုပြီး ငါ့အိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာတာ၊ တကယ်ကမ္ဘာ့အကောင်းဆုံး ဟာသ တစ်ခုပဲ'

အုပ်စုဖွဲ့ပျံသန်းသွားသော ငှက်ငယ်တစ်အုပ်ကို ကြည့်ကာ မိုးကိုမျှော်၍ ဟားတိုက်ရယ်ဖြစ်ပြန်သည်။ အဲဒီတုန်းကတော့ တကယ့်ကို ဒင်္ကာရာရ နွားသိုးတစ်ကောင် အတိုင်းပေါ့။

ကူးကူနည်းတူ အုတ်တံတိုင်းတွင် တံတောင် ထောက်လိုက်သည်။ မထင်မှတ်ဘဲ အသားချင်း ထိခတ်မိကြသည်။ ကူးကူက လက်ကို ရုတ်ခနဲသိမ်းကာ နေရာရွှေ့၏။ မျက်ခုံးတို့တွန့်၏။

'ငါပြောတာက ဒီလိုလေ၊ နင် မျိုးဝင့်မေကို ချစ်သေးလား၊ တွယ်တာနေသေးလားလို့ မေးတာမှ မဟုတ်ဘဲ၊ မျိုးဝင့်မေနဲ့ ပတ်သက်ပြီးခံစားချက်တွေအားလုံး နာကြည်းတာ၊ ဒေါသထွက်တာ၊ နာကျင်တာတွေဆိုတာ ဘာမှ မရှိတော့ဘူးဆိုတာ အသေအချာလားလို့အချိန်ယူစဉ်းစားပြီးမှ ဖြေနော်'

www.burmeseclassic.com



'ဒီလောက် အချိန်တွေယူပြီးမှပဲ ထပ်ယူရဦးမလား ကူးကူး၊ ဒီမေးခွန်းဟာ ငါ့ကိုယ်ငါ အထပ်ထပ်မေးခဲ့တဲ့ မေးခွန်းပါ၊ နင် ဘာပြောချင်လို့ စကားတွေ ဒီလောက် ပလ္လင်ခံနေရတာလဲ'

'အေး....ဒါဖြင့်ရင် ပြောမယ်လေ၊ သိတော့မှ နင် ငါ့ကို စိတ်မဆိုးရဘူးနော်'

'စိတ်မဆိုးရဘူး ဟုတ်လား၊ စိတ်ဆိုးစရာ လုပ်ထားတယ်လို့ ဆိုလိုတာပေါ့၊ စိတ်ဆိုးစရာဆို ငါက စိတ်ဆိုးရမှာပဲ ကူးကူ'

သူက အုတ်တံတိုင်းကို ကျောခိုင်းမှီကာ ပြောသည်။ တောင်ထွတ်တစ်ခုပေါ်မှာမို့ လေကြမ်းကြမ်းတွေ ဝေ့နေသည်။ မျက်ဆံတွင်းသို့ လေတွေအရှိန်မဝင်အောင် မျက်တောင်တွေမှေးပြီး ကာထားရသည်။ သတ္တုရောက်တတည်းက မြသပိတ်ဘုရားကို ညနေတိုင်း တက်ခဲ့ကြသည်။

'ငါထင်သားပဲ နင်စိတ်ဆိုးမယ်ဆိုတာ၊ အဲဒါကြောင့် ခုနတည်းက စကားမေးခဲ့တာ၊ နင့်ရင်ထဲမှာ ဘာမှ မရှိတော့တာ သေချာလားလို့'

'ဟင်....နင်က မျိုးဝင့်မေနဲ့ ပတ်သက်ပြီး ငါစိတ်ဆိုးအောင် လုပ်ထားသေးလို့လား'



မျက်နှာ ညိုနွမ်းနွမ်းက ညှိုးငယ်သွားသည်။ အနီးကပ် စိုက်ကြည့်မိ၏။ စိတ်ကတော့ ရှုပ်ထွေးနောက်ကျိစွာ။

သူနှင့် တိုက်ရိုက်ပတ်သက်သည့် အကြောင်းအရာ တစ်ခုကို အဲသည်လောက် အချိန်တွေ အကြာကြီး လျှို့ဝှက်ထားခြင်းအား မကျေနပ်။

'ငါ မျိုးဝင့်မေဆီ ဖုန်းဆက်လိုက်သေးတယ် ဘုန်းနိုင်'

ဘာတွေများ ကြားရမလဲဟု သိလိုစိတ်ဖြင့် နားစွင့်သည်။ ဖြူလျော်နေသော မျက်နှာကို ကြည့်ရင်းနှင့် ခွင့်မလွှတ်ချင်။ ကူးကူးက လက်ကိုင်ပဝါကို လုံးချေပြီး ခေါင်းငုံ့နေသည်။

'ဒါပေမယ့် ငါ ခုပြောမယ့် စကားတွေဟာ လုံးဝ ပတ်စေ့ အမှန်တွေချည်းဆိုတာ နင် နားလည်စေချင်တယ်၊ အပိုလဲမရှိသလို ခိုထားချန်ထားတာလဲ မရှိအောင် ငါ ပြောမှာပါ'

'နေပါဦး၊ နင့်အာ ကွက်တိဝင်အောင် ပြောမယ်ဆိုတော့ အဲဒါတွေ အလွတ်နိုးပါးရလို့လား'

www.burmeseclassic.com

www.burmeseclassic.com



'ရှိပါတယ်၊ မေ့လို့ကောင်းတာတွေမှ မဟုတ်တဲ'

ခပ်ပြုံးပြုံးပြောနေတာကို မျက်မှုံးတွေ့ တွန့်ထားမိ၏။

သူနှင့်သာ အကြွင်းမဲ့ ပတ်သက်သည့် သူ့ချစ်သူဟောင်း၏ နှုတ်ထွက်စကားတို့က အဘယ်ကြောင့် မမေ့လျော့စေရပါသနည်း။

ရုတ်ချည်းမူ နားမလည်။

'တို့နာမည် ချောစုစုစံပါ၊ ကူးကူးပါ'

'ဩော်...ဟုတ်လား၊ အဲဒီတော့ ကိုယ်က ဘာလုပ်ရမှာလဲ၊ ယူနဲ့ မိတ်ဆွေဖြစ်ရမှာလား၊ ရှုပ်ရှုပ်ယှက်ယှက်တွေ ဝါသနာမပါသေးဘူး၊ ဆောရီး'

အောင့်သွားသည်။ စကားပြောပုံ သည်လောက် စီးပိုမည် မထင်ခဲ့။

မိန်းကလေးချင်း ပြွန်စွာချင်သောစိတ်ကို ထိန်းကာ...

'မဟုတ်ပါဘူး မျိုးဝင့်မေ၊ ခင်ချင်လို့ဆက်တာ မဟုတ်ပါဘူး၊ မျိုးဝင့်မေနဲ့ ဘုန်းနိုင်မြင့်တို့ကြားမှာ တို့ကြောင့် မျိုးဝင့်မေ စိတ်အနှောင့်အယှက်ဖြစ်ရတာ'



'ဩော်....ဩော်....တောင်းပန်မလို့လား၊ မလိုပါဘူးကွာ၊ ဒီမှာ ကိုယ် သူ့ကို မတွဲချင်လို့ မင်းဘက်ကို ကန်ထုတ်လိုက်တာ သိရဲ့လား၊ ရည်းစားထားပါတယ်ဆိုမှ ရင်ခုန်ချင်လို့ပေါ့၊ သူကတော့ ကိုယ် နဖားကြိုးဆွဲဆုလိုက်မယ့် နွားလိုပဲ၊ လှည်းကျိုးထမ်းဖို့ပဲကောင်းတယ်၊ ဟင်း—ဟင်း....နေပါဦး၊ မင်းကို သူက အကူအညီတောင်းတာလား ဆောရီးပဲ၊ အဲဒါတွေ အကုန်ပြောပြလိုက်ပေါ့၊ နောက်ပြီး မင်းကို ရက်ရက်ရောရော လူဒါန်းပါတယ်လို့'

ဖုန်းလက်ကိုင်ကို အလန့်တကြား ပစ်ချလိုက်သည်။

ဘီလူးမကို လူမိန်းမ အမှတ်နှင့် စကားပြောနေမိခြင်းဟု သိရ၏။

ရှက်ရွံ့ထိတ်လန့်စွာ ငိုကြွေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com

## နိဂုံး

'ငါ့မျက်နှာကို ပါးစပ်နဲ့ ရက်ရက်စက်စက် စုတ်ဖြဲလိုက်တာပဲ၊ ကောင်းတယ်၊ နင် ဆတ်ဆော့ပြီး သွားဆက်တာကိုး။ သိသွားပြီမဟုတ်လား ငါ့ရည်းစား ဘယ်လိုဆိုတာ'

'ငါ ဝမ်းနည်းတာက နင့်ကို သူ အပျော်သဘော အသုံးချပြီး တွဲသွားတာကိုပဲဟာ၊ ယောကျ်ားတစ်ယောက်ရဲ့ တန်ဖိုးကို သညာရောက်အောင် လုပ်ဝံ့တယ်နော်၊ နင်မို့ပေါ့၊ သူများဆိုရင်တော့ အဲဒီမိန်းမ မလွယ်ဘူး'

'သူ့စရိုက်နဲ့သူ သွားမှာပေါ့ ကူးကူး၊ ငါတော့ ငါ့ကြောင့် သူ သက်သာသွားတယ် မထင်ဘူး၊ ဒီစကားလုံးတွေ သိမ်းပေးထားနိုင်တဲ့ နင့်ကြောင့်လို့ထင်တယ်၊ ဟိုတုန်းကသာ သိရရင် သူ့ကို တစ်ခုခု တုံ့ပြန်လုပ်မိမှာ အသေအချာပဲ၊ ဘာပဲဖြစ်ဖြစ် ငါ အမှားတစ်ခု လုပ်မိမယ့် အနေအထားကို ဟန့်တားခဲ့တဲ့ နင့်ကို ကျေးဇူးတင်ပါတယ်'



ကူးကူ အကြည့်က အုံ့သြမြင်းနှင့် စိမ်းမြခြင်းတို့ ရောပြွန်းနေသည်။

တွန့်ဆုတ်ခြင်းမဲ့သော အပြုံးလက်သက်ကိုလည်း တွေ့ရ၏။

'ငါမသိလို့ မေးပါရစေဦး၊ နင်ဟာ ဘာဖြစ်လို့ ငါနဲ့ ပတ်သက်ရင် တနင့်တပိုး သည်းခံတတ်ရတာလဲ'

'သေလိုက်ပါလား၊ ဘယ်မှာ သည်းခံလို့လဲ၊ ငါ့ဘာသာ နေတာ အသားလွတ်ကြီးပါနော်'

ပြီးတော့....လှစ်ခနဲ တွက်ပြေးသည်။

မျက်စောင်းလဲ့လဲ့က မြားတစ်စင်းသဖွယ် ရင်ကို လာမှန်၏။ အချပ်လေးတစ်ရုပ် ရှက်ကိုးရှက်ကန်း ပြေးထွက်သွားသလို အကြည့်မှာ ခံစားရသည်။

ဖူးဖူးနှစ်နှစ် တိုးဝင်လာသော သူမ၏ လည်ပြန် အပြုံးသည် သူ့ ခြေလှမ်းများကို သိမ်းပိုက်လိုက်တော့သည်။

ထိုအခါ....

ရင်ခွင်....

(ချစ်ခြင်းဖြင့် ကြည်နူးနိုင်ကြပါစေ)

မကြည်ပြာ

15th FEB 1994

Yangon

www.burmeseclassic.com

www.burmeseclassic.com

ကာလျာ (ဝိဇ္ဇာ-သိပ္ပံ)

ရင်ကိုလောင်မြိုက်စေ
ချမ်းမြေ့စေသော အရာသည်

www.burmeseclassic.com

www.burmeseclassic.com

(၁၉၇၃-ခု၊ ဒီဇင်ဘာလတွင်

သဘင်မဂ္ဂဇင်းအတွက်

ရေးသားခဲ့သည်။)

ကလျာ(ဝိဇ္ဇာ၊သိပ္ပံ)

သူငယ်ချင်းတစ်ယောက် အဘွား အသုဘပို့ရန် မင်းလွင်ဦးတို့ သူငယ်ချင်းတစ်စု ရန်ကုန်ဆေးရုံကြီး၏ ရေခဲတိုက်ရှိရာသို့ လာခဲ့ကြသည်။ အတွင်းမှာ ကားများ ကျပ်လွန်းသဖြင့် ဘုရားလမ်းပေါ်မှာပင် ကားကို ရပ်လိုက်ကြသည်နှင့်—

'ထမင်းဖိုးလေး သနားခဲ့ပါ'

ကလေးများနှင့် တောင်းရမ်းသူတို့ အားအားနားနား တွင် ရပ်ကာ ပိုက်ဆံ ဝိုင်းတောင်းကြ၍ သူငယ်ချင်းတစ်စုက ပိုက်ဆံအကြွေများကို ပစ်ပေးနေကြစဉ်…

'ကျွန်မယောကျ်ား ပါလားဟင်၊ ကျွန်မ ယောကျ်ား ဘယ်မှာလဲ'

'ဝါးဟားဟား'

www.burmeseclassic.com

www.burmeseclassic.com



အသက်နှစ်ဆယ် ဝန်းကျင်လောက်သာ ခန့်မှန်းရသော စိတ်မနှံ့သူ မိန်းကလေးတစ်ယောက်။

အင်္ကျီမှာ ကုပ်မှစ၍ ကျောပြင်တစ်လျှောက်လုံး ပြဲကျနေပြီး လုံချည် အောက်နားမှာလည်း စုတ်ဖွာနေသည်။

ခေါင်းစုတ်ဖွားနှင့် မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ကားတွင်းရှိ ယောကျ်ားလေးတစ်စုအား ငို၍မေးလိုက်သဖြင့် ဝိုင်းရယ်လိုက်ကြခြင်း ဖြစ်ပေသည်။

ဝိုင်းရယ်သံ ကြားလိုက်သည်ကို အလွန် ကြောက်စရာအသံပမာ နောက်ဘက်သို့ လှည့်၍ပြေးရင်း....

'ချစ်ကိုရေ -ကယ်ပါဦး'

'ဟင်....'

မင်းလွင်ဦးနှုတ်မှ အသံထွက်သွား၍ စတီယာရင် ကိုင်ထားရာမှ ထိုမိန်းမလေးအား လှည့်ကြည့်လိုက်ရာ အနီးရှယ် နောက်မှ လိုက်လာသည့်ပမာ တောင်ဘက် မနပူကြီးထဲသို့ တအား ထွက်ပြေးသွားသည်ကို တွေ့လိုက်ရ၏။

'ဟေ့ကောင် မင်းလွင်ဦး၊ ဘာဖြစ်နေတာလဲ'

'အရူးမလေး မေးသွားလို့ ဗီလင်ထက်နေတာလား'



တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြ၊ နောက်ကြ၊ စ,ကြနှင့်....

'ဟေ့ကောင်တွေ ဆင်းကြစမ်းကွာ'

'ဘာလုပ်ဖို့ ဆင်းရမှာလဲ'

'ဘာလုပ်လုပ်၊ တစ်ယောက်မှ မနေနဲ့ အကုန်ဆင်း'

'မင်းပဲ တို့ကိုခေါ်လာပြီး အခု ဘာဖြစ်နေတာလဲ'

'ဘာဖြစ်ဖြစ် မြန်မြန်ဆင်းကြစမ်းပါ၊ သိပ် အရေးကြီးလွန်းလို့ပါ'

မင်းလွင်ဦး၏ တကယ် ရှိခိုးမတတ် တောင်းပန်နေ၍ သူငယ်ချင်းတစ်စုသည် ယောင်ချာချာနှင့် ဆင်းလိုက်ရှိန်ကြ....

မင်းလွင်ဦးက ကားကို အမြန်ဆုံး မောင်းထွက်သွားလေသည်။

'ဒီကောင် ဘာပေါက်သွားတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းလေးယောက်အား သူ့ကားနှင့် အိမ်ပေါက်စေ့ လိုက်ခေါ်ခဲ့သော မင်းလွင်ဦးမှာ သူငယ်ချင်းများအား ဆေးရုံကြီး၏ ရေခဲတိုက်ဘေးတွင် အတင်းဆင်းခိုင်း၍ ကား မောင်းထွက်သွားသောကြောင့် လေးယောက်သား ကျန်ရစ်ခဲ့ လေတော့သတည်း။

အရူးမလေး ပြေးသွားရာတစ်လျှောက်သို့ ကားနှင့်လိုက် သော်လည်း မတွေ့တော့။

မင်းလွင်ဦး တစ်ပတ် ပြန်ရောက်လာချိန်တွင် သူငယ်ချင်း များလည်း မရှိတော့။ အသုဘလည်းချပြီးသွားလေပြီ။

'ဒီမှာ ခုန အရူးမလေးတစ်ယောက် တွေ့လိုက် လားဟင်'

'ဘယ်အရူးလဲ၊ အရူးတွေက အများကြီးဟ'

ကလေးကို ရင်ခွင်ပိုက်၍ ခွက်တစ်လုံးကိုင်ကာ တောင်း နေသော မိန်းမတစ်ယောက်က ပြန်မေးလိုက်လေ၏။



'ဟိုလေ....အသက် နှစ်ဆယ်ကျော် အင်္ကျီ၊ လုံချည် စုတ်စုတ်နဲ့'

'အင်း....ဟုတ်တယ်'

'တွေ့ဖူးလားဟင်'

'တွေ့ဖူးပါတယ်'

'အခု သူ...သူ...ဘယ်သွားလဲခင်ဗျာ'

'အရူးပဲရှင်၊ ဘယ်သွားလဲ ဘယ်သိမလဲ'

တောင်းစားနေသော မိန်းမသည် သူ့ထက် အတွေး အခေါ်မြင့်စွာ ဖြေကြားသွားသည်။

'သူ ဒီနားကို လာတတ်သလား'

'မနေ့ကစပြီး သူ့ကို တွေ့မိတာ၊ ရှင်နဲ့ သိလို့ လား'

မင်းလွင်ဦး အိတ်တွင်းမှ ငါးကျပ်တန်တစ်ရွက်ကို ထုတ်၍ ထိုမိန်းမ၏ ခွက်တွင်းသို့ ပစ်ချလိုက်၏။

'နောက်တစ်ခါတွေ့ရင် ဒီနားမှာ ခေါ်ထား စမ်းပါ'

www.burmeseclassic.com

www.burmeseclassic.com



'ခေါ်တော့ထားပါမယ်၊ ဒါပေမယ့် သူက နေ့ဦးမှုကိုး'

'ဟုတ်ပါတယ်၊ ကျွန်တော် လာစောင့်နေမယ်'

'ရှင်နဲ့ ဘာတော်လို့လဲ'

'ကျွန်တော့် မိန်းမလားလို့ပါ၊ ဟုတ်၊ မဟုတ်တော့ မသိဘူး'

'အို...မဟုတ်နိုင်ပါဘူး'

မင်းလွင်ဦး၏ သားသားနားနား ဝတ်ထားသော အင်္ကျီချပ်ကို ကြည့်၍ပြောလိုက်ခြင်း ဖြစ်ပါ၏။

မင်းလွင်ဦး ဘာမျှ ပြန်မပြောတော့ဘဲ ကားရှိရာသို့ လေးကန်သော ခြေလှမ်းများဖြင့် လျှောက်လာခဲ့ရသည်။

'ချစ်ကိုရေ ကယ်ပါဦး' တဲ့။ နန်းများလား နန်းရယ်။ နန်း ဟုတ်ပါစေလို့လည်း ဆုမတောင်းရဲဘူး။ နန်းသာ သည်ဘဝမျိုး ရောက်နေလျှင် မောင် အသည်းကွဲရချည်ရဲ့။ နန်းဖြစ်နေလျှင်လည်း မောင် ပွဲမထားရက်ဘူး။ တွေ့အောင်ရှာမယ်။ သည်ကမ္ဘာမှာ နန်း အထင်အရှားရှိနေလျှင် မောင်တွေ့အောင်ရှာမယ် နန်းလေးရယ်။



ကားဆီသို့ လျှောက်လာသော မင်းလွင်ဦး၏ မျက်ဝန်းမှာ မျက်ရည်ကြည်တို့ ဝေသီပိတ်ဆီးစွာ....

'ဟင်....သားပြန်လာတာ မြန်လှချည်လား'

'အာ....မေမေ'

တိုက်ရှေ့သို့ ကားထိုးရပ်လိုက်ချိန်တွင် တိုက်ပေါက်ဝမှ သူ့မေမေ ဆီးမေးလိုက်သံကြားရ၍ အိပ်ရာမှ နိုးလာသည့်ပမာ အလန့်တကြား ပြန်ထူးလိုက်ခြင်းဖြစ်၏။

'သား ဘာဖြစ်လို့လဲ၊ မျက်နှာလဲမကောင်းဘူး'

'ဟို...ဟိုကောင်တွေ မလိုက်ဖြစ်လို့ပါ'

'ဪ....ဪ'

သားပြောသမျှ ယုံရှာသော မိခင် ဒေါ်အဲပွင့်မှာ တိုက်ထဲ ပြန်ဝင်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့မှာပင် သူငယ်ချင်းများကို အတင်း နှင်ချခဲ့သည်ကို သတိရတော့၏။

မင်းလွင်ဦး ခုတင်ပေါ်သို့ ပစ်လှဲချလိုက်ရင်း....

'နန်းရေ....နန်းဘယ်မှာလဲ၊ မောင် ရှာရတာ မောလှပါပြီ အချစ်လေးရယ်၊ မောင့်ကို မုန်းလို့ ပစ်သွားတာ မဟုတ်ပါဘူးဆိုတာ မောင် သိပါတယ်၊ နန်းလေး ဘယ်လိုအန္တရာယ်နဲ့များ တွေ့နေမလဲ၊ နန်း ရှိမှရှိသေးရဲ့လား၊ အရူးမလေးဟာ နန်းများလား၊ ချစ်ကိုရေ ကယ်ပါဦးတဲ့'

'နန်း မောင့်ကိုခေါ်တဲ့ 'ချစ်ကို' ဟာ နန်းနဲ့ မောင်နဲ့ပဲ သိတယ်၊ မောင့်ကို ချစ်လွန်းလို့ 'ချစ်ကို' လို့ ခေါ်တာပါတဲ့၊ ဒါဖြင့် ဒီ အရူးမလေးဟာ နန်းပဲ ဖြစ်ရမယ်၊ မောင် ရင်နာလိုက်တာ၊ တွေ့အောင်ရှာမယ် နန်း၊ မောင် တွေ့အောင်ရှာမယ်'



ရန်ကုန်သည် မန္တလေးလို မဟုတ်။ မန္တလေးကို ဗဟိုတည်လိုက်လျှင် လည်စရာက တစ်ပတ်နှင့် မကုန်။

ရန်ကုန်နှင့် ၁၅ မိုင်သာ ကွာလှမ်းသော တွံတေးမြို့ ရွှေဆံတော်ဘုရား ကုန်းတော်ပေါ်မှာ ဖြစ်သည်။ စာမေးပွဲကြီးပြီးဆုံးချိန်တွင် ပဲခူးမှလွဲ၍ လည်စရာမရှိသော ရန်ကုန်သားသူငယ်ချင်းများကို မိုးဇော်ဦးက ဦးဆောင် ခေါ်လာသဖြင့် ရေလမ်းခရီးသို့ အကြောင်းမဲ့ အလည်ထွက်ခဲ့ခြင်းမပါ။

'ဟော့ကောင် ဟိုမှာကြည့်စမ်း၊ တောစံပယ်လေး'

တင်ထွန်းအောင်ပြရာသို့ လှမ်းကြည့်လိုက်ရာ ကုန်းတော်ပေါ်ရှိ လူအုပ်များထဲတွင် တက်ထရွန်ထဘီ အဝါရောင်လေးနှင့် အင်္ကျီအဝါ လက်စက၊ စံပယ်ပန်းလေးများ ဝေနေအောင် ပန်ထားသော မိန်းကလေး တစ်ယောက်အား မင်းလွင်ဦး တွေ့မြင်လိုက်ရလေတော့၏။

ရန်ကုန်တွင် တွေ့မြင်နေကျ မိန်းကလေးများ ခြယ်သပုံမျိုး မဟုတ်ပါ။ သနပ်ခါးကို ပါးပါးညီညီလေး လူးထားသဖြင့် ဝင်းနေသော မျက်နှာလေးမှာ ဝါ၍ အိနေသည်။ လက်ကိုင်ပဝါနှင့် စုစည်းထားသော ဆံပင်ရှည်ကြီးတစ်ဝိုက်မှာ စံပယ်ပန်းတွေနှင့် ဝေနေသည်။

www.burmeseclassic.com

www.burmeseclassic.com



အေးမြသောအလှသည် မင်းလွင်ဦး၏ ရင်တွင်းသို့စီးမျော လာသေပြီ။

'မင်းလွင်ဦး... မင်းလွင်ဦး၊ မျက်နှာတောင်ခတ်ဦး၊ ခတ်ဦး'

'မင်းကလဲကွာ'

မင်းလွင်ဦး ရှက်သွား၍ ပြုံးပြုံးလေးနှင့် 'မင်းကလဲကွာ' ဆိုလိုက်ရသော်လည်း မျက်လုံးကတော့ ထိုမိန်းကလေးထံမှ ခွာမရနိုင်သေးပါ။

မိန်းကလေးသုံးယောက် ရင်ပြင်ပေါ်တွင် ဘုရားရှိခိုးပြီး ပြန်ထ လိုက်ကာ မင်းလွင်ဦးတို့ ဘေးမှ ဖြတ်လျှောက်သွားကြ၍ မင်းလွင်ဦး အနီးကပ် ကြည့်ခွင့်ရခဲ့သည်။

ဝိုင်းစက်သော မျက်ဝန်း၊ ရှည်လျားကော့ပျံနေသော မျက်တောင်မွေးကြီးများနှင့် မျက်နှာလေးမှာ ကျက်သရေရှိလှ လွန်းနေပြီး မနိမ့်မမြင့်သော အရပ်၊ ကိုယ်လုံးမှာလည်း အပြစ်တင်းလောက်အောင် အချိုးကျလှပြီး တစ်ကိုယ်လုံး အလှများတွင် အသားအရောင်မှာ အဖြူကြီးမဟုတ်ဘဲ ဝါဝင်းစိုပြည်၍ ပေါ်လွင်ဆုံး အလှပိုင်ရှင်လေးပါပင်။

'သူငယ်ချင်း စိတ်ထိန်းကွာ'



တင်ထွန်းအောင်က မင်းလွင်ဦး၏ ရင်ဘတ်ကို စမ်းကာ ပြောနေပြန်ရာ မင်းလွင်ဦး သည်တစ်ခါတော့ မရှက်တော့၊ တင်ထွန်းအောင်အား ခပ်တည်တည်နှင့် ပြန်ကြည့်ပြီး...

'ဟေ့ကောင် နေစမ်းပါကွာ၊ လာ... သူတို့ နောက် လိုက်ရအောင်'

'ဘယ်သူတို့နောက်လဲ'

'မင်းကလဲကွာ၊ သိသားနဲ့၊ ဟို တောင်ပယ်လေး နောက်ကို'

'ဒိုက္ခ... ဒုက္ခ'

တင်ထွန်းအောင်ကို လက်ဆွဲကာ လူအုပ်ကြားထဲမှ မျက်ခြည် မပြတ်အောင် နောက်မှ လိုက်ခဲ့ကြတော့၏။

မိန်းကလေးသုံးယောက်မှာ မြို့ဘက်မုခ်မှ ထွက်သွားကြ၍ သူတို့လည်း နောက်မှ လိုက်လာကြလေရာ မြို့ထဲဘက်သို့ မိန်းကလေးများ မသွားကြဘဲ ခြံရှိရာဘက်သို့ ဦးတည်သွားနေကြ



www.burmeseclassic.com

www.burmeseclassic.com



သည့် နောက်မှ မင်းလွင်ဦးတို့ကလည်း မယောင်မလည်နှင့် မျက်ခြည်မပြတ်အောင် လိုက်ခဲ့ကြတော့သည်။

မိန်းကလေးများမှာ သူတို့ လိုက်လာကြမှန်း မသိ။ သူငယ်ချင်း သုံးယောက် စကားပြောလိုက်ကြ၊ ရယ်လိုက်ကြနှင့် ရှေ့မှ ဆက်လျှောက်နေကြသည်။

မြို့ပြင်အရောက်တွင် ခြံကြီးများကို တွေ့ကြရလေသည်။ မာလကာပင်များ အစီအရီ စိုက်ထားကြပြီး၊ သရက်, ပိန္နဲ စသော အပင်များဖြင့် စိမ်းစို၍ အေးမြလှသော နေရာလေး ပါလား။

မြေခံကောင်း၍ အသီးအနှံပေါသောအရပ် ဖြစ်ပေ၏။ ခြံများကို ဖြတ်သွားသော လမ်းအတိုင်း နောက်မှ လျှောက် လိုက်လာခဲ့ရာ....

မျက်နှာစိမ်းများလည်းဖြစ်၊ သားနားလှသော ရုပ်ရည်များကြောင့် ဆုံမိသူတိုင်းက အကဲခတ်၍ သွားကြတော့သည်။

'မင်းလွင်ဦး ဘယ်ထိအောင် သွားရမှာလဲ'

'သူ နေတဲ့နေရာ သိချင်လို့ပါကွာ'

'မှအား ဆက်လိုက်၊ အနည်းဆုံး အရိုက်ခံရရုံ ပေါ့ကွာ'



ခြံတစ်ခြံရှေ့သို့ရောက်၍ မိန်းကလေးသုံးယောက် ခြံဝမှာ ရပ်လိုက်ကြပြီး ကျန်နှစ်ယောက်မှာ ဘောစံပယ်လေးအား နှုတ်ဆက်၍ ရှေ့ခြံများဘက်သို့ ထွက်သွားကြလေ၏။

ခြံရှေ့တွင် အသက်ခြောက်ဆယ်လောက် ခန့်မှန်းရသော အဘိုးကြီးတစ်ယောက်မှာ ပေါက်တူးတစ်လက်ကိုင်၍ မြေပေါက်နေပေ၏။

အရပ်ရှည်၍ ထောင်ထောင်မောင်းမောင်း သန်မာတုန်းပင်။ မျက်နှာပေါက်မှာ တောစံပယ်လေးနှင့် ခပ်ဆင်ဆင်ဖြစ်၍ သူ့ဖခင်ဟု မပြောဘဲ သိနိုင်ရှ၏။

မင်းလွင်ဦးတို့ ခြံရှေ့အရောက်တွင် တောစံပယ်လေးမှာ နောက်မှ အသံကြား၍ လှည့်ကြည့်လိုက်ရာ မင်းလွင်ဦးတို့အား အံ့အားသင့်ကာ ကြည့်နေပြီးမှ မင်းလွင်ဦးနှင့် မျက်လုံးချင်း ဆိုင်လိုက်ချိန်တွင် မျက်လုံးကို အလျင်လွဲလိုက်ကာ ခြံထဲသို့ အပြေးဝင်သွားတော့သည်။ ခြံလယ်လောက်တွင် ဆောက်ထားသော ဝါးထရံကာ၊ ပျဉ်ခင်းနှင့် သပ်ရပ်စွာ ဆောက်ထားသော အိမ်ကလေးပေါ်သို့ တက်သွားလေတော့သည်။

'ဒီမှာ အဘ'

'ဟေ.... ဘာကိစ္စ'

'ကျွန်တော်တို့ မာလကာသီး ဝယ်ချင်လို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



မင်းလွင်ဦး မျက်နှာကို ချိုချိုထား၍ မာလကာသီး ဝယ်နေတော့သည်။

'အင်း ... ဘယ်နှစ်ရာ ယူမှာလဲ'

တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ ခြံများတွင် မာလကာသီး လာဝယ်ကြလျှင် ပြန်ရောင်းမည့် ဈေးသည်များ ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် အဘိုးကြီးက ရာနှုန်းချီ၍ မေးလိုက်ခြင်း ဖြစ်ပေလိမ့်မည်။

'တစ်ရာလောက်ပါ အဘ'

'နည်းလှချည်လား၊ ပြန်ရောင်းဖို့ဆိုရင်....'

တင်ထွန်းအောင် ရယ်တော့သည်။

မင်းလွင်ဦးမှာ အဘိုးကြီး မြင်သွားမည်စိုး၍ မမြင်အောင် ကာကွယ်ရင်း....

'ရောင်းဖို့ မဟုတ်ပါဘူး၊ လက်ဆောင်ပေးဖို့ပါ'

'ဪ....ဪ'



'ကျွန်တော်တို့က ရန်ကုန်ကပါ၊ ရွှေဆံတော် ဘုရားဖူး လာတာပါ'

အမှန်က ဘုရားဖူးရန် လာကြခြင်းမဟုတ်။ လာပြီးမှ ကြုံ၍ ဘုရားဖူးကြခြင်းသာ။

'ဒါဖြင့်လဲ တစ်ရာလောက်တော့ ခူးထားပြီးသား ရှိပါတယ်'

'ဟုတ်ကဲ့၊ အဲဒါပဲ ရောင်းလိုက်ပါ ခင်ဗျား'

မင်းလွင်ဦးက အဘိုးကြီးအား သိပ်ရိုသေ ပြနေပေ၏။

'နန်းနုရေ....သမီး'

အိမ်တွင်းသို့ လှမ်းခေါ်လိုက်ရာ အိမ်တွင်းမှ တောသံုးယ်လေး ထွက်လာပေတော့၏။ မင်းလွင်ဦး တွေချင်လှသော ရွှေလမင်း အမည်က 'နန်းနု'တဲ့။

'သမီး မာလကာသီး တစ်ရာတဲ့'

ဘာမှ ပြန်မပြောတော့ဘဲ အိမ်ထဲ ပြန်ဝင်သွားပြီး ခဏ အကြာတွင် တောင်းလေးတစ်လုံး မ,၍ ထွက်လာသည်။

မင်းလွင်ဦးတို့၏ အနီးတွင် တောင်းကိုချလိုက်ပြီး ခေါင် ဘေးတွင် ထိုင်လိုက်ကာ မာလကာသီး ရေရန် ...

www.burmeseclassic.com

www.burmeseclassic.com



'ဘာနဲ့ ထည့်ကြမှာလဲ'

ပထမဦးဆုံး ချိုလွင်သော အသံလေးကို ကြားလိုက်ရတော့သည်။

မင်းလွင်ဦး နားထဲတွင် ချိုမြိန်လှပါဘိ။ နားထဲမှ အသည်းထဲအထိ စိမ့်ဝင်သွားသည် ထင်လိုက်မိသည်။

သို့သော် ကြာကြာ မကြည်နူးနိုင်ပါ။ ထည့်စရာ ပြဿနာကြောင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြပြီး....

'ကျွန်တော်တို့ ထည့်စရာလဲ ပါမလာဘူးဗျာ'

'အင်း....မင်းတို့ကလဲကွာ၊ ထည့်စရာ မပါဘဲ ဝယ်ရတယ်လို့'

'ဘုရားဖူးလာရင်းမို့ပါ အဘရဲ့'

မျက်နှာ သေလေးများနှင့် ဘာလုပ်ရမှန်း မသိအောင်ဖြစ်နေကြစဉ်....

'ကဲ....သမီးရယ် အိတ်တစ်လုံး ငှားလိုက်ပါ'

'ဟာ....ကျေးဇူး တင်လိုက်တာ၊ ကျွန်တော် ဆက်ဆက်လာပို့ပါ့မယ်'



'ကျွန်တော်က တွေ့တာကို ခဏခဏ လာရတာ၊ ကျွန်တော့် ဒီကရုံးတွေမှာ စာရင်း လာစစ်ရပါတယ်ခင်ဗျာ'

အိတ်လာပို့ရင်း ခရီးလမ်းစ ရပြီမို့ ခင်းလွင်ဦးတို့ နှုတ်သွက်လျှာသွက် ဖြစ်နေတော့သည်။

တောစံပယ်လေး အိမ်ထဲ ပြန်ဝင်သွားပြီး လက်ဆွဲအိတ်အဟောင်းလေး တစ်လုံးကိုယူ၍ ထွက်လာတာ တောင်းထဲမှ မာလကာသီးများကို အိတ်ထဲသို့ တစ်ရာပြည့်အောင် ထည့်နေလေသည်။ အနီးကပ် မြင်တွေ့ရပြီး ပန်ထားသော စံပယ်ပန်းနှင့် သနပ်ခါးနံ့လေးတို့က မင်းလွင်ဦးရင်ကို လှိုက်ဖို လှုပ်ရှားလွန်းစေတော့သည်။

'ဘယ်လောက်ကျပါသလဲ ခင်ဗျာ'

အဘိုးကြီးအား ရာတန်တစ်ရွက်ကို လက်နှစ်ဖက်နှင့် ရိုရိုသေသေ ပေးလိုက်ရာ အဘိုးကြီးက အိတ်တွင်းမှ ပိုက်ဆံနှိုက်၍ ခုနစ်ဆယ်အထိ ပြန်အမ်းလိုက်ပါ၏။

နန်းနုဆိုသော မိန်းမချောလေးမှာ တောင်းလေးကိုမ၍ အိမ်တွင်းသို့ ပြန်ဝင်သွားလေတော့သည်။

တက္ကသိုလ် ပေါင်းစုံမှ အလှတောများစွာကို ဖြတ်သန်းခဲ့ဖူးသော မင်းလွင်ဦး ဤတောပန်း၏ အလှကိုမူ ငဲ့ငဲ့[illegible]

www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးနေမိသည့် အဖြစ်ကို သူငယ်ချင်းများ မပြောနှင့်၊ သူ့ကိုယ်သူ မယုံနိုင်အောင် ဖြစ်ရသည်။ နန်းနှံမှည့်သော မိန်းကလေး သူ့မျက်စိအောက်မှ ပျောက်သွားသည်ကိုပင် နှင်၍ လှမ်းချင်သလိုလို။

'အဘ၊ ကျွန်တော်တို့ ပြန်ပါဦးမယ်၊ ဒီအိတ်ကို ဆက်ဆက် လာပို့ပါ့မယ်'

'အေး....အေး'

သူငယ်ချင်းတစ်စု မာလကာသီး လွယ်အိတ်ဆွဲကာ ပြန်ခဲ့ကြရသည်။

'ငါ ဝမ်းသာလိုက်တာကွာ၊ သူနေတဲ့အိမ် သိရလို့'

'အေး....ဝမ်းသာလုံးဆို့ပြီး သေချင်လဲ တစ်ခါတည်း သေလိုက်၊ မသေခင်ဖတော့ ရော့....မင်းဟာကြီး မင်းပဲထမ်း'

မာလကာသီး တစ်ရာ၏ အလေးချိန်က မနည်းလှ။ တင်ထွန်းအောင်ပြောမှ မာလကာသီး အိတ်ကြီးကို သတိရပြီး သူငယ်ချင်းလက်မှ လှမ်းယူရသည်။



'မင်း တကယ်ပဲ နောက်တစ်ခေါက် လာဦးမှာလား'

'လာမှာပေါ့ကွ၊ တကယ့်ကို လာမှာ'

တင်ထွန်းအောင်က မင်းလွင်ဦးအား စိုးရိမ်တကြီး လှမ်းကြည့်လိုက်မိတော့သည်။

စက်မှု အင်ဂျင်နီယာဘွဲ့ရကာ အလို သင်္ဘောကျင်းတွင် အလုပ်လုပ်နေပြီး ဝင်ဒါမီယာတွင် သူနေသော တိုက်ကြီးကလည်း ဟည်းနေသည်။

သူဌေးမကြီး ဒေါ်သဲပွင့်၏ တစ်ဦးတည်းသောသား၊ ပြည့်စုံခြင်းများစွာဖြင့် ပြည့်စုံနေအောင် ဘဝပေး ကံကောင်းသူဖြစ်ပါ၏။ မိန်းကလေးများနှင့် ပတ်သက်၍ အနေတည်ကာ အေးအေးနေတတ်သူ ဖြစ်၍ သူငယ်ချင်းများက မခုတ်တတ်တဲ့ ကြောင်ဟုပင် နောက်ပြောင် ခံရသူပါ။

ယခုတော့ စံပယ်လေးနှင့် တွေ့ကာမှ တင်ထွန်းအောင်တို့နှင့် ပေါင်းသင်းလာသော သက်တမ်းတွင် တစ်ခါမှ မင်းလွင်ဦး ဤမျှ လှုပ်ရှားပုံမျိုး မတွေ့ခဲ့ရ။ မင်းလွင်ဦး လှုပ်ရှားပုံမှာ လိုက်လှဲလွန်းပါ၏။

'သူငယ်ချင်း'

www.burmeseclassic.com

www.burmeseclassic.com



'တော....'

'ကြည့်လဲလုပ်ပါကွာ၊ မဖြစ်နိုင်တာ မကြိုးစားပါနဲ့'

'ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ'

'ဒါတော့ ငါပြောဖို့ လိုသေးလား၊ မင်းအဘွား ကြီးလဲ ထည့်တွက်ဦး'

မင်းလွင်ဦး မြူးကြွနေရာမှ ငြိမ်ကျသွားပြီး....

'အေးပါကွာ၊ ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့်....'

သူ စကားမဆက်နိုင်။ ဘုရားပေါ် ပြန်မသွားတော့ဘဲ သဘောၤဆိပ်ဆင်းကာ မြစ်ဝကျွန်းပေါ် မြို့များမှ ဆိုက်ကပ်လာကြမည့် သင်္ဘောများကို စောင့်ရင်း မာလကာသီးများ ရေထဲသို့ သွန်ချလိုက်ရသည်။ လွယ်အိတ်ဓလေးကိုဖြင့် ယူလာခဲ့ ခေါက်ကာ အဘိုးတန် ရတနာပမာ မင်းလွင်ဦးမှာ ကျစ်လစ်အောင် ဆုပ်ကိုင်လာခဲ့ပေတော့၏။



မင်းလွင်ဦး မအိပ်နိုင်တော့ ခုတင်ပေါ်တွင် အတွေးပေါင်းစုံ ဝင်နေပေတော့၏။

နာမည်လေးက နန်းနွဲ့၊ ချစ်စရာ ကောင်းလိုက်တာ၊ တစ်ခါမျှ မလှုပ်ရှားခဲ့ဖူးသော နှလုံးသားမှ ခံစားမှုသစ်များ ဖြစ်ထွန်းလျက်ပါ....

'မဖြစ်နိုင်တာ မကြိုးစားပါနဲ့ပါကွာ'

တင်ထွန်းအောင် ပြောစကားများကို ပြန်လည် ကြားယောင်ကာ ဦးနှောက်အသိ လက်ခံနေမိပါ၏။

မင်းလွင်ဦး ဆယ့်ငါးနှစ်သားတွင် ဖခင်ကြီး ဆုံးသွား၍ မိခင် ဒေါ်သဲပွင့်မှာ သူ့အား ဖခင်မေတ္တာပါ ပေးကာ နှစ်ဆတိုး၍ အလိုလိုက်ခဲ့ ချစ်ခဲ့ရှာပါ၏။

ပညာသင်ပေးပြီး သားလေးအား အရိပ်တကြည့်ကြည့်နှင့် နေကာ တစ်ဖက်ခြမ်းမှ ဒေါက်တာ ခင်ချမ်းသာနှင့် လူကြီးချင်းလည်း သဘောတူ၊ လူငယ်ချင်းကလည်း ယူငယ်ချင်းပါ[illegible]

ဒေါက်တာ ခင်ချမ်းသာမှာ ဦးမြဘူး၊ ဒေါ်သင်း[illegible] သမီးလေးဖြစ်ပြီး အင်္ဂလန်နိုင်ငံတွင် ရင်ခေါင်း[illegible] ဆောဂါ ပါရဂူဘွဲ့ယူရန် သွားနေဆဲပါ။ ဒေါက်တာ [illegible] သာ အင်္ဂလန်မသွားခင် စေ့စပ်မည်ဟု [illegible]

www.burmeseclassic.com



ဒေါက်တာ ခင်ချမ်းသာ မိဘများကလည်း သဘောတူပါ၏။ သမီးလေး ပြန်လာမှ စေ့စပ်ပါလို့ အကြောင်းပြန်သဖြင့် စေ့စပ်လိုက်ရသော်လည်း လူကြီးများမှာ ကျိန်းသေပေးစားကြတော့မည်ဟု ရည်ရွယ်ကာ ခြံနှစ်ခု ရွှေလမ်း ငွေလမ်းဖောက်ထားကြပြီးလေပြီ။

ဒေါက်တာ ခင်ချမ်းသာနှင့် မင်းလွင်ဦးမှာ ငယ်စဉ်အတည်းက မိဘချင်းခင်ပြီး အတူကျောင်းနေ လာခဲ့ပေရာ မောင်နှမရင်းချာ ပမာ ခင်မင်ကြပါ၏။

မင်းလွင်ဦးသည် ခင်ချမ်းသာအား ငြင်းစရာမရှိပါပေ။ ငယ်စဉ်အတည်းက ခင်မင်လာကြ၍ တစ်ယောက်အကြောင်း တစ်ယောက်သိရှိပြီးသားပါ။

ခင်ချမ်းသာမှာ ဆရာဝန်စိတ် အပြည့်နှင့် တည်ငြိမ်၍ ကျက်သရေ ရှိလှစွာသော သူလေးပါပင်။

ခင်ချမ်းသာအား ချစ်စကား တစ်ခါမှ မပြောခဲ့ရ။ လူကြီးချစီးသာ ပြောကြပြီး မင်းလွင်ဦး၏ မိခင်ကြီးလည်း စိတ်ချမ်းသာ ငြင်းစရာလည်း အကြောင်းမရှိ၍ နိုင်ငံခြားမှ ခင်ချမ်းသာ ပြန်လာလျှင် လက်ထပ်ရတော့မည်ဟု ဆုံးဖြတ်ကာ အေးအေးပင် နေခဲ့ရာမှ နွေလယ်က တွံတေးဘုရားပွဲမှ တွေ့ခဲ့ရသော



တောစံပယ်ကို မြင်လိုက်ရမှ မလှုပ်ရှားခဲ့ဖူးသော ရင်သည် ကိုယ်ပင် အံ့သြလောက်အောင် လှုပ်ရှားခဲ့ရတော့သည်။

ဦးနှောက် အသိက သိပါသည်။ အင်ဂျင်နီယာ နှင့် ဒေါက်တာ ဖိတ်စာကမ်း၍လည်း ကောင်းသလို၊ နှစ်ဖက်မိဘလည်း စိတ်ချမ်းသာ ပွဲလယ်တင့်လှပေသည်။

သို့ပါသော်လည်း မျက်စိထဲတွင်ဖြင့် နုန်းနုမည်သော တောစံပယ်လေးသည် ဖျောက်မရ။ ရင်တွင်းရောက် မိန်းကလေး၏ အသွင်သဏ္ဌာန်ကို တွန်းလှန်နိုင်သော အားအင် မရှိပါချေတကား။

'မနန်းနု'

'အမယ်လေး'

စံပယ်ရုံတေားမှာ ပေါက်နေသော မျက်နှာများကို ကြက်တုတ် လေးထိုင်ကာ နှောက်ခိုင်း နှုတ်နေသည်ကို အသံမပေးဘဲ ကြည့်

www.burmeseclassic.com



ကောင်းကောင်း ကြည့်ခနေပြီးမှ ခေါ်လိုက်ရာ လန့်သွားခြင်း ဖြစ်ပေ၏။

'လန့်သွားလားဗျာ'

မင်းလွင်ဦးကို ဘာမှပြန်မပြောဘဲ မတ်တတ် ရပ်လိုက်ပြီး မင်းလွင်ဦးနှင့် မျက်နှာချင်း ဆိုင်ဖြစ်သွားရာ၊ ရှက်စနိုးနှင့် ခေါင်းလေး ငုံ့ထားရှာသည်။

'အဘ ဘယ်သွားလဲ'

'ဈေးဘက်သွားတယ်'

'ကျွန်တော် ယူသွားတဲ့အိတ် လာပို့တာ'

'ဟုတ်ကဲ့'

နန်းနုက မင်းလွင်ဦး လှမ်းပေးသောအိတ်ကို လှမ်းယူလိုက်၏။

အိတ်ပေးပြီး ကိစ္စပြတ်သွားပေပြီ။

သူ ပြန်ရန်သာ ရှိတော့သည်မို့ စကားရှာရသည်။

'မနန်းနုတို့ခြံက သိပ် သာယာတာပဲနော်'



'ဟုတ်ကဲ့၊ ဒီလိုဖြစ်အောင်လဲ ကျွန်မတို့သားအဖ အမြဲ လုပ်ပေးရပါတယ်'

'ပင်ပန်းမှာပဲနော်'

'ပင်ပန်းပေမယ့် ဒီခြံလေးနဲ့ပဲ နန်းနုတို့ မှီခိုနေရတာပါ'

မင်းလွင်ဦး ရင်ထဲမှာ ကရုဏာတရားတို့ ဖြစ်ထွန်းရပြန်သည်။

'မနန်းနု အမေရော'

'အမေ ငယ်ငယ်ကတည်းက ဆုံးသွားပါတယ်'

'ဒါဖြင့် သားအဖ နှစ်ယောက်တည်းပေါ့နော်'

'ဟုတ်ပါတယ်'

စကား ပြတ်သွားပြန်သည်။ မင်းလွင်ဦးမှာ အနီးကပ် မြင်ရသော နန်းနု၏ အလှလေးကို မြတ်နိုးစွာ ကြည့်ခနေမိတော့သည်။

ခြံအလုပ်နှင့် သားအဖနှစ်ယောက်ဘဝ ရပ်တည်နေရရှာသော်လည်း ဆင်းရဲလွန်းလှသည်တော့ မဟုတ်။ သားအဖနှစ်ဦး၏ဝမ်းစာနှင့် နေထိုင်စရာ အိမ်လေးပါ ပြည့်စုံအေးချမ်းလို့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့် နာမည် မင်းလွင်ဦးပါ'

'ဪ'

'ကျွန်တော် တာဝန်နဲ့ ဒီမြို့ကို အမြဲလာရပါတယ်'

'ဟုတ်ကဲ့'

'ဟော....အဘ ပြန်လာပြီ'

လွယ်အိတ်တစ်လုံးကို လွယ်ကာ အဘိုးကြီး ခြံဝသို့ ရောက်လာ၍ မင်းလွင်ဦးက ပြောလိုက်ခြင်းဖြစ်၏။

'သူငယ် ဘယ်တုန်းက ရောက်နေလဲ'

'အခုပဲခင်ဗျာ၊ အိတ်လာပို့တာပါ'

'အေး...အေး....အိမ်ပေါ်တက်ဦးလေ'

မင်းလွင်ဦး ဝမ်းသာသွားရပြီ။ သည်သားအဖနှင့် ရင်းနှီးချင်၍ တမင်လာခဲ့ရာ အိမ်ပေါ်တက်ခွင့် ရခဲ့ပြီ။

'လာထိုင်၊ သမီး လက်ဖက်ရည် ထည့်ပါကွယ်'

မကြာမီ လက်ဖက်ရည်ကြမ်းဝိုင်းလေး ဖြစ်သွားလေပြီ။ ထန်းလျက်ခဲ၊ ပဲလှော်နှင့် ဧည့်ဝတ်ပြု နေရှာသော နန်းနု။



'အလုပ်ကိစ္စနဲ့ လာတာလားကွယ့်'

'ဟုတ်ကဲ့၊ ကျွန်တော် စာရင်းတွေ လာစစ်တာပါ'

'ဘယ်နှစ်ရက် တစ်ခါ လာလဲ'

'အလုပ်ရှိ ရှိသလိုပါပဲ အဘရယ်၊ အထူးသဖြင့်တော့ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်တွေမှာ လာစစ်ရပါတယ်'

သူ အားလပ်သော ရက်ကို ရွေးပြောလိုက်ရသည်။ အဘသည် ရိုးသားစွာ ယုံကြည်ရှာပါ၏။

သည်လိုနှင့် အခွင့်သင့်တိုင်း ရောက်လာတတ်သော မင်းလွင်ဦး မလာလျှင်ပင် သားအဖ နှစ်ယောက် မျှော်ကြသောအဆင့်သို့ပင် ရောက်ခဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'မောင်ဦး မလာတာ သုံးရက် ရှိသွားပြီ'

'ဟုတ်တယ်အဖေ'

'ဒီနေ့တော့ လာလိမ့်မယ် ထင်တယ်'

ချစ်မေတ္တာ များစွာကိုပါ သယ်ဆောင်လျက် လာရောက်နေသော မင်းလွင်ဦးမှာလည်း သားအဖ နှစ်ယောက် စိတ်ရင်းများကို သိရှိပြီး သန့်စင်သော မေတ္တာများပါ ရောယှက်တာ ချစ်ခင်ခဲ့မိသဖြင့် တိုတောင်းလှသော အချိန်အတွင်းမှာပင် ရင်းနှီးမှုမှာ မြင့်မားလာခဲ့ပေပြီ။

ဟော...အဖေ၊ အစ်ကို လာပြီ'

'ဟေ...အေး....ငါ မပြောလား၊ လာမှာပါလို့'

သားအဖနှစ်ယောက် ဝမ်းသာအားရ ဆီးကြို ကြရှာသည်။ လွယ်အိတ်တစ်လုံးတွင်းမှ နို့ဆီ၊ သကြား၊ ကော်ဖီနှင့် မုန့်မျိုးစုံကို ထုတ်၍...

'အဘစားဖို့ ကျွန်တော်ဝယ်လာပါတယ်'

'အို....ဘာလို့ ဝယ်လာရတာလဲ၊ အဘ အားနာတယ်'



'ညီမ နန်းဖို့ ဒါလေးတွေ ကြုံလို့ဝယ်လာတာပါ'

ဖော့ရှုန်ရောင်စုံလေးများနှင့် မိတ်ကပ်ဘူးလေး။

'အို...အစ်ကိုကလဲ ဘာလုပ်ဖို့ ဝယ်လာခဲ့တာလဲ'

မင်းလွင်ဦးလွယ်အိတ်တွင်းမှ ပစ္စည်းများကို ထုတ်အပြီးတွင် အားနာစကား ဝိုင်းပြောနေကြသော သားအဖအား...

'ကျွန်တော့်ကို အားမနာကြပါနဲ့၊ အဘတို့ကို စေတနာနဲ့ပါ၊ ကျွန်တော် တတ်နိုင်သမျှလေးပါ၊ အဖိုးမတန်ပါဘူး'

မင်းလွင်ဦးအဖို့မှာ တကယ်အဖိုးမတန်သော ပစ္စည်းများပင်။ မိခင်ချမ်းသာသမျှ ပစ္စည်းများကို ကြိုက်သလောက် ထုတ်သုံးနိုင်ပါ၏။

ငွေထည့်သော သေတ္တာကို မိခင်ထံခွင့်ပန်စရာ မလို။ သားလေးတစ်ယောက်အား သုံးနိုင်ခွင့် ပေးထားသော်လည်း မိဘ၏ ပစ္စည်း အလွဲသုံးစားမလုပ်၊ သူငယ်ချင်းများနှင့် စားသောက်သည်မှလွဲ၍ သုံးဖြုန်းသော သားမဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



မင်းလွင်ဦးမှာ သားအဖ နှစ်ယောက်အား သည့်ထက် တန်ဖိုးရှိသောပစ္စည်းများ မပေးဝံ့သေး။

စာရင်းစစ်ဟု သာမန် လခစားဘဝနှင့် သူ့ဘဝကို ပြောထားခဲ့၍ ကျွန်တော် တတ်နိုင်သလောက်လေးပါဟု ပြောလိုက်ရခြင်း ဖြစ်ပေ၏။

'အစ်ကို ထမင်းစားပြီးပြီလား'

'မစားခဲ့သေးဘူး'

'ဒါဖြင့် ဒီမှာပဲ စားမလား'

'စားမှာပေါ့'

'ဧည့်သည်က ဖြင်းလှချည်လား'

မင်းလွင်ဦးနှင့် သားအဖနှစ်ယောက်၏ ရယ်မောသံများ စည်စည်ဝေဝေလွင့်ပျံ့လျက် မကြာမီ ထမင်းဝိုင်းလေး ဖြစ်ကာ သုံးယောက် ဝိုင်းထိုင်လိုက်ကြပြီး....

'မောင်ဦး စားကွာ'

'အစ်ကို...စားနော်၊ ဟင်းတော့မကောင်းဘူး'



'အမယ်လေး....ကောင်းပါတယ်၊ ညီမလက်ရာ သိပ်စားကောင်းတာပဲ'

သိပ်စားကောင်းပဲဆို၍ နန်းနု၏ ကြည်ခနှသော မျက်ဝန်းလေးက လက်သွားသည်။

သားအဖနှင့်ယောက်ဟည်း ၁ခါးနေ့ကမို့ တိတ်ဆိတ်အေးချမ်းနေသော ထမင်းဝိုင်းလေးတွင် မင်းလွင်ဦးပါ ပါဝင်စားသောက်၍ ထမင်းဝိုင်းလေးမှာ စိုပြည်နေတော့သည်။

ဖော်မိုက်ကာ စားပွဲကြီးပေါ်တွင် ဟင်းမျိုးစုံကို ဖွန်းခက်ရင်းနှင့် စားသောက်နေကျ မင်းလွင်ဦးမှာ ခြံကြီးထဲမှ တဲအိမ်ကလေးအတွင်းမှ မြန်မာထမင်းဝိုင်းလေး၌ လက်နှိုက်စားနေရသည်ကိုပင် ကြည်နူးဝမ်းသာမဆုံး ဖြစ်နေမိသည်။

သူ့ရင်ထဲမှ လပြည့်ဝန်းမျက်နှာလေးကို ကြည့်ပြီး နေရချိန်တွင် မင်းလွင်ဦး၏ ကြည်နူးရဆုံးအချိန်များပင် ဖြစ်တော့သည်။

ထမင်းစားပြီး ခြံထွက်သဘော်သီးစိတ်ကလေးများ စလည်းဝင်းအိနေ၏။ စားလိုက်တော့ ရင်ထဲမှာ ချိုအေးလို့ပါ။

'မောင်ဦးမိဘတွေ ရှိသေးလား'

www.burmeseclassic.com

www.burmeseclassic.com



'ဖေဖေဆုံးပါပြီ၊ မေမေတစ်ယောက်တည်း ရှိပါတယ်'

'ရန်ကုန် ဘယ်လမ်းမှာနေလဲ'

မင်းလွင်ဦး ရုတ်တရက် ဘာပြောရမှန်းမသိအောင်ကြောင်သွားပြီးမှ အိမ်လိပ်စာအတိုင်း ဝင်ဒါမီယာမှာ နေပါသည်ဟု မပြောဝံ့သေး။

'ကျောက်မြောင်းမှာပါ'

'သားအမိ နှစ်ယောက်တည်းလား'

'ဟုတ်ပါတယ်'

'အေး... အမေကို လုပ်ကျွေးတာ သိပ်ကောင်းတာပေါ့ကွယ်၊ မိဘ စိတ်မချမ်းသာအောင် မလုပ်နဲ့'

'ဟုတ်ကဲ့'

ဟုတ်ကဲ့ လိုက်ရသော်လည်း မင်းလွင်ဦး စိတ်ထဲ နင့်သွားရတော့သည်။ မိဘ စိတ်မချမ်းသာအောင် မလုပ်နဲ့ဟု အဘိုး



ကြီး ပြောလိုက်သော စကားကြောင့် ယခု သူ့လုပ်ရပ်တွေမှာ သူ့မေမေ စိတ်မချမ်းသာစေသော လုပ်ရပ်များပါပေ၏။ မေမေသာ သိလျှင် ဆက်မတွေးရဲတော့။

မိခင် မသိအောင် ဘာမှ မလုပ်ခဲ့ဖူးပေ။ ယခု နန်းနှင့်တွေ့မှ မိခင်ကို လိမ်ညာ၍ တွံတေးသို့ လာခဲ့ရသည့် အကြိမ်ပေါင်းလည်း မနည်းတော့။

နန်းကိုလည်း သူ့ဘဝမှန်ကို မပြောဘဲ လျှို့ဝှက်နေခဲ့မိသည်။

တစ်ခါမှ မဟုတ်မမှန်တာ မပြောခဲ့၊ မလုပ်ခဲ့သော မင်းလွင်ဦးမှာ မပြတ်သားသော သူ့စိတ်ကို သူကိုယ်တိုင်ပင် မနှစ်မြို့နိုင်အောင် ရှိနေမိတော့သည်။

ကြီးမားသော မေတ္တာနှင့် ချစ်မိသော နန်းအကြောင်း မိခင်အား ဖွင့်မပြောရဲ၊ ပြောလျှင်လည်း သဘောတူမည် မဟုတ်။ နန်းနဲ့ ကွဲရမှာလည်း မင်းလွင်ဦး ကြောက်လှပါ၏။ မိခင် စိတ်မချမ်းသာမှာလည်း စိုးရိမ်ရသည်မို့ မင်းလွင်ဦး မပြတ်သားနိုင်ခြင်း ဖြစ်နေရသည်။

နန်းအား သူ့ဘဝအမှန်ကို ပြောလျှင်လည်း ရိုးအားလှသော သားအဖနှစ်ဦး အခင်အမင် ပျက်မည်ဟု ယုံကြည်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုလို လိမ်ချွဲနေရခြင်းမှာ အားလုံးကို ခြုံကြည့်လိုက်လျှင် သူ့အား အရိပ်တကြည့်ကြည့်နှင့်သားလေး တစ်ယောက်အား ငုံ့သားမှတတ် ချစ်ရှာသော သူ့မေမေ အပေါ် ရက်စက်ရာ များ ကျနေလေသလား။

'အစ်ကို ဘာငိုင်နေတာလဲ၊ လက်ဖက်စားဦး လေ'

'အင်း.... မငိုင်ပါဘူး၊ စားမှာပေါ့'

သူ့အပေါ် မေတ္တာထားရှာသော နှမ်းလေး အသံနှင့် မျက်နှာလေးအား မြင်တွေ့လိုက်ရချိန်တွင် မင်းလွင်ဦးမှာ အရာအားလုံးအား ခဏမေ့လျော့ရပြန်သည်။

'အဘတို့က တွံတေးဇာတိလား'

'မဟုတ်ပါဘူး၊ ဇီးဖြူကုန်းဘက်ကပါ'

'ရန်ကုန်ကို အဘတို့ အမြဲရောက်မှာပဲနော်'

'အင်း ... တစ်နှစ်မှာ တစ်ခေါက်လောက်သာ ဘုရားဖူး ရောက်ပါတယ်'

'နှီးနှီးလေးပဲ အဘရယ်'



'နှီးပေမယ့် ကိုယ့်အလုပ်နဲ့ကိုယ် မရောက်ဖြစ် ပါဘူးကွယ်'

၁၅-မိုင်သာဝေးသော ရန်ကုန်အား တစ်နှစ်မှ တစ် ခေါက်လောက်သာ သွားနိုင်ရှာသော ခြံလုပ်သား သားအဖ အား မင်းလွင်ဦး သနားရပြန်ပါသည်။

'နှမ်းက ရန်ကုန်သွားချင်ပေမယ့် အဖေရောက်မှ ရောက်ရတာ အစ်ကိုရဲ့၊ ဒီသားအဖပဲ ရှိတာ၊ သူများနဲ့လဲ စိတ်မချလို့၊ အဖေက မသွား ရဘူးတဲ့'

'ဒါဖြင့် အစ်ကိုနဲ့ တစ်ခေါက်လောက် လိုက် ခဲ့ကြပေါ့'

'ဟုတ်တယ်နော် အဖေ၊ လိုက်သွားရအောင်'

'ဖြည်းဖြည်းတော့ လိုက်တာပေါ့ သမီးရယ်၊ မောင်ဦးဖို့ ရေနွေးကြမ်းလေး ထည့်ပေးလိုက် ဦးလေ သမီး'

အေးမြငြိမ်းချမ်းသော ခြံလေးအတွင်းမှာ အဘဘို့ သား အဖ၏ မေတ္တာစေတနာတို့ကြောင့် ပို၍ပင် ချမ်းမြေ့ကြည် နူးဖွယ်ပါတာအား။

www.burmeseclassic.com



'သားလေး နေကောင်းရဲ့လား'

'ကောင်းပါတယ် မေမေ၊ ဘာဖြစ်လို့လဲ'

'ဪ....သားကိုကြည့်ရတာ နွမ်းနေသလိုပဲ၊ အလုပ်ပင်ပန်းလား သားလေးရယ်'

'မပင်ပန်းပါဘူး မေမေ'

အမှန်မှာ မင်းလွင်ဦး ပင်ပန်းလှပါသည်။ အလုပ်မှ အချိန်ရ ရသလို တွဲတေးကို ပြေးရသည်။ မိုးရာသီတော်နှင့် လိုက်ရသည်ကတစ်မျိုး၊ ဒလဘက်မှတစ်ဆင့် တားနှင့် တွဲတေးကို အမြန်သွားရ၍ ရန်ကုန်သို့ အချိန်မီပြန်လာရသည်က တစ်မျိုးကြောင့် တကယ်ပင် ပင်ပန်းလှပါ၏။

'သား....ခင်ချမ်းသာဆီက စာလာတယ်'

'ဪ'

'မေမေနဲ့သားကို တစ်ခါတည်း တွဲရေးလိုက်တာ၊ ဖတ်ကြည့်ပါဦးလေ၊ သူ နေကောင်းပါတယ်၊ အားလုံး အဆင်ပြေပါတယ်တဲ့'

'အင်း'



'နောက်ခြောက်လလောက်ဆိုရင် ပြန်ရတော့မယ်တဲ့'

'ဟင်....ပြန်လာခါနီးပြီ'

'အင်းလေ သားရဲ့ နီးပြီပေါ့၊ မေမေကတော့ သိပ်ဝမ်းသာတာပဲ၊ သားလေးအတွက် စိတ်အေးရအောင် တစ်ခါတည်း လက်ထပ်ပေးလိုက်တော့မယ်'

လိုက်လှဲဝမ်းသာနေသော သူ့အမေအား ကြောင်ငေးငေးကြည့်နေမိပြီး သက်ပြင်းသာ အခါခါချမိတော့သည်။

ပြုံးနေသော ချစ်မေမေအား သူ့ကြောင့် သည်အပြုံးများ ကွယ်ပျောက်မသွားစေချင်ပါ။

တစ်ဖက်မှ နန်းလေးအားလည်း အတုမဲ့အချစ်နှင့် ချစ်မိသော သူ့မေတ္တာများမှာ မြင့်မားသော တောင်တန်းမှ ကျလာသော အေးမြသည့်ရေတံခွန်ပမာ တားမရ၊ ဆီးမနိုင် ပါတကား။

'ဪ....ခက်လှပါဘိတယ်'

www.burmeseclassic.com

www.burmeseclassic.com



'နန်း'

'ဟင်....အစ်ကို'

'အဘ ဘယ်သွားလဲ'

'ဈေးဘက်သွားတယ် အစ်ကို'

'နန်းလေးရယ် ပေါက်တူးကြီး ပေါက်နေ့ပါလား'

'အဲ့ဒီလိုပဲ ပေါက်နေကျပါ'

'အစ်ကို သနားလိုက်တာ၊ ဖယ် အစ်ကို ပေါက်

ပေးမယ်'

'နေပါစေ အစ်ကို၊ ပြီးတော့မှာပါ'

မင်းလွင်ဦးလက်ထဲမှ ပေါက်တူးကို အတင်းယူ၍ သစ်ပင်ခြေရင်း၌ မြေတူးနေသည့်အလုပ်ကို နန်းကိုယ်စား ဝင်လုပ်နေပေတော့သည်။

'အစ်ကို တစ်ခါမှလဲ မလုပ်ဖူးဘဲနဲ့ မလုပ်ပါနဲ့'



'ပေါက်တူးပေါက်တာပဲ ခက်တာလိုက်လို့'

'မခက်ပေမယ့် အစ်ကိုလုပ်တာ ပုံစံလဲမကျဘူး'

မင်းလွင်ဦး ပေါက်တူးပေါက်တာ ပုံမကျဘူးဟု ဘေးမှ ရပ်၍ပြောလိုက်သော နန်းလေးအား လှမ်းကြည့်လိုက်ရာ ပင်ပန်းစွာ အလုပ်လုပ်ထားရ၍ နဖူးမှ ချွေးများစို့၍ ဆံယဉ်စလေးများ ဝဲကျနေသော မျက်နှာလေးမှာ အမြင်ရှာမတွေ့နိုင်လောက်အောင် ချစ်စရာ, သနားစရာလေး ဖြစ်နေတော့သည်။

'နန်း'

'ရှင်....အစ်ကို'

'လာပါ ထိုင်ပါဦး၊ အစ်ကို ပြောစရာရှိလို့'

အရိပ်ကောင်းလှသော သရက်ပင်ကြီးအောက်၌ ထိုင်မိကြလေသည်။ ပြောစရာရှိလို့ဟုခေါ်၍ ထိုင်ခိုင်းလိုက်တော့လည်း တကယ်တမ်းကျတော့ ရုတ်တရက် ပြောမထွက်နိုင်၊ ဦးနှောက်အသိသည် နှလုံးသားခံစားမှုကို ချေဖျက်နေခြင်းလား။

'အစ်ကို ဘာပြောမလဲ ပြောလေ'

www.burmeseclassic.com

www.burmeseclassic.com



အရိုးခံလေးနှင့် သူပြောမည့်စကားကို စောင့်မျှော်ပြီး မေးလာသော နန်း၏ မျက်နှာလေးကိုကြည့်ပြီး ပိုင်နိုင်သော ဆုံးဖြတ်ချက်ဖြင့်....

'နန်း'

'ရှင်'

'အစ်ကို နန်းကို သိပ်ချစ်တယ်'

'ဟင်'

'နန်းရော အစ်ကို့ကို မချစ်ဘူးလားဟင်'

နန်းလက်ကလေးကိုကိုင်၍ မေးနေသော မင်းလွင်ဦးအား ဘာမှပြန်မပြောဘဲ ခေါင်းလေးငုံ့ထားနေ၍....

'နန်းရယ် ပြောပါဦး'

'မပြောချင်တော့ဘူး'

'ဟင်...ဘာဖြစ်လို့လဲ'

'နန်းတို့က ဆင်းရဲပါတယ်'

'ဘာဆိုင်လို့လဲ နန်းရယ်'



'ဆိုင်တာပေါ့၊ တစ်နေ့ အစ်ကို ပစ်သွားမှာပေါ့'

'ဟာ....ဘယ်လိုပြောလိုက်တာလဲ နန်းရယ်'

'အခုလိုခင်တာပဲ ကောင်းပါတယ်၊ နန်းကို ဒုက္ခမပေးပါနဲ့'

'နန်းရယ် အစ်ကို့ရင်ထဲကမေတ္တာကို နန်းလေး ဘယ်လို နားလည်အောင် ပြောရမလဲကွယ်'

'နားလည်ပါတယ် အစ်ကိုရယ်၊ ဒါပေမယ့် နန်းပြန်မချစ်ဝံ့ဘူး'

'ပစ်သွားမှာ ကြောက်လို့လား'

'ဒါပေါ့'

'တကယ်လို့ နန်းကို ပစ်သွားရင် ဟောဒီ လက်ကလေးနဲ့အစ်ကို့ကို သတ်ပစ်လိုက်'

'တကယ်တော့ အစ်ကိုမသေပါဘူး၊ နန်းပဲ သေမှာပါ'

'မပြောကောင်းပါဘူး အချစ်လေးရယ်'

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ကို လှမ်းပိတ်လိုက်ပြီး ကိုင်ထားသောလက်အား မင်းလွင်ဦး၊ သူ့ဘက်တို့ဆွဲယူ၍ နန်း၏ကိုယ်လေးမှာ မထိန်းနိုင်တော့ဘဲ သူ့ရင်ခွင်တွင်းသို့ ကျရောက်လာတော့သည်။

မင်းလွင်ဦးအဖို့ တစ်လောကလုံး ရတနာအားလုံးထက် တန်ဖိုးထားရပါသော နန်းလေးအား ယုယုယယမွှေ့ တာ နမ်းပြေပြေလေးကို နမ်းရှိုက်မိသည်။

ပြန်လည်ဖက်တွယ်ထားသော နန်း၏ လက်တလေးကို ပို၍ တင်းကျပ်သွားခြင်းသည်သာ သူ့ချစ်ခြင်းမေတ္တာ၏ သက်သေပါ။ နန်း၏နှုတ်က တစ်လုံးမှ မပြောရှာသော်လည်း လိုက်လျောမှုဖြင့် သူ့မေတ္တာကို ထိုက်ထိုက်တန်တန် တုံ့ပြန်ခဲ့ရှာပါပြီတည်း။



'သူငယ်ချင်း ငါ့ကို ကူညီပါဦးကွာ'

'ဘာ ကူညီရမှာလဲ'

'မင်းနဲ့ငါ တွေ့ခဲ့တဲ့ ဘောစံပယ်လေးအတွက် ပါ'

'ဟင်....မင်းသွားတုန်းပဲလား'

'သွားတုန်း ဘယ်ကမှလဲကွ၊ အခု ကြည်နေပြီကွ'

'မင်းလွင်ဦး စဉ်းစဉ်းစားစားလုပ်ကွာ'

'ငါ စဉ်းစားပြီးပါပြီ'

'တစ်ယောက်ယူနိုင်မှာလား၊ ခင်ချမ်းသာလဲ ပြန်လာခါနီးပြီနော်'

'ပြန်လာလဲ လာတာပေါ့၊ ငါ နန်းကို သိပ်ချစ်တယ်၊ ယူမှာပဲ'

'ဟင်....မင်း အဘွားကြီးက မလွယ်ဘူးနော် သူငယ်ချင်း'



www.burmeseclassic.com

www.burmeseclassic.com



'ဒါတွေ ထားပါဦး၊ အခု ငါ့ကို ကူညီပါဦး'

'ဘာကူညီရဦးမှာလဲ၊ မင်းအတွက် ရင်လေးတယ်'

'ဒီလိုကွာ နန်းတို့သားအဖ ရန်ကုန်ကို မနက်ဖြန် လာလည်ချင်တယ်တဲ့၊ အဲဒါ မင်းအိမ်ဟာ ငါ့အိမ်၊ မင်းအမေဟာ ငါ့အမေ ခဏ ဖြစ်စေချင်တယ်ကွာ'

'မလွယ်ပါလား မင်းလွင်ဦးရယ်'

'လွယ်ပါတယ် တင်ထွန်းအောင်ရယ်'

တင်ထွန်းအောင် သူ့ကိုကြည့်၍ ရင်လေးစွာ ပြောနေသည်ကို အရှုံးလေးများဖောက်ကာ အတင်းအကူအညီ တောင်းနေပါ၍ မနေသာတော့ဘဲ သူ့မိခင် ဒေါ်စိန်နွဲ့အား ဖွင့်ဟပြောကာ အကူအညီ တောင်းလိုက်ရတော့သည်။



'နန်းလေး ဘာဆုတွေ တောင်းနေလဲ'

'အစ်ကိုနဲ့ ပေါင်းရပါစေလို့ပေါ့'

'ဒါက တောင်းစရာမလိုဘူး'

'ဟင်.... ဘာဖြစ်လို့'

'နန်းနဲ့မောင်နဲ့က ပေါင်းရမှာပဲ၊ တောင်းရမှာက'

'ဘာဆုတောင်းရမှာလဲ အစ်ကိုရယ်'

'ဟိုလေ သားသားလေးတို့၊ မီးမီးလေးတို့ လိမ်လိမ်မာမာ ရပါစေလို့'

'ချစ်ကိုနော်'

'ဘာ.... ဘယ်လိုခေါ်လိုက်တယ်'

'အစ်ကို့ကိုလေ နန်းချစ်လွန်းလို့ 'ချစ်ကို'လို့ ခေါ်တာပါ'

'အမလေး.... နန်းရယ်၊ ထပ်ခေါ်လိုက်စမ်းပါဦး

www.burmeseclassic.com

www.burmeseclassic.com



'မောင်ကြားချင်လို့ပါ'

'သိပ်သည်းတဲ့ နန်းရဲ့ ချစ်ကိုရယ်'

နန်းဖခင် 'ဦးလူထယ်'မှာ ရှေ့နားၐှ ကြာမြင့်စွာ ရွှေတိဂုံဘုရားကြီးအား ကြည်ညိုစွာ ဖူးမြော်နေပါ၍ သူတို့ စကားပြောချိန် ရနေခြင်းဖြစ်ပါ၏။

'နန်း ဘုရားဖူး ဘယ်သွားချင်သေးလဲ'

'နန်း မသိဘူး၊ အစ်ကိုပို့တဲ့ဆီ သွားမှာပဲ'

'ဒါဖြင့် နန်းသူငယ်ချင်းတွေဆီ ပို့ပေးမယ်'

'နန်း ရန်ကုန်မှာ သူငယ်ချင်းမှ မရှိတာ'

'မညာနဲ့ ရှိပါတယ်၊ သူတို့ကတောင် မှာလိုက်သေးတယ်၊ နန်း ရန်ကုန်လာရင် သူတို့ဆီ ခေါ်ခဲ့ပါတဲ့'

'မညာပါဘူး၊ တကယ်မရှိတာပါ၊သူတို့ဆိုတာ ဘယ်သူတွေလဲ'

'တိရစ္ဆာန်ရုံက မျောက်တွေလေ'



'ချစ်ကိုနော်'

ပီတိမျက်စောင်းလေးထိုးလိုက်ကာ ကြည်နူးမှုအပြုံးလေးနှင့်....

'ကြုံကြုံဖန်ဖန် ပြောတတ်တဲ့ ချစ်ကိုရယ်'

ထိုစဉ် ဦးလူထယ် ဘုရားရှိခိုးပြီး သူတို့အနားသို့ လျှောက်လာ၍ မှတ်တတ်ရပ်လိုက်ကြပြီး....

'အဘ ဘယ်သွားဦးမလဲ'

'မင်းသဘောပဲ၊ မင်းအိမ်ခေါ်ဦးမယ်ဆို'

'ဒါဖြင့် အိမ်သွားပြီး ထမင်းစားပြီးမှပဲ၊ ပြန်ထွက်တာပေါ့'

'အေး....အေး၊ မင်းအိမ်လဲ ရောက်ဖူးချင်ပါတယ်'

ဦးလူထယ် ဘာအဓိပ္ပာယ်နှင့် ပြောလိုက်သည်ဟု သူ မစဉ်းစားနိုင်၊ နန်းလိုက်လာ၍ ဝမ်းသာမြူးကြွနေသည်။

သုံးဘီးအားနှင့် ကျောက်မြောင်း ဩဘာသလမ်းရှိ အင်[illegible] အောင်တို့အိမ်သို့ ခေါ်လာခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီမိန်းမဆိုးတွေကားတာနီးတွင် စိုးရိမ်စိတ် ဝင်လာပေတော့၏။ ဒီဆင်မှုပြောပါမလား၊ တင်ထွန်းအောင် သူ့အား သိပ်ကြည်မှန်း၍ တင်ခုံလုပ်လိုက်မှာဖြင့် ဒုက္ခ။

သို့နှင့် တင်ထွန်းအောင်တို့ အိမ်ရှေ့သို့ ရောက်ခဲ့တော့သည်။ သုံးဘီးကားခ အမြန်ပေး၍ ရှေ့မှဦးဆောင်ကာ ဆင်းလိုက်သည်နှင့် နန်းတို့သားအဖလည်း မင်းလွင်ဦး နောက်မှ ဆင်းလိုက်ခဲ့ရှာသည်။

'ဟိုက်... ပြဿနာပဲ'

နှုတ်မှ အသံမထွက်သော်လည်း ရင်မှ မြည်တမ်းလျက်၊ မင်းလွင်ဦး၏ သွေးလည်ပတ်နှုန်းများ ခေတ္တရပ်သွားလား ထင်ရလောက်အောင် တောင့်တောင့်ကြီး ဖြစ်သွားလေတော့၏။

နန်းတို့ လာသည့်အချိန်တွင် ရှောင်နေရန် တင်ထွန်းအောင်အား အသေအချာ မှာထားလျက် ယခုမူ....

'အိမ်ပေါက်ဝမှ မျက်နှာထားတင်းတင်းထား ကာမားမားကြီးရပ်နေသော တင်ထွန်းအောင်အား တွေ့လိုက်ရ၍ မင်းလွင်ဦး အိမ်ထဲဝင်ရန် ခြေလှမ်းတုံ့သွားပြီး သူ့ကို ကြောက်စရာ



လူတစ်ယောက်လို မျက်နှာငယ်ငယ်လေးနှင့် ကြည့်နေဆဲ'

'ဟေ့ကောင်'

တင်ထွန်းအောင်၏ ခပ်ငေါက်ငေါက်ခေါ်သံကို ကြားသော်လည်း မင်းလွင်ဦး မထူးနိုင်တော့ပေ။

'ဟေ့ကောင် မင်းလွင်ဦး'

'ဟင်'

အကြီးအကျယ်ကြောင်သွားသော မင်းလွင်ဦး အဖြစ်ကို မြင်ရ၍ တင်ထွန်းအောင် ရယ်ချင်စိတ်ကို မှနည်းထိမ်းထားရတော့သည်။

တမင်နောက်ချင်သောကြောင့် အိမ်ပေါက်ဝဆီး၍ ရပ်နေခြင်းပါ။ သူ့လုပ်ရပ်အောင်မြင်၍ မင်းလွင်ဦးကို ရယ်ချင်လာရာမှ သနားစိတ်ဝင်လာကာ....

'ငါ မနက်ကတည်းက မင်းတို့အိမ်လာလည်တာ၊ မင်း ဘယ်သွားနေလို့လဲ၊ စောင့်လိုက်ရတာကွာ'

www.burmeseclassic.com

www.burmeseclassic.com



'တင်...ဟာ...ဟော...ဟုတ်လား'

မင်းလွင်ဦး အားရဝမ်းသာ ဖြစ်သွားကာ အိမ်ပေါ်သို့ ပှမ်းတက်ခဲ့ရပါပြီ'

နန်းတို့ သားအဖလည်း နောက်မှလိုက်လာကြကာ အိမ်ပေါ်သို့ အားလုံးရောက်ချိန်တွင်....

'ဟာ.... အဘတို့ပါလား၊ ကျွန်တော့်ကို မမှတ်မိဘူးလား'

'မင်းက ဘယ်သူတုန်း'

'ဒီကောင် အဘတို့ခြံမှာ မာလကာသီး ဝယ်တုန်းက လိုက်ခဲ့ဖူးတယ်လေ'

'သြော်....ဟုတ်လား၊ မမှတ်မိဘူးကွယ်'

'တွေ့တာကလဲ ခဏလေးကိုး အဘရဲ့၊ ဒါ မင်းလွင်ဦးတို့အိမ်ပေါ့၊ကျွန်တော် လာလည်လို့ အဘနဲ့တွေ့ရတာ'

'သြော်....အေး....အေး'



'ဒါ မင်းလွင်ဦး အမေပါပဲ၊ ထိုင်ပါအဘ'

ရှန်းရှန်းဝေအောင်ညှော်ခံ၍ သူ့မိခင် 'ဒေါ်စိန်နွဲ့' ကိုပါ မင်းလွင်ဦးအမေဟု ပြောနေသော တင်ထွန်းအောင်ကိုကြည့်လျက် စောစောက စိုးရိမ်ကြောက်လန့်ခဲ့သော စိတ်များ ပျောက်ကာ တင်ထွန်းအောင်အား ကျေးဇူးတင်ရပါပြီ။

သပ်ရပ်သော မြန်မာထမင်းဝိုင်းလေးနှင့် ပြုံးပြုံးလေး ညှော်ခံရှာသော တင်ထွန်းအောင် အမေကိုလည်း၊ ကျေးဇူးတင်မဆုံးတော့။

အားလုံး ထမင်းစားပြီး နန်းတို့သားအဖအား တခြားပို့စရာရှိသမျှ လိုက်ပို့ရန် ပြန်ခါနီးတွင်....

'မင်း ပြန်တော့မလား၊ ပြန်လိုက်ခဲ့မလား'

'မလိုက်တော့ဘူးကွာ၊ ငါလဲ ပြန်တော့မယ်'

တင်ထွန်းအောင်အား အတည်ပေါက်နှင့်မေးသော မင်းလွင်ဦးအမေးကို တင်ထွန်းအောင်ကလည်း သူ့အိမ်မဟုတ်၍ ပြန်တော့မည်ဟန် ဖြေလိုက်ရာ....

'ဒါဖြင့် ငါတို့ သွားတော့မယ်၊ လိုက်ပို့လိုက်ဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com



'အမေ ကျွန်တော် ညနေမှပြန်လာခဲ့မယ်နော်'

'အေး....အေး....သား'

လျှို့ဝှက်မှုကြီး ချောမောစွာ အောင်မြင်ခဲ့၍ မင်းလွင်ဦး ပေါ့ပါးရွှင်လန်းနေသလို ဦးလူထယ်မှာလည်း ဒေါ်စိန်နွဲ၏ ပြေလည်သောညှော်ခံမှုကြောင့် ကျေနပ်ပီတိ ဖြစ်နေသည်ကို မင်းလွင်ဦးနှင့်နန်းတို့ ချစ်သူနှစ်ဦး သတိထားမိခဲ့ကြပါသည်။

'တီ....တီ....တီ'

ဆူးလေဘုရားလမ်း သံတမန် ကုန်တိုက်ရှေ့လောက်တွင် မင်းလွင်ဦးတို့ လျှောက်လာကြစဉ် နောက်မှ ထီးဟွန်းသံ အဆက်မပြတ်ကြား၍ လှမ်းကြည့်လိုက်ရာ....

ဒရိုင်ဘာ ကိုစံခင်မောင်းလာသော မင်းလွင်ဦးပိုင် ဂရင်း ဖယ်မလီကားဖြစ်နေ၍ ဘာလုပ်ရမှန်း မသိအောင် ကြောင်ပြီး ရပ်လိုက်စဉ်....

'မောင်ဦး ဘယ်သွားမလို့လဲ၊ နေပူကြီးထဲ ထီးယူထားလိုက်မလား'

'ဟာ....နေပါစေ မလိုပါဘူး'



'မမပွင့် ခိုင်းလိုက်တဲ့ကိစ္စပြီးပြီ၊ ယူထားလိုက်ပါ'

'မယူပါဘူး၊ ကျွန်တော် သွားစရာကိစ္စရှိလို့'

အမူအရာပျက်ကာ ပျာယာခတ်နေသော မင်းလွင်ဦးကို ကြည့်၍ အံ့သြနေရာမှ မင်းလွင်ဦးနားတွင် ရပ်နေသော ပန်းရောင်ဝတ်စုံလေးနှင့် နန်းအား မြင်တွေ့လိုက်ရ၍ စူးစမ်းသော အကြည့်ဖြင့် နန်းတို့သားအဖအား သေချာစွာကြည့်လိုက်ပြီး ကိုစံခင်က....

'ဒါဖြင့်လဲ သွားတော့မယ်'

မင်းလွင်ဦးဘေးမှ ငြိမ့်ညောင်းစွာ ခေါင်းထွက်သွားလေတော့၏။

'လှလိုက်တဲ့ ကားလေးနော်'

'အင်း'

'ဒီလူကြီးက သဘောကောင်းလိုက်တာ ဘာ...

ထီးကို အတင်းပေးနေတာသဲ'

www.burmeseclassic.com

www.burmeseclassic.com



'သိပ် သဘောကောင်းတာ နန်းရဲ့'

'အစ်ကို့ အသိလား'

'အင်းပေါ့'

သက်ပြင်း မသိမသာချကာ နန်းတို့သားအဖနှင့် တစ်နေ့ကုန်လျှောက်လည်၍ ပန်းဆိုးတန်းဆိပ်ကမ်းအထိ လိုက်ပို့ပြီးမှ ဝင်ဒါမီယာသို့ ပြန်ခဲ့သည်။

သားမလာနိုင်သေး၍ တစ်မျှော်မျှော် ဖြစ်နေရှာသော မိခင် ဒေါ်သဲပွင့်အား ကျေနပ်အောင် ဖက်၍ချွဲလိုက်ရတော့သည်။



'ချစ်ကို'

'နန်းလေး'

'အခုလိုပဲ တစ်သက်လုံး နေသွားချင်တယ် ချစ်ကိုရယ်'

'နေရမှာပေါ့၊ မောင်လဲ နေချင်တာပေါ့ ချစ်ရယ်'

'ချစ်ကို ရန်ကုန်ပြန်ရင် သိပ်လွမ်းတာပဲ'

'မောင်လဲ မလွဲသာလို့ပါကွယ်'

'ချစ်ကိုနဲ့သာကွဲရရင် နန်းရူးမှာပဲ'

'မပြောကောင်းပါဘူးကွယ်၊ ဘယ်တော့မှ မကွဲရဘူး'

'နန်းတို့ ဘယ်တော့မှ အတူတူနေရမှာလဲ အစ်ကို'

မျှော်လင့်ခြင်း စကားလေးနှင့် အပြစ်ကင်းစင်လှသော မျက်လုံးစာလေးဖြင့် အားကိုးတကြီး ကြည့်၍မေးနေရှာသော

www.burmeseclassic.com

www.burmeseclassic.com



နန်းလေးအား ပြန်ကြည့်နေရင်း မင်းလွင်ဦးရင်ထဲ မချိလှတော့....

'အဘကလဲ ချစ်ကိုတို့ အိမ်ရောက်ပြီးမှ အမေ့ရောသားပါ ရှိုးသားကြတယ်၊ သမီးတို့ကို သဘောတူပါတယ်တဲ့'

'ဟင်....ဟုတ်လား'

'ဟုတ်ပါတယ်၊ နန်းမှာ ဒီအဖေပဲရှိတာမို့ အဖေက ပွင့်ပွင့်လင်းလင်းပဲ ပြောရှာပါတယ်'

မင်းလွင်ဦး ဘာမှ မပြောနိုင်တော့၊ သူတန့်ဖိုးထားရလွန်းသော နန်းလေး၏ မေတ္တာကိုရရှိပြီး နန်း၏ဘဝကိုပါ ပိုင်ဆိုင်ရန် နန်းဘက်က အသင့်ရှိနေသော်လည်း သူ့ဘက်က မပြတ်သားနိုင်သေးပါလား။

'ချစ်ကို စိတ်ညစ်သွားလားဟင်'

'မညစ်ပါဘူး **နန်း**ရယ်၊ ဘာဖြစ်လို့လဲ'

'ဪ....ချစ်ကိုငိုင်နေလို့ပါ'



တကယ်ပင် စဉ်းစားရပါတော့မည်။ သူပြတ်ပြတ်သားသား ဆုံးဖြတ်ဖို့ အချိန်ရောက်ပေပြီ။ ပြတ်သားရတော့မည်။

'နန်းလေး'

'ရှင်....ချစ်ကို'

'နန်းကို မောင်လက်ထပ်တော့မယ်'

'ဟင်....တကယ်လား ချစ်ကိုရယ်၊ ဘယ်တော့လဲဟင်'

'တစ်ပတ်အတွင်းပဲ **စီ**စဉ်လိုက်တော့မယ်'

'မြန်လှချည်လား၊ ချစ်ကို အမေက သဘောတူပါ့မလားဟင်'

'တူ....တူရမှာပေါ့'

'ဒါဖြင့် ချစ်ကို ဒီမှာနေမှာလား၊ နန်းက ရန်ကုန်လိုက်နေရမှာလားဟင်'

မင်းလွင်ဦး ရင်ထဲနင့်သွားအောင် ခံသားလိုက်ရသည်။နန်း အမေးမှာ သူ့အဖို့ နှစ်မျိုးစလုံးမလွယ်သော အဖြေ[illegible]လား။

www.burmeseclassic.com

www.burmeseclassic.com



'သက်ထပ်ပြီးမှ ကြည့်စီစဉ်ကြတာပေါ့ကွယ်'

'နန်းကတော့ ချစ်ကို ထားတဲ့ဆီနေမှာပဲ၊ ဒါပေမယ့် ရန်ကုန်လိုက်နေရရင် အဖေ့ကို သနားတယ်'

'ဟာ ဒါလဲဟုတ်တာပဲ၊ အဘတစ်ယောက်တည်း'

'ချစ်ကို ဒီမှာနေရင်လဲ ချစ်ကို အမေတစ်ယောက်တည်းနေ၁'

'ဒါဖြင့် ဒီလိုနေမယ်'

'ဘယ်လို နေမလဲ'

မင်းလွင်ဦးအတွက် အကွက်ဝင်လာလေပြီ။ ခေါင်းထဲမှာ ဖျတ်ခနဲ အသိဝင်လာကာ၊ အကောင်းဆုံး အဖြစ်နိုင်ဆုံး ပိပိရိရိ စီစဉ်ရလေတော့သည်။

'နန်းလဲ ဖဘတစ်ယောက်တည်း ထားခဲ့လို့ မဖြစ်နိုင်ဘူး ဒီမှာပဲနေ၊ မောင်ကတော့ အမေ့ဆီ သွားလိုက် နန်း ဆီ လာ လိုက် နေ မှာ ပေါ့၊ ရန်ကုန်မှာ အလုပ်ကလဲရှိသေးတယ် နန်းရဲ့'



'ချစ်ကို ကြိုက်သလိုစီစဉ်ပါ'

အရှိုးခံမလေးနန်း၊ သူပြောသလို နာခံရှာ၍ အချစ်ဆုံးသို့ ကရုဏာများပါ ဆင့်ဆင့်ဝေရပါတော့၏။

'သားလေး နေကောင်းရဲ့လား'

'ကောင်းပါတယ် မေမေ၊ ဘာဖြစ်လို့လဲ'

'ဩော်....သားကြည့်ရတာ အလုပ်သိပ်များပြီး ပိန်သွားသလိုပဲ'

'မေမေထင်လို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါလိမ့်မယ်၊ အရိပ်လိုကြည့်နေရတဲ့ သား လေးကို ကျန်းမာစေချင်တယ်၊ စိတ်ချမ်းသာ စေချင်တယ်'

စိတ်ချမ်းသာစေချင်တယ်ဟု ပြောလိုက်သော မိခင်စကား ကြောင့် အားတက်ကာ သူနှင့်နန်းတို့အကြောင်းပြော၍ မိခင် က ကြည်ဖြူစွာ ခွင့်ပြုမည်ဆိုလျှင် သူ စိတ်ချမ်းသာမည်ဖြစ် ကြောင်း ပြတ်သားစွာပင် ဖွင့်ပြောတော့မည်ဟု အားယူ လိုက်စဉ်....

'မေမေ'

'ဘာပြောမလဲသားလေး ပြောလေ'

'သားကို မေမေ တကယ်စိတ်ချမ်းသာစေချင် သလားဟင်'

'ဘယ်လိုမေးလိုက်တာလဲ သားရယ်၊ စိတ်ချမ်း သာစေချင်တယ်၊ ဂုဏ်ရှိစေချင်တယ်၊ တင့်တယ် စေချင်တယ်၊ ဒါကြောင့် ခင်ချမ်းသာပြန် လာရင် သားကို တင့်တင့်တယ်တယ် လက် ထပ်ပေးမယ်၊ ရှိတဲ့ပစ္စည်းတွေ သားကိုအကုန်လွှဲ ပေးမယ်'



'ဟင်း'

'နိုင်ငံခြားပြန်ပညာတတ်လဲဖြစ်၊ သိက္ခာလဲရှိတဲ့ မိန်းကလေးနဲ့ သားဘဝတစ်လျှောက်လုံး အေး ချမ်းမယ်၊ စိတ်ချမ်းသာမယ်၊ မေမေလဲသား အတွက် စိတ်အေးရမယ်မဟုတ်လား သားရယ်'

'ဟုတ်....ဟုတ်ပါတယ် မေမေ'

သူ့မေမေပြောတာ တကယ်ဟုတ်ပါသည်။ ခင်ချမ်းသာ လို သိက္ခာရှိ၊ ပစ္စည်းရှိ၊ ပညာတတ်မိန်းကလေးနဲ့ဆိုရင် အား လုံး ပြည့်စုံမည်ဖြစ်ပါသည်။

ယခုတော့ အသည်းနှလုံးဦးစားပေးသော သူ၏ ဆုံးဖြတ် ချက်ကြောင့် သူပင် စိတ်ဆင်းရဲခဲ့ရလေပြီ။

မိခင်တို့မေတ္တာတရားများနှင့် ရှိပစ္စည်းအားလုံးပါ သား တစ်ယောက်ပေါ်ပုံပေးရှာသော ချစ်မေမေအား သူ့အတွက် စိတ်မဆင်းရဲစေလိုတော့၊ ပြောမည့်စကား ပြောမထွက်တော့။

နန်းလေးရယ် နန်းကို မောင်ချစ်ရတာ စိတ်ပင်ပန်းလှ ပါဘိ။ မောင့်ဘဝကို နားလည်စေချင်ပါတယ် နန်းရယ်။

www.burmeseclassic.com

www.burmeseclassic.com



'အမေနေမကောင်းလို့ မလိုက်လာနိုင်လို့ ဒါလေးတွေပေးလိုက်ပါတယ်၊ မလာနိုင်တဲ့အတွက် တောင်းပန်လိုက်ပါတယ် အဘ'

'အို....တောင်းပန်စရာ မလိုပါဘူးကွာ၊ တော်တော် နေမကောင်းဖြစ်နေသလား'

'ဟုတ်ပါတယ်အဘ'

'ဖြစ်ရလေကွယ်၊ ဒီနေ့ဒီရက်မှပဲ'

'တင်သောင်းဖို့အတွက် အမေစုထားတဲ့ ငွေလေးနဲ့ဒါလေးတွေလုပ်ထားပြီး အမေကိုယ်တိုင်လိုက်ဖို့ပါပဲ'

မင်းလွင်ဦး ပြောရင်း လက်ကိုင်သားရေအိတ်ကလေးထဲမှ ပစ္စည်းများကို ထုတ်လိုက်လေသည်။

စိန်ခြယ်နားကပ်တစ်ရန်၊ စိန်လက်စွပ်တစ်ကွင်း၊ ယိုးဒယားဘတ်ကြိုးတစ်ကုံးနှင့် ငွေငါးထောင်တို့ကို ဦးလူထယ်ရှေ့သို့ ချပေးလိုက်သည်။ အဘိုးကြီးအား အမေမပြနိုင်၍ ဘာပြောမလဲဟု အကဲခတ်နေစဉ်....

'အင်း...အဘအနေနဲ့တော့ ဘာပစ္စည်းမှ မမက်မောပါဘူးသားရယ်၊ အမ်မဲ့သမီးလေးမို့ သား



မှတ်မှတ် မယားမှတ်မှတ်နဲ့ ကြင်ကြင်နာနာ ပေါင်းပါလို့ပဲ ပြောချင်ပါတော့တယ်'

ဦးလူထယ်မှာ မျက်ရည်လေးဝဲဝဲဖြင့် သူ့သမီးလေးကို ယုံစားကြည်ဖြူစွာ အပ်နှံနေရှာသည်။

သို့နှင့် တွဲဖေးတရားရုံးတွင် အကျဉ်းရုံး၍ တရားဝင်လက်ထပ်ကာ သူချစ်လှန်းရပါသော နန်းလေးအား တရားဝင် ပိုင်ဆိုင်လိုက်ရပါတော့သည်။

'မေမေ့ သားလေးရယ် မခွဲဘူးတော့ လွမ်းလိုက်တာ'

'သားလဲ လွမ်းတာပေါ့၊ ရုံးကိစ္စမပြီးသေးလို့ ကြာသွားတာပါ'

'ဆယ်ရက်တောင် ကြာတယ်နော် သား'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် မေမေ၊ ဒါတောင် မပြီးသေးဘူး၊ ပြန်သွားရဦးမှာ'

'ဟင်....ဘယ်တော့သွားရဦးမှာလဲ'

'လေးငါးရက် တစ်ခေါက်လောက်တော့ သွားနေရမှာ'

'ဘယ်မြို့သွားရမှာလဲ'

'အမှန်မပြောနိုင်ဘူး၊ အလုပ်ကိစ္စရှိတဲ့ လွှတ်တဲ့ဆီ သွားနေရဦးမှာပဲ၊ ဒါပေမယ့် သိပ် မကြာပါဘူး၊ တစ်ခါသွား နှစ်ရက်သုံးရက်လောက် ဖြစ်မှာပါ'

'တော်ပါသေးရဲ့၊ သိပ်ကြာရင် မေမေ မခံနိုင်ဘူး'

မင်းလွင်ဦးသည် မိခင်ကြီးအားကြည့်၍ မျက်ရည်ဝဲလာရပေ၏။ ကောင်းစွာ မကျန်းမာ၍ အပြင်လည်း မထွက်နိုင်၊ ပတ်ဝန်းကျင် ဆက်သွယ်မှုလည်း မရှိ၍ သူပြောသမျှကို ယုံရှာပေ၏။ နန်းနှင့်လက်ထပ်ပြီး ကြင်စဦးတို့နှစ်ယောက် မခွဲနိုင် မခွာနိုင်ရက်ဖြစ်ကာ မေမေအား ပစ်ထားခဲ့မိသည့်အဖြစ်ကို



မေမေ့အား ပြန်တွေ့ရပြန်တော့လည်း စိတ်မကောင်း ဖြစ်ရသည်။ မိခင်ကြီးအား သနားရသည်မှလွဲ၍ နောင်တတော့ မရမည်ပါလေ။

'ချစ်ကိုရယ် ကြာလိုက်တာ၊ နန်း မျှော်လိုက်ရတာ'

'မေမေ့ကို တောင်ငူ သွားပို့နေရလို့ပါ'

'တောင်ငူ သွားလည်တာလား'

'တောင်ငူမှာ မေမေ့ညီမတွေ ရှိတယ်၊ ဟိုက တစ်လှည့် ပြုစုချင်ကြတယ်ဆိုလို့ပါ'

'နန်းလဲ ပြုစုနိုင်ပါတယ်၊ နန်းကို ခေါ်သွားရောပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'အဖေဆာ ဒီတစ်ခေါက် ရန်ကုန်ကို လိုက်သွားတဲ့၊ ချစ်ကိုအမေ နေမကောင်းတာ သွားပြုစုရမယ်တဲ့'

တော်ပါသေးရဲ့။ သူက အလျင်ဦးဆောင် ပြောလိုက်မိခပလို့။ နှန်းကို အဘက အတင်းသည့်လိုက်မှ အခက်။

'ခုတော့ ယောက္ခမကို ပြုစုဖို့ မလိုတော့ဘူး၊ ကိုယ့်ယောကျ်ားကိုပဲ ကိုယ် ပြန် ပြု စု နော် ကောင်မလေး'

ချစ်မျက်စောင်းလေး ထိုးလိုက်သော နှန်းအဲား နောက်မှလှမ်းဖက်လိုက်ရင်း သက်ပြင်းချ လိုက်မိပြန်သည်။

မိခင်အား ချစ်လွန်းသောသား၊ ချစ်ဇနီးအား အတုမဲ့မေတ္တာဖြင့် ချစ်နိုင်သော မင်းလွင်ဦးအဖို့ မပြတ်သားနိုင်၊ လိမ်ရညာရန္ဒင့် သံသရာလည်ကာ တွေးတွေးနှင့်ရန်ကုန် ပြေးရင်းလွှားရင်း အချိန်တို့ ကုန်လာပေတော့၏။



'သူငယ်ချင်း ငါ မိန်းမယူတော့မယ်'

'ဟေ .. တယ်ဟုတ်ပါလား၊ လဲ့လဲ့နဲ့ပဲလား'

'ဘယ်ကဟုတ်ရမှာလဲ'

'ဟင်....ဘယ်သူနဲ့လဲ'

'ဖြူဖြူနဲ့နဲ့'

'ဘယ်လိုဖြစ်ရတာလဲ တင်ထွန်းအောင်ရယ်'

'မတတ်နိုင်ဘူးကွာ၊ အမေက လဲ့လဲ့ခိုင်နဲ့မှ သဘောမတူတာ'

'လဲ့လဲ့နဲ့က ကျောင်းမှာတတည်းက မင်းတို့ချင်း'

'တော်ကွာ၊ ငါလဲ စိတ်မကောင်းဘူး'

'ဒါနဲ့မျှားကွာ'

'ငါ့အဖို့ အမေ့စိတ်ချမ်းသာဖို့ အခ်ကဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဟင်'

တင်ထွန်းအောင်ကို အလန့်တကြား ကြည့်လိုက်မိသည်။

'ငါဆုံးဖြတ်တာ မှန်ပါတယ်၊ လဲ့လဲ့က ချမ်းသာတော့ ငါတို့နဲ့ သိပ်ကွာဟနေတယ်၊ အမေ့ဆီလဲ သူလိုက်နေမှာ မဟုတ်ဘူး၊ အမေ့ တစ်ယောက်တည်းကိုလဲ ငါ ပစ်မထားနိုင်ပါဘူးကွာ'

'အင်း'

'ငါ့အမေက ငါ့တစ်ယောက်ပဲ သူ့ဘဝမှာရှိတာ၊ ဒါကြောင့် သူ့စိတ်ကြိုက် ဖြူဖြူနဲ့ကိုပဲ ငါ ယူလိုက်တော့မယ်'

'အင်း'

'တို့လဲ ဒီအိမ်ကိုရောင်းပြီး အလုံက သူ့ဦးလေးအိမ်တစ်ခန်း အားနေတာ သွားငှားနေမယ်၊ စပေါ်လဲပေးစရာ မလိုဘူး၊ ဒီအိမ်တလဲ မြင်တဲ့အတိုင်း ယိုယွင်းနေတာကို ငါ မပြင်နိုင်



မယ့် အတူတူရောင်းပြီး ရတဲ့ငွေလေးကို တစ်ခုခုရင်းနှီးကြ တို့အမေကလဲ သဘောတူတယ်၊ ငါ့အမေ စိတ်ချမ်းသာဖို့ အဓိကပဲ'

မှင်းလွင်ဦးသည် တင်ထွန်းအောင်အားကြည့်ပြီး ကြောင်ရှိရပ်ကာ ဘာမှဝေဖန်ချက် မပေးနိုင်တော့။

'အမေ စိတ်ချမ်းသာဖို့ အဓိကတဲ့၊ လိမ္မာလိုက်တဲ့ တင်ထွန်းအောင်'

'မင်းလဲ ခင်ချမ်းသာ ပြန်လာခါနီးပြီနော်'

'အင်း'

'တောစပယ်ဆီ သွားသေးလား'

'အင်....ဟင့်အင်း'

'ကောင်းပါတယ်ကွာ၊ မင်းအမေ စိတ်ချမ်းသာမှာပေါ့'

'အေး'

'ငါသွားမယ်၊ ဖိတ်စာပို့လိုက်မယ်၊ မင်းလဲ လာဦးကွာ'

www.burmeseclassic.com

www.burmeseclassic.com



'အေးပါ'

တင်ထွန်းအောင် သွားရာသို့ မျက်စိတစ်ဆုံး ကြည့်ရင်း တောင့်တောင့်ကြီး ရပ်နေမိတာ နားထဲတွင် တင်ထွန်းအောင် ပြောသွားသော 'အမေစိတ်ချမ်းသာဖို့ အဓိက'တဲ့ 'အမေ စိတ်ချမ်းသာဖို့ အဓိက'တဲ့။

ဆောင်းနှင်းပွင့်လေးများ နားခိုနေကြသော သစ်ရွက် သစ်ကိုင်းလေးများပေါ်သို့ ကာရောင်သည် ဖြာကျနေ၏။

ကံ့ကော်ပင်အောက် ခုံတန်းလျားလေးပေါ်တွင် ထိုင် နေသော လရောင်အောက်မှ နန်း၏ မျက်နှာလေးသည် အပြစ်မဲ့စွာဖြင့် အေးအေးမြမြ လှုလှုန်းနေသည်။



နန်း၏ လက်ကလေးအားကိုင်ရင်း အနီးကပ်ကြည့်နေ သော မင်းလှိုင်ဦးအတွက် ငွေလမင်းသည် ရင်တွင်းသို့ သက် ဆင်းကျလာသည်သို့ပါ။

'ချစ်ကို'

'ဘာလဲ နန်းလေး'

'ဟိုလေ'

'သည်လေ'

'အရေးထဲ နောက်နေပြန်ပြီ၊ ပြောမထွက်ရတဲ့ အထဲ'

'လင်မယားချင်းပဲ မိန်းမရာ၊ ဘာအကြောင်း မို့ ပြောမထွက်ရတာလဲ'

'ရှက်နေလို့ပါ'

'ဒါဆို အစ်ကိုသိပြီဗျ'

'နန်းမှာ ချစ်ကိုရဲ့ ရင်သွေးလေးရှိနေပြီ'

www.burmeseclassic.com

'ဝမ်းသာတယ် အချစ်ရယ်၊ မှောင် သိပ်ဝမ်း
သာတယ်ကွယ်'

ရင်ခွင်ကြားမှ မျက်နှာလေး ဝှက်ထားရှာသော ဇနီးအား ပက်ပိုက်ရင်း ကြည်နူးခြင်း၊ ကြင်နာခြင်းစသော ခံစားမှုများနှင့်အတူ လေးလံနက်နဲသော ခံစားမှုအသစ်များပါ ဖြစ်ထွန်းရပါသတည်း။

မင်းလွင်ဦး တွဲတေးနှင့်ရန်ကုန် ပြေးရင်းလွှားရင်းနှင့် ခင်ချမ်းသာရောက်မည့်ရက်သို့ တိုင်ခဲ့လေပြီ။

'သားလေး လေယာဉ်ကွင်းကို စောစောသွား
ရအောင်နော်'

'ဟုတ်ကဲ့ပါ မေမေ'



'မေမေတော့ သိပ်ဝမ်းသာတာပဲကွယ်'

'ဟုတ်ကဲ့'

'သားရော ဝမ်းမသာဘူးလားဟင်'

'သာ....သာပါတယ် မေမေ'

ချွေးမလောင်း ပြန်လာမည်ကို လှိုက်လှဲစွာ ဝမ်းသာနေသော မိခင်ကြီးအားကြည့်ကာ သက်ပြင်းအခါခါ ချရပါပြီ။

'ကဲ... သား ရေချိုးလေ'

'ချိုးမှာပေါ့ မေမေရယ်၊ စောပါသေးတယ်'

'စောစောပြီးတော့ ကောင်းတာပေါ့၊ ဟို
ဘက်ခြံက ကိုမြဘူးနှင့် မသန်းနှစ်တို့တောင်
သွားကြတော့မယ်'

မင်းလွင်ဦးမိခင်အား ဘာခုမ်မပြောတော့ဘဲ ရေချိုးအခန်းထဲ လဲရတော့သည်။

ဇနီးလောင်းအစနနှင့် ခင်ချမ်းသာအား ဝမ်းသာအားရ ...ခဲ့သော်လည်း ငယ်စဉ်ကတည်းက အတူကစား ဆော့

www.burmeseclassic.com



နေခဲ့သော ခင်ချမ်းသာအား သူငယ်ချင်းအဖြစ် တွေ့မြင်ချင်ပါ၏။ ဂုဏ်ယူဝမ်းသာစွာ ကြိုဆိုချင်ပါ၏။

'ကဲ...သွားစို့ မေမေ'

ကားကို မင်းလွင်ဦးကမောင်း၍ ဘေးမှ မိခင်ဒေါ်သဲပွင့် ထိုင်သော သားအမိနှစ်ယောက်တာ ကားတစ်စီး၊ ခင်ချမ်းသာ မေမေနှင့် ဖေဖေကတစ်စီး၊ ဆွေမျိုးများနှင့် သူငယ်ချင်းများက ပစ်ကပ်နှစ်စီးနှင့် မင်္ဂလာခရီးအဖြစ် မင်္ဂလာဒုံလေဆိပ်သို့ အပြုံးကိုယ်စီနှင့် သွားနေကြပေသည်။

နှစ်နာရီကျော်မျှ စောင့်စားပြီးကာမှ....

'ဟော...ဟော လေယာဉ်ဆိုက်တော့မယ်တဲ့'

မင်းလွင်ဦး ကောင်းကင်သို့ မော့်ကြည့်နေစဉ် ခင်ချမ်းသာလိုက်ပါလာသည့် ထိုင်းအဲယားဝေးလေကြောင်းပိုင် လေယာဉ်ကြီးကို မြင်တွေ့ရပါပြီ။ တိမ်တိုက်များကြားမှ တည်ငြိမ်စွာ ပျံသန်းလာပြီး လေယာဉ်ကွင်းဆီသို့ ဦးတည်း တဖြည်းဖြည်း နိမ့်ချလာနေစဉ်....

'သား လေယာဉ်ဆင်းတော့မယ်၊ တကယ်တော့ ခင်ချမ်းသာဟာ မိုးပေါ်ကကျလာတဲ့ မိန်းမပြတ်လေးပါကွယ်'



တုန်ယင်သောအသံနှင့် ပြောလိုက်သော သူ့မေမေအား ကြည့်လိုက်ရာ ပြုံးနေသော မျက်နှာနှင့် မျက်ဝန်းမှာ မျက်ရည်ကြည်များပင် လျှံနေသည်ကို တွေ့လိုက်ရပါတော့သည်။

သည်တစ်ခါ မိခင်အားကြည့်၍ ရယ်ချင်လာပေသည်။

တင်းစားထားလိုက်တာ ချေးမလောင်းကို မိုးပေါ်ကကျလာတဲ့ မိန်းမပြတ်တဲ့။

ခင်ချမ်းသာ မိုးပေါ်ကကျလာတာ မှန်ပါသည်။

မင်္ဂလာဒုံလေဆိပ်တွင် တစ်နေ့ တစ်နေ့ ခင်ချမ်းသာကဲ့သို့ လေယာဉ်ဆိုက်သမျှတိုင်း မိုးပေါ်က ကျလာသူများချည်း မဟုတ်ပါလား။

'ကိုဦး နေကောင်းတယ်နော်'

'ကောင်းပါတယ် ခင်ချမ်း'

'နည်းနည်းတောင် ပိန်သွားတယ်နော်'

---

"မှော်ဝန်" အနုပညာ ထုတ်လုပ်ရေး

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်လား'

တကယ်လည်း မင်းလွင်ဦး ပိန်ကျနေပါသည်။

သောကများလွန်း၍ ဖြစ်ပါ၏။

ဖော့ရှုန်အဖြူလက်ရှည်၊ ချိတ်ထမီကြည်ပြာရောင် ဆံပင်ကို မြင့်မြင့် စုစည်းထားသော ခင်ချမ်းသာမှာ တည်ငြိမ်၍ ကျက်သရေရှိသော အလှကို ပိုင်ဆိုင်ထားသူဖြစ်သည့်အပြင် အင်္ဂလန်နိုင်ငံမှ ပါရဂူဘွဲ့ကိုပါ ဆွတ်ခူးလာနိုင်သူလေးဖြစ်သဖြင့် ပို၍ တင့်တယ်ပေ၏။

'သမီးလေးရယ် လှလိုက်တာ၊ အသားတွေလဲ ပိုဖြူလာတယ်'

ခင်ချမ်းသာ၏ မိဘနှစ်ပါးမှာ သမီးလက်ကို တစ်ယောက်တစ်ဖက်စီ ကိုင်ထားပြီး လိုက်လှဲဝမ်းသာနေကြစဉ် ဒေါ်သဲပွင့်က ပြောလိုက်ခြင်း ဖြစ်ပါ၏။

'အန်တီ နေကောင်းတယ်နော်'

'ကောင်းပါတယ်ကွယ်'



အားလုံး ဝမ်းသာအားရရှိကြသလို မင်းလွင်ဦးကလည်း ငယ်သူငယ်ချင်းအတွက် ဝမ်းသာလှပါသည်။

ငယ်စဉ်က ခေါ်ကြသည့်အတိုင်း ကိုဦး၊ ခင်ချမ်းနှင့် နှုတ်ဆက်ကြသည်။

ရင်းနှီးသူတို့အတွက် ကွဲကွာမှုအချိန်ကာလသည် စိမ်းကားမှုကို မဖြစ်ထွန်းစေနိုင်ပါ။

'ကဲ ...သွားကြစို့'

ဦးမြဘူး ဦးဆောင်၍ လေဆိပ်မှ ထွက်ခဲ့ကြသည်။

အိမ်ပြန်လမ်းမှာ မင်္ဂလာအပေါင်းနှင့်ပြည့်စုံစွာ သာယာလှပနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ချစ်ကိုရယ် မျှားလှချည်လား၊ လူပမာ ကျနေတာပဲ'

'ခင်ဗျားလေး စားစေချင်လို့ဗျ'

'စားစေချင်လဲ နည်းနည်းပေါ့၊ စုံနေတာပဲ

ဆိုင်ဖွင့်မှာ ကျနေတာပဲ'

'များများစားစားမှ သားသားကလေး အား ရှိမှာပေါ့'

ဝယ်လာသော သစ်သီးများ၊ ပေါင်မုန့်၊ ထောပတ်၊ ကိတ်ခြောက်၊ ဘီစကစ်မှစ၍ လိမ္မော်ရည်ပုလင်းများမှာ နန်းပြောသည့်အတိုင်း ဆိုင်ဖွင့်လောက်ပေ၏။

'ဆေးရော မှန်မှန်သောက်ရဲ့လားဟင်'

'သောက်ပါတယ် ချစ်ကိုရယ်'

'မွေးရင် ဒပ်ဖရင်မှာမွေးဖို့ မောင်စီစဉ်ခဲ့ပြီ'



သူ့ကို ဂရုစိုက်လွန်းသော ချစ်ခင်ပွန်းအားကြည့်၍ နန်းမှာ ကြည်ညိုအားကိုးစိတ်များဖြင့် ပီတိဖြာခဲ့ရပါပြီ။

'ချစ်ကိုလိုချင်တဲ့သားလေး ဖြစ်ပါစေလို့ နန်း ဘုရားရှိခိုးတိုင်း ဆုတောင်းတယ်'

'ကိုယ့်ရင်သွေးပဲ နန်းရယ်၊ သားဖြစ်ဖြစ် သမီးဖြစ်ဖြစ် မောင်ချစ်မှာပဲ'

'ဒါပေမယ့် သားလေး ပိုဖြစ်စေချင်တယ် မဟုတ်လား'

'ဒါတော့ ဒါပေါ့၊ သားလေးဆို ပိုကောင်းတာပေါ့'

'ဒါကြောင့် သားလေးမွေးချင်တာ ချစ်ကိုရဲ့'

'ကဲ...သားလေး မွေးစေသတည်း၊ မွေးစေသတည်း'

ပိုက်ကို လက်နှင့်သပ်၍ ဆရာကြီးဟန်ဖြင့် လုပ်နေသော မင်းလွင်ဦး၏လက်ကို ဖမ်းကိုင်လိုက်ကာ အားပါးတရ ရယ်နေသော နန်းအားကြည့်၍ သူပါ ရယ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ရင်သွေးဦးလေး ရကာနီးမို့ ဇနီးမောင်နှံ ပျော်ရွှင်ချမ်းမြေ့နေကြသည့်အချိန်မှာ မင်းလွင်ဦးတစ်ယောက် အားလုံးကို မေ့လျက်ပါ၏။

'ခင်ချမ်း သူငယ်ချင်း စားနော်'

'စားပါတယ် ကိုဦးရဲ့'

'စားပါ သမီးရယ်၊ ငယ်ငယ်ကတည်းက သမီးကြိုက်တတ်တဲ့ အုန်းနို့ခေါက်ဆွဲ စားစေချင်လို့ အန်တီကိုယ်တိုင် ဝင်ချက်ထားတာ'

'ဟုတ်ကဲ့ပါ၊ မစားရတာကြာလို့ စားလို့ကောင်းလိုက်တာ'



'ဝမ်းသာလိုက်တာ၊ ချက်ရကျိုးတော့နပ်ပြီ'

ခင်ချမ်းသာကြိုက်သော အုန်းနို့ခေါက်ဆွဲချက်၍ သားအမိနှစ်ယောက် ဝိုင်းကျွေးနေကြခြင်း ဖြစ်၏။

နဂိုက နှစ်အိမ်တစ်အိမ်လို ရင်းနှီးပြီးသားဖြစ်၍ လူကြီးချင်း ရည်မှန်းထားကြသော်လည်း လူငယ်ချင်းမှာ သူငယ်ချင်းပုံစံအတိုင်းပင် ရင်းနှီးပွင့်လင်းကြတုန်းပင်။

စားသောက်ပြီး ထမင်းစားခန်းမှ တိုက်ရှေ့ဧည့်ခန်းသို့ ထွက်လာပြန်တော့ ဧည့်ခန်းစားပွဲပေါ်မှာ သံပရာရည်များအဆင်သင့်။

'ကဲ...သားတို့ စကားပြောနေကြဦး၊ မေမေ ဟိုဘက်ခြံ ကူးလိုက်ဦးမယ်'

ပြုံးပြုံးပြုံးပြုံးနှင့် ခင်ချမ်းသာတို့တိုက်ဘက်သို့ ကူးသွားသော ဒေါ်သိပ္ပံကိုကြည့်ပြီး သူ့သားနှင့် ခင်ချမ်းသာအား လက်ထပ်ရေးကို ဆွေးနွေးပေတော့မည်ဟု နှစ်ယောက်စလုံး သိရှိထားပြီးသားပါ။

ဧည့်ခန်းတွင် နှစ်ယောက်တည်းကျန်ရှိစဉ် ခင်ချမ်းသာအား လှမ်းကြည့်လိုက်ရာ....

www.burmeseclassic.com

www.burmeseclassic.com



ဖြူဝင်းသောအသား၊ ကျန်းမာရေးကောင်းသော ကိုယ်ခန္ဓာ၊ တင့်တယ်သောအရွယ်၊ အပြစ်ရှာမတွေ့အောင် ကျက်သရေရှိသော မျက်နှာလေး၊ နိုင်ငံခြားပြန် ပညာတတ်ဆရာဝန်မ၊ ချမ်းသာသောမိဘ၏ တစ်ဦးတည်းသောသမီး။

ဤဂုဏ်ရပ်များနှင့်ပြည့်စုံသော ခင်ချမ်းသာအား ချစ်သူအဖြစ်, ချစ်ဇနီးအဖြစ် မရည်မှန်းနိုင်သော သူ့အဖြစ်ကိုကြည့်ပြီး ဘေးလူများအနေနှင့်ဝေဖန်ကြမည်ဆိုလျှင်သူ့အား အရူးဟုသာ ဝေဖန်ကြပေတော့မည်။

မင်းလွင်ဦး ထကယ်ပင် ရူးခဲ့ပါသည်။

နန်းနှင့်တွေ့မှ ထိုအရူးရောဂါပျောက်ခြင်းပါ။

ဦးနှောက်အသိက သူ့အမှားကို သူသိပါသည်။

သို့သော် အသည်းနှလုံးထဲမှ သန့်စင်သော ချစ်ခြင်းမေတ္တာများဖြင့် ချစ်ခဲ့ရသော အပြစ်မဲ့ရှာသော နန်းလေးအား အချစ်မလျှော့နိုင်။

မှားသည်ဟု ထင်မိသော သူ့စိတ်ကိုပင် သူခွင့်မလွှတ်ချင်တော့။



အချစ်ဆိုသောအရာသည် ဖော်မြူလာဖြင့် ထုတ်လုပ်နိုင်သော ပစ္စည်းမျိုးလည်း မဟုတ်။ ပညာ၊ ဥစ္စာ၊ အလှတရားစသော ဒြပ်ဝတ္ထုများနှင့် ပေါင်းစပ်၍ ဖြစ်ထွန်းအောင် ဖော်စပ်၍လည်း ရနိုင်ခြင်းမဟုတ်။

နှလုံးသားပေါ်မှာ ကရုဏာသနွေတည်ရာမှ မွေးဖွားလာသော ချစ်ခြင်း မေတ္တာတရားကို ဘယ်သို့သော အားအင်နဲ့မှ ချေဖျက်၍ မရနိုင်ပါကြောင်း ချစ်တတ်သူ၊ ချစ်ဖူးသူတို့သည်သာ ခံစားတတ်လိမ့်မည် ထင်ပါသည်။

'ကိုဦး ဘာဖြစ်နေလဲ'

'ဘာဖြစ်လို့လဲ'

'ကိုဦးကြည့်ရတာ ခင်ချမ်းပြန်လာမှ တစ်မျိုးပဲ'

'ဘယ်လို တစ်မျိုးတာလဲ'

'ဪ.... တစ်ခုခုကို စိတ်ညစ်စရာနဲ့ ကြုံနေသလိုပဲ၊ အခက်အခဲတစ်ခုခု ရှိနေသလိုပဲ'

'မ.... မဟုတ်ပါဘူး'

သူ့ကိုယ်သူ မသိသော်လည်း ငယ်သူငယ်ချင်းမို့ ခင်ချမ်းသာ အကဲခတ်မိဟန် တူပါ၏။

www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ရင်လဲ ဝမ်းသာပါတယ်၊ ခင်ချမ်း ကူညီနိုင်ရင် ကူညီချင်လို့ပါ'

စကားသံ တိတ်၍ ငြိမ်သက်နေရာမှ ပြတ်သားသော ခင်ချမ်းသာသည် တစ်ခုခုကို ဆုံးဖြတ်လိုက်သည့်ဟန်ဖြင့်....

'ခင်ချမ်းတို့ ပွင့်ပွင့်လင်းလင်းပဲ ဆွေးနွေးရအောင်'

'ဘာကိုလဲ'

'ကိုဦးနဲ့ ခင်ချမ်းတို့ကို လူကြီးချင်း ပြောနေကြတဲ့ ကိစ္စပဲ'

'ကြော်'

'ကိုဦး သဘောက ဘယ်လိုလဲ'

'ခင်ချမ်းကရော'

'ခင်ချမ်း လက်မထပ်ချင်သေးဘူး'

'အင်း.... အင်း'



'ငယ်ငယ်ကတည်းက ပညာတွေ သင်လာခဲ့ရပြီး အသုံးမချရသေးဘူး၊ ဆေးပညာနဲ့ လူသားတွေအတွက် ကောင်းကျိုး ပြုချင်သေးတယ်၊ အိမ်ထောင်ရှင်မ စောစောစီးစီး မဖြစ်ချင်သေးဘူး ကွယ်'

'ဟာ....ဟုတ်တာပေါ့၊ နေ သူငယ်ချင်း၊ နေပါ၊ ကိုဦးအတွက် ဘာမှ ထည့်တွက်မနေနဲ့'

'အန်တီက သိပ်လောနေတော့'

'ဒါကို ကိုဦး တာဝန်ထား၊ အဘွားကြီးကို ကိုဦး ပိုင်ပါတယ်'

'မေမေတို့လဲ ခင်ချမ်းတာဝန်ထား'

သူငယ်ချင်းနှစ်ယောက် ပြိုင်တူပြုံးကြသည်။

မင်းလွင်ဦး၏ အပြုံးမှာ ပို၍ လွတ်လပ် ပေါ့ပါးလှချေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခုတလော ဒေါ်သဲပွင့် ကျန်းမာရေး သိပ်မကောင်း။ အိပ်ရာထဲ တခွေခွေ ဖြစ်နေရှာသည်။

'မေမေ နေမကောင်းဘူးလား'

ခုတင်ပေါ်တွင် လှဲနေသော မိခင်အား စိုးရိမ်စွာ မေးလိုက်မိရာ....

မင်းလွင်ဦးအား စူးစိုက်စွာ ကြည့်၍....

'လူကတော့ နေကောင်းပါတယ်'

'နေကောင်းရင် ဒီလို မနေပါနဲ့ မေမေရယ်၊ ခါတိုင်းလို ရွှင်ရွှင်လန်း နေမှပေါ့'

'သားရယ်၊ စိတ်ထဲမှာ တစ်မျိုးကြီးပဲ'

'ဟင်.... ဘယ်လို တစ်မျိုးလဲ'

'အားငယ်တယ် သားရယ်၊ သား မေမေ့အနား

မှာ သားရှိရင် အားရှိပါတယ်'

'နေမှာပေါ့ မေမေရယ်'



မင်းလွင်ဦးသည် အိမ်၌ နေချိန်ပင် မရှိလှ။

ဒေါက်တာ ခင်ချမ်းသာနှင့်လည်း ပြေလည်ပြီးဖြစ်၍ အချိန်လေးရတိုင်း တွံတေးမှ ချစ်ဇနီးထံ၌သာ အချိန် ကုန်လွန်စေခဲ့သည်။

ယခု ရုံးပိတ်ရက်များ ဆက်သွားသဖြင့် ကိုယ်ဝန် အရင့်အမာနှင့် ချစ်ဇနီးထံတွင် သုံးရက်ဆက်တိုက် နေခဲ့သည်။

အိမ်သို့လည်း ဘာမှ အကြောင်းမကြားနိုင်။ ရုံးကိစ္စဟုသာ အကြောင်းပြပြီး ထွက်ခဲ့မိသည်။

မင်းလွင်ဦး၌ ဤမျှ လျှို့ဝှက်နက်နဲသော ပြဿနာကြီး ရှိနေလိမ့်မည်ဟု ဒေါ်သဲပွင့် မသိရှိသော်လည်း မင်းလွင်ဦး၏ လှုပ်ရှားမှုများကိုဖြင့် ရိပ်စားနားလည်စပြုခဲ့ပြီဟု မင်းလွင်ဦး ထင်သည်။

ဒေါ်သဲပွင့်၏ ဘဝသည် သူ့ဟု နားလည်လာသော မင်းလွင်ဦးမှာ မိခင်ကြီးအတွက်လည်း အချိန်ပေးရတော့မည်ဟု ငဲ့ညှာစွာ ခံယူမိပါပြီ။

'မောင်ဦး၊ မမပွင့် နေမကောင်းလို့ဆို'

www.burmeseclassic.com

'ဟုတ်တယ်ဗျာ'

'အခု ဘယ်သွားမလို့လဲ'

'မေမေ ထမင်း ကောင်းကောင်း မစားလို့ သစ်သီး သွားဝယ်မလို့'

'ဦးလေး ဝယ်ပေးမှာပေါ့၊ ဘာဝယ်ရမလဲ'

'ဗိုလ်ချုပ်ဈေးကိုသွား၊ စပျစ်သီး၊ ပန်းသီး၊ ကျွဲကောသီး၊ အို.... မေမေ စားကောင်းမယ် ထင်တာတွေ အကုန်ဝယ်ခဲ့ဗျာ'

ဒရိုင်ဘာ ကိုစံခင်အား မိုက်ဆံပေးလိုက်ရာ ...

'အေး.... အေး.... ဝယ်ခဲ့မယ်၊ ဂရုစိုက်ပါကွာ၊ မင်းအမေက မင်း အနားမှာ ရှိနေရင် ဓာတ်စာ စားဖို့တောင် မလိုပါဘူး'

'ဟုတ်ကဲ့ပါ'

ဒရိုင်ဘာ ကိုစံခင်မှာ သွေးသား မစပ်သော်လည်း မင်းလွင် ၊ ဖေဖေ ရှိစဉ်ကတည်းက သူ့တိုက်တွင် ဒရိုင်ဘာအလုပ်နှင့်



ကားဂိုဒေါင်၏ အထပ်ခိုးပေါ်မှာ နှစ်ပေါင်းများစွာ နေလာခဲ့သူ ဖြစ်ပေ၏။

သူ့ဖခင် မရှိသည့် နောက်ပိုင်းတွင်လည်း ဒေါ်သဲပွင့်အား 'မမပွင့်'ဟု အစ်မအရင်းအချာပမာ လေးလေးစားစား ရှိသည်။ သူ့အားလည်း ချစ်ခင်ကာ သစ္စာရှိ လူယုံတစ်ဦးလည်း ဖြစ်နေပါပေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ.... ခင်ချမ်း မပြောဘူးလား၊ စိုးရိမ်စရာမရှိဘူးလို့'

'ဝမ်းသာလိုက်တာ ဒေါက်တာမကြီးရယ်၊ ကျေးဇူးတင်ပါတယ်'

'ကိုဦးနော်၊ ခင်ချမ်းကို ဒီလိုမခေါ်နဲ့၊ ကျေးဇူးတင်ရအောင်လဲ ခင်ချမ်းက ဘာလုပ်ပေးရလို့လဲ'

'တို့မေမေကို သူငယ်ချင်းပဲ ကုပေးနေတာ မဟုတ်လား'

'ဘယ်က ကုရမှာလဲ၊ ကိုဦး အနားမှာ ရှိနေလို့ ရောဂါတွေ သူ့အလိုလို ပျောက်သွားတာ'

'ဘာပဲဖြစ်ဖြစ်ပေါ့၊ မေမေ နေကောင်းသွားတာ ကိုဦး သိပ်ဝမ်းသာတာပဲ'

'ဒါပေါ့ ကိုဦးရယ်'

မိခင် ဒေါ်သဲပွင့်မှာ ပုံမှန်အတိုင်း သွက်လက် ရှင်လန်းနေခဲ့သည်။



ခုရက်ပိုင်းအတွင်း မင်းလွင်ဦးမှာ မိခင်ကြီး အနားမှာ နေ့ရော ညပါ ရှိနေပြီး ဒေါက်တာ ခင်ချမ်းသာက အားဆေးများ ထိုးပေး၊ အိပ်ပျော်စေသည့် ဆေးများ ကျွေးပြီး နှစ်ယောက်သား ပြုစုလိုက်ကြရျပါ၏။

ဒေါ်သဲပွင့်၏ဘဝ၊ ဒေါ်သဲပွင့်၏အသက်သည် သူ၏ တစ်ဦးတည်းသော သားလေး မင်းလွင်ဦးအပေါ်တွင်ပင် တည်ရှိနေပေတော့သည်။

"မှော်ဒန်" အနုပညာ ထုတ်လုပ်ရေး

www.burmeseclassic.com

www.burmeseclassic.com



သခော်ဘဦးသည် မြစ်ရေများကို ထိုးခွဲကာ ခုတ်မောင်းနေသဖြင့် ရေပန်းသဖွယ် ဖြာထွက်သွားနေပုံကို ကြည့်ပြီး မှင်းလွင်ဦး မျက်စိထဲတွင် လှပနေ၏။

မိခင် နေ့မကောင်း၍ ၁၅ ရက်မျှ နန်းလေးအား ခွဲထားရသဖြင့် ယခု တွေ့ရတော့မည်။

လ ရင့်ပြီ ဖြစ်သဖြင့် ဒီတစ်ခေါက် နန်းအား ရန်ကုန်ခေါ်လာခဲ့ပြီး တည်းခိုခန်းတစ်ခုတွင် ထား၍ ဗဟိုအမျိုးသမီးဆေးရုံတွင် ပြသမည်။

ကလေးမွေးဖွားပြီးလျှင် နေဖို့ ဘောက်ထော်၌ အိမ်တစ်လုံးငှားရန် အစီအစဉ်များချပြီး နန်းအား ခေါ်ခဲ့တော့မည်မို့ပျော်ရွှင်ကြည်နူးနေသော မင်းလွင်ဦးအား တင်ဆောင်လာသော ရေဝတီသခော်ကြီးသည် သူ့တာဝန် ကျေပွန်စွာ တွံတေးဆိပ်ကမ်းသို့ ဆိုက်ကပ်ပေးလိုက်တော့၏။



'ဟင်....နန်းတို့ ဘယ်သွားကြပါလိမ့်'

ရွှင်မြူးတက်ကြွလာခဲ့သော မင်းလွင်ဦးအား ခြံအလယ်တွင် သပ်ရပ်စွာဆောက်ထားသော နန်းတို့အိမ်လေးမှာတံခါးပိတ်လျက်သားဖြင့် ဆီးကြိုလိုက်လေ၏။

'နန်း ရေ....နန်း'

အတွင်းမှာဘာသံမှ မကြားရ။ တိတ်ဆိတ်မြဲ တိတ်တိတ်နေသည်။

တစ်ခါမှ တံခါးပိတ်၍ မသွားဖူးသော သားအဖ ဘယ်များ သွားကြပါလိမ့်။

ခြံနီးနားချင်းများကို လျှောက်မေးကြည့်၏။

မည်သူမျှ တိကျသောအဖြေ မပေးနိုင်။

'ကျွန်တော်တို့သိတောင်မသိဘူး၊ တံခါးပိတ်ထားတာ မြင်မှ သူတို့မရှိကြမှန်းသိတယ်'

'ဘယ်လောက်ကြာပြီလဲ....မရှိတာ'

'တစ်ပတ်လောက်တော့ ရှိပြီ'

www.burmeseclassic.com

www.burmeseclassic.com



'ဟင်....သွားကြတာ တစ်ပတ်တောင် ရှိပြီလားဗျာ'

'ဟုတ်တယ်၊ ကျွန်တော်တို့က ခင်ဗျားဆီလိုက်သွားတယ် ထင်နေတာ'

'ဟောဗျာ'

နန်းအား တရားဝင်လက်ထပ်ထားသည်မို့ ခြံနီးနားချင်းများက သူရှိရာရန်ကုန်သို့ လိုက်သွားလိမ့်မည်ဟု လွယ်လွယ်ပင် တွေးထင်ကြပေလိမ့်မည်။

ဖြစ်နိုင်ပေသည်။

နန်းတို့သားအဖ သူ့ဆီလိုက်လာလျှင်....

ဆက်၍မတွေးရဲတော့။

ပူပန်မှု အရှိန် အဟုန်သည် နှလုံးသားကို လောင်မြိုက်တော့ပါ၏။

မင်းလွင်ဦးမှာ စားလမ်းဖြင့် အမြန်ဆုံးပြန်ခဲ့ပြီး သဘော်ကိုပင် မစောင့်နိုင်။



ကူးတို့ဖြင့် ပန်းဆိုးတန်းဆိပ်ကမ်း ရန်ကုန်သို့ပြန်ခဲ့၍ တင်ထွန်းအောင် နေသွားသော ကျောက်မြောင်းအိမ်သို့ သွားခဲ့တော့သည်။

'ဒီမှာ ခင်ဗျာ'

တင်ထွန်းအောင်တို့ထံမှ အိမ်ဝယ်လိုက်သော အိမ်ရှင် မိန်းမကြီး ဖြစ်ဟန်တူ၏။

အိမ်ထဲမှထွက်လာကာ မင်းလွင်ဦးအား အကဲခတ်၍—

'ဘာကိစ္စ ရှိလို့လဲ'

'လွန်ခဲ့တဲ့ တစ်ပတ်လောက်က ကိုယ်ဝန်နဲ့ မိန်းကလေး တစ်ယောက်နဲ့ အဘိုးကြီး တစ်ယောက်များ လာကြသလားလို့ဗျာ'

'ဪ....လာတယ်၊ မိန်းကလေးကကိုယ်ဝန်နဲ့ ချောချောလေး'

'ဟုတ်ကဲ့....ဟုတ်ကဲ့ခင်ဗျာ၊ ဘာ ပြောသွားကြပါသလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဒီကာ သားအမိ ဘယ်ပြောင်းသွားကြလဲလို့မေးတယ်'

'အာ....'

'သူ့သား မိန်းမရလို့ အိမ်ပြောင်းသွားပြီလို့လဲ ပြောရော မိန်းကလေး ဒီမှာ ပုံလဲသွားတာပဲ'

'ဟာဗျာ'

'သူ့အဖေကြီးက သုံးတီးဘားပေါ် တွဲခေါ် သွားရတယ်၊ အရင်အိမ်ရှင်သားနဲ့ မရှင်းဘူးနဲ့ တူတယ်'

'ဟင်း'

'ကောင်မလေးက ချောချောလေး၊ သနားစရာ ကောင်းလိုက်တာကွယ်'

'ဘယ်သွားမယ်လို့များ ပြောသွား သေးလဲ ခင်ဗျာ'



'သူတို့လဲ မပြောနိုင်ဘူး၊ ဆေးဒေါ်လဲ သေသွား လွန်းလို့ မမေးလိုက်မိဘူး၊ အချိန်လဲ မရလိုက် ဘူးလေ၊ မေ့လဲသွားတဲ့ ကောင်မလေးကို အဘိုးကြီးတ ပွေ့ပြီး သူတို့စီးလာတဲ့ ကား ပေါ် တင်ခေါ်သွားတာပဲ၊ ဘယ် ပြန်ခေါ် သွားလဲ မသိဘူးကွယ်'

www.burmeseclassic.com

www.burmeseclassic.com



မင်းလွင်ဦး ဘဝပျက်လေပြီ။

ရင်မှာ ထာဝရ နာကျင်နေခြင်းသည် အသည်းနှလုံးတို့ ကွဲကြေသော ဝေဒနာ၏ လက္ခဏာပါပင်။

တွံတေးနယ်တစ်ဝိုက် ရွာနီးချုပ်စပ်များပင်မကျန် နေ့ပူမိုးရွာမရှောင် ရှာခဲ့၏။

ရန်ကုန်တွင် ကားနှင့်တစ်မျိုး၊ ခြေကျင်တစ်မျိုး၊ လမ်းစာတာအနှံ့ ရှာခဲ့သည်မှာ ခြေရာချင်း ထပ်မတတ်။

လူဦးရေ နှစ်သန်းသုံးသိန်းမျှရှိသော ရန်ကုန်မြို့ကြီးတွင် လူနှစ်ယောက်ကို ရှာရန်မှာ လွယ်ကူလှသောကိစ္စ မဟုတ်ပါ။

နောက်ဆုံး မျှော်လင့်ခြင်းအဖြစ်နှင့် သတင်းစာ တစ်စောင်တွင် သူနှင့်နန်းသာ သိသော အမိပ္ပာယ်ဖြင့်....

'နန်းနဲ့အဘ၊ ခြံထဲကို အမြန်ပြန်လာခဲ့ကြပါ၊
စိတ်ပူလှပြီ'

ချစ်ကို။



သတင်းစာထဲတွင် ကြော်ငြာတွေ့၍ နန်းများ တွံတေးခြံ ပြန်ရောက်နေပြီလားဟူသော မျှော်လင့်ချက်ဖြင့် တွံတေးရှိ နန်းတို့ခြံသို့ မကြာခဏ သွားရသည်မှာလည်း မောရမှန်းမသိ။

နန်းနှင့် ကြည်နူးခဲ့ရသော အိမ်လေးနှင့် ကံ့ကော်ပင်အောက်က ခုံတန်းလေးတို့မှာ တိတ်ဆိတ်ခြောက်သွေ့လွန်းလှချေသည် တကား....။

www.burmeseclassic.com

www.burmeseclassic.com



'တင်ထွန်းအောင်'

'ဟ....မင်းလွင်ဦး၊ နေကောင်းရဲ့လား၊ ပိန်သွားလိုက်တာ'

'အင်း...ကောင်းပါတယ်ကွာ'

'လှ....ထိုင် သူငယ်ချင်း'

တင်ထွန်းအောင်ရှိရာ အလုံသို့ မင်းလွင်ဦး ရောက်ရှိသွားခြင်း ဖြစ်ပေ၏။

တင်ထွန်းအောင်ထံမှ အကူအညီ ရလိုရငြားး အနည်းဆုံး င့် ရင်ဖွင့်ခွင့် ရလေမည်။

'ခင်ချမ်းသာ ရောက်နေတာ ကြာပြီလား'

'အင်း'

'မင်းတို့ လက်မထပ်ရသေးဘူးလား'

'ဟင့်အင်း'

'ဒါဖြင့် စေ့စပ်ပြီးပြီလား'



'ဟင့်အင်း'

'ဘာဖြစ်လို့လဲ၊ မင်းအဘွားကြီးက သိပ်သဘော တူနေပြီပဲဟာ၊ ဟိုဘက်က ဖျက်လို့လား'

'ဟင့်အင်း'

တင်ထွန်းအောင် မေးခွန်းများကို ရပ်လိုက်ကာ ထူးခြား နေသော မင်းလွင်ဦးကို စူးစမ်းစွာ ကြည့်လိုက်လေ၏။

'သူငယ်ချင်း၊ မင်း ဘာဖြစ်လာလဲ၊ ငိုင်လှချည် လားကွ'

'ပြောမယ် သူငယ်ချင်း၊ ပြောချင်လို့လာတာပဲ'

'အေး....ပြောစမ်းပါဦး'

မင်းလွင်ဦး အစမှအဆုံး ဇာတ်လမ်းစုံ ခင်းလိုက် လေတော့သည်။

'ဖြစ်ရလေ မင်းလွင်ဦးရယ်၊ ငါ သတိပေးခဲ့ သားပဲ၊ မင်းအတွက် ရင်လေးတယ်ကွ'

www.burmeseclassic.com

www.burmeseclassic.com



'အေးပါကွာ'

'အခုဧတော့မင်းလဲစိတ်ဆင်းရဲရတယ်၊ဟိုခမျာလဲ ငါ မိန်းမယူထားတာ မင်း ယူတယ်ထင်ပြီး ဘယ်လိုခံစားရတယ် ဆိုတာ၊ နောက်ပြီး....'

တင်ထွန်းအောင် အဖြစ်တင်စကားများကို ပြောနေရာမှ မင်းလွင့်ဦးအား ကြည့်၍ ရပ်လိုက်ရသည်။

ယောက်ျားမို့ ဟန်မပျက် ထိန်းထားရသော်လည်း မင်းလွင်ဦး ရင်၌ ဘယ်မျှခံစားနေရကြောင်း မြင်လိုက်ရ၍ သူ ဆက်မပြောရက်တော့။

'ငါလဲ အရှုံးပေးဒေါ်သန်း ပြောမိတယ်ကွာ'

'ရပါတယ်၊ မင်းပြောတာ ဟုတ်ပါတယ်'

'ဖြစ်မိမှတော့ မထူးဘူး၊ တွေ့အောင်ရှာတာ ပေါ့'

'ငါလဲ မင်းအကူအညီရမလားလို့'

'ရပါတယ်၊ ငါလဲဝိုင်းရှာမှာပေါ့'



'ကျေးဇူးတင်ပါတယ်ကွာ'

'မင်းနဲ့ငါကြားမှာ ကျေးဇူးတင်စရာ မလိုပါဘူး သူငယ်ချင်း'

'ငါလဲ တတ်နိုင်သလောက် ကူပြီး ရှာပေးပါ့မယ်ကွာ'

www.burmeseclassic.com

www.burmeseclassic.com



'ကိုဦး၊ ဒါ ခင်ချမ်းသာတို့ ဝဒ်က 'ဒေါက်တာ သက်ခိုင်' ပါ၊ ကိုသက်ခိုင် ဒါ ခင်ချမ်းသာ ပြောပြောနေတဲ့ ကိုဦးပါ'

'ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်'

ကမ်းလာသောလက်ကြောင့် မင်းလွင်ဦး ကမန်းကတန်း ာဟ်တတ်ရပ်လိုက်ကာ လက်ဆွဲနှုတ်ဆက်လိုက်ရသည်။

'ကျွန်တော်လဲ တွေ့ရတာ ဝမ်းသာပါတယ်'

'ကဲ—ထိုင်ကြဦးနော်၊ ခင်ချမ်း သွားလိုက်ဦး မယ်'

ခင်ချမ်းသာက မိတ်ဆက်ပေးပြီး ပရိသတ်များအား နှုတ်ခံရန် ထွက်သွားတော့သည်။

ယနေ့ ဒေါက်တာခင်ချမ်းသာ၏ မွေးနေ့ပါ။

နိုင်ငံခြားမှပြန်လာပြီးနောက် မိတ်ဆွေများ၊ ဆွေမျိုးများ စုစုဝေးဝေး ဆုံစည်းခွင့်ရရန် မိဘများက စီစဉ်ပေးသော ည်း ဖြစ်ပါ၏။



ခင်ချမ်းသာ မိတ်ဆက်ပေးခဲ့သော ဒေါက်တာသက်ခိုင်မှာ ယောကျ်ားပီသသော ရုပ်ရည်နှင့် သရုဝန်စိတ် ပြည့်ဝသော ယောကျ်ားမြတ်တစ်ယောက် ဖြစ်နိုင်ကြောင်း မင်းလွင်ဦး အကဲခတ်မိပါသည်။

'ကိုဦးက ဟိုဘက်ခြံကပါလား'

'ဟုတ်ပါတယ်၊ ကျွန်တော့်နာမည် အပြည့် အစုံက မင်းလွင်ဦးပါ၊ ခင်ချမ်းသာက သူငယ် ချင်းမို့ ကိုဦးလို့ပဲခေါ်တာပါ'

'ဒေါက်တာခင်ချမ်းသာကလဲ ခင်ချမ်းလို့ သူ့ ကိုယ်သူ ထည့်ပြောတော့ ရင်းနှီးတဲ့ သူငယ်ချင်း တွေပေါ့နော်'

'ဟုတ်ပါတယ်၊ ငယ်သူငယ်ချင်းပါ'

'ခင်ချမ်းသာကလဲ ကိုဦးအကြောင်း အဲ.... ကိုမင်းလွင်ဦးအကြောင်း အမြဲပြောပါတယ်'

'ဘာတွေပြောလဲ'

'ဩော်....သိပ်ခင်တဲ့ သူငယ်ချင်းလို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



'ခြော်....ဟုတ်ကဲ့'

ခင်ချမ်းသာ သူတို့နားသို့ ပြန်ရောက်လာပြီး သည့်နောက်တွင် မင်းလွင်ဦး၊ ဒေါက်တာသက်ခိုင်တို့နှင့် စကားလက်ဆုံကျအာ ညှော်ချိန်ကုန်လွန်၍ ပရိသတ်များ စုံသွားတော့မှ ဒေါက်တာသက်ခိုင် နှုတ်ဆက်၍ပြန်သွားပါ၏။

ထိုညက ဒေါက်တာခင်ချမ်းသာ၏ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော မွေးနေ့ပွဲလည်း အောင်မြင်စွာ ပြီးမြောက်သွားလေတော့သည်။



'ကဲ....ကိုဦး ဘယ်လိုလုပ်ကြမလဲ'

'ဘာကိုလဲ'

'ဟိုကိစ္စပေါ့၊ အန်တီက လေလာနေတော့ မေမေတို့ကလဲ ခင်ချမ်းကို ပြောလှပြီ'

'ဟင်း....'

'ခင်ချမ်းတစ်ယောက်တည်း အချိန်ဆွဲနေရတာ ကိုဦးကလဲ အန်တီ့ကို ပြောဦးပေါ့'

'ပြောပါ့မယ်'

'ဟိုတုန်းကတော့ ဝိုင်ပါတယ်ဆို'

'ခုအချိန်မှာ ဘယ်အကြောင်းအရာကိုမှ မတွေးချင်လို့ပါ ခင်ချမ်းရယ်'

"မှော်ဒန်" အနုပညာ ထုတ်လုပ်ရေး

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာခင်ချမ်းသာသည် သေ၁ကများကနှာနှင့် သူငယ် ချင်းကိုကြည့်ပြီး မင်းလွင်ဦး၏ ရင်ထဲမှ ဝေဒနာနှင့် ဇာတိ၏ ဝေဒနာကို ရှာမိသည်။

နန်းနှင့် ကွဲရပြီးမှ နေ့စဉ်လိုလို ချစ်သူပျောက် ရှာနေရ သာ မင်းလွင်ဦးမှာ ပူပြင်းလှသော နွေနှင့်အတူ သူ့ရင်မှာ သာင်မြိုက်လျက်ပါ။

မင်းလွင်ဦး ဘ၁စကားမှ မပြေစချင်မှုန်းသိ၍ ဒေါက်တာ ချမ်းသာ ငြိမ်နေလိုက်ရသော်လည်း သူ့ရင်တွင်း၌ ပြေစ ဥများ ရှိနေသည်။

ပြောချင်နေသည်။

သူတို့နှစ်ဦး၏ လက်ထပ်ရေးကို ဆိုင်းငံ့ရန် အချိန်ဆွဲထား အကြောင်းနှင့် ဒေါက်တာသက်ခိုင်၏ အကြောင်းများ ါ။

ခြံတွင်း၌ လရောင်သည် ရှန်းမြနေပါ၏။

ဘားကကြည့်လျှင် အရာခပ်သိမ်း ပြည့်စုံခြင်းများဖြင့် ဖက်တင့်မောလှသော ချစ်သူနှစ်ဦး ဆွေးနွေးတိုင်ပင်နေ ဟု ထင်မြင်စရာပါ။



မင်းလွင်ဦးသည်မူ အတူရှိနေသော ခင်ချမ်းသာနှင့်တကွ လောကကြီးတစ်ခုလုံးနှင့်အတူ သူ၏ပစ္စုပ္ပန်သည် ပျောက်ဆုံး လျက်....

'ချစ်ကို' ရေ ထယ်ပါဦးဆိုသော အရွှမလေး၏ တမ်းတ သံသည်သာ သူ့ရင်ဝယ် ပဲ့တင်ထပ်နေ၏။

'ဟုတ်ပါတယ်၊ ငါတွေ့လိုက်ရတာ နန်းပါ၊
ဒီအသံလေးဟာလဲ နန်းရဲ့ အသံလေးပါ၊
သူ့မှာ နန်းမှာ ကိုယ်ဝန်မရှိတော့ဘူး၊ မောင်
မှတ်မိပါပြီ၊ တွေးမိပါ၊ အချစ်ရယ်'

'နေ့စေ့လစေ့နဲ့ နန်းဟာ မောင်နဲ့ နန်းရဲ့
ရင်သွေးလေးကိုမွေးဖွားပြီးပါပြီ၊ အဲဒီရင်သွေး
လေးလဲ လူ့ပြည်မှာ ရှိနိုင်တော့မယ် မထင်ဘူး'
'ပြီးတော့ နန်း အခုလို အရူးမလေး ဘဝနဲ့
လမ်းပေါ်မှာ ပြေးလွှားနေရအောင် နန်းကို
ထိန်းသိမ်းမယ့်၊ ကြည့်ရှုမယ့်၊ စောင့်ရှောက်မယ့်
အဘ၊ အဘလဲ မရှိတော့ဘူးမဟုတ်လားကွယ်
ရင်သွေးရယ်၊ အဘရယ်ကို ချောက်ချားဖွယ်
အဖြစ်ဆိုးနဲ့ ရက်တရက်ကြီး စွန့်လွှတ်ခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com



နှင်း အရွှးမလေးဘဲ ရောက်ရတာ မကုတ်လားဟင်'

'အဲဒါတွေအားလုံးရဲ့ တာဝန်အရှိဆုံး လူဟာမောင်၊ အဓိက တရားခံဟာ နှင်း ချစ်လှပါတယ်ဆိုတဲ့ ချစ်ကိုပါကွယ်'

'နှင်းရယ်၊ အဖြစ်ဆိုးလှချည်လား၊ အဖြစ်ဆိုးလှချည်လား အချစ်ရယ်'

'ဟင်....ကိုဦး....ကိုဦး'

ဝေးလွင့်နေသော နှင်းထံမှ စိတ်အစဉ်သည် ခင်ချမ်းသာ၏ခါသံကြောင့် ပစ္စုပ္ပန်သို့ ပြန်ရောက်ခဲ့ပါပြီ။

'အို...ကိုဦး ငိုနေတယ်'

ခင်ချမ်းသာပြောလေမှ သူ့မျက်ဝန်းမှ မျက်ရည်များ ပြည့်နေကြောင်း သူ သိလာရသည်။

'ဘယ်ထိအောင်များ ခံစားနေရလို့လဲ သူငယ်ချင်းရယ်၊ ဖြစ်နိုင်ရင် ပြောပြပါ ကိုဦး၊ ခင်ချမ်း



ကူညီမယ်၊ ခင်ချမ်းကို သူငယ်ချင်း တစ်ယောက်၊ ညီမတစ်ယောက်လို သဘောထားပြီး ပြောစမ်းပါ ကိုဦး၊ မျက်ရည်ကျလောက်အောင် ဘာတွေများ ဖြစ်နေလဲဟင်'

'ခင်ချမ်းမြင်ရတဲ့ မျက်ရည်က စိမ့်ထွက်လာတဲ့ တစ်စက်တစ်ပေါက်ပါကွယ်၊ ကိုဦး ရင်ထဲမှာ ငိုနေရတဲ့ မျက်ရည်တွေက နှလုံးသား တစ်ခုလုံး နစ်နေပါတယ်'

'ဒီမှာကိုဦး ခင်ချမ်းသာကို ယုံစမ်းပါ၊ ဆွေးနွေးရအောင် ဖွင့်ပြောစမ်းပါ၊ ကိုဦးနဲ့ ခင်ချမ်းကိစ္စလား၊ ကိုဦးရဲ့ သီးသန့် ခံစားမှုလား'

'ကိုဦးရဲ့ သီးသန့်ခံစားမှုပါ'

'ခင်ချမ်း တောင်းပန်ပါတယ်၊ ပြောပြပါ သို့ပြီးတော့ တို့ကိုပဲ မေးမယ်၊ ပြောနိုင်တဲ့ ကိစ္စလား၊ ပြောလို့မဖြစ်တဲ့ကိစ္စလား'

www.burmeseclassic.com

www.burmeseclassic.com



'ပြောလို့ဖြစ်တဲ့ကိစ္စပါ၊ ပြောလဲ ပြောချင်ပါတယ် ခင်ချမ်းရယ်၊ ခင်ချမ်း မရောက်လာခင် တစ်နှစ်တည်းက ကိုဦးဘဝထဲကို 'နှန်းနှ'ဆိုတဲ့ အလှဆုံး အရိုးခံမလေးတစ်ယောက် ဝင်ရောက်လာခဲ့ပါတယ်၊ သူဟာ....'



'အို....ကိုဦးရယ် အင်မတန်မှ ကြေကွဲစရာကောင်းတဲ့ ပုံပြင်လေးတစ်ခုလိုပါပဲ လားရှင်၊ ကိုဦး ဒီကိစ္စ ခင်ချမ်း ကူညီပါ့မယ်၊တွေ့အောင်ရှာမယ်၊ လူမှုရေးဌာနတွေ၊ ရဲတွေပါ အကူအညီ တောင်းမယ်၊ ပြီးတော့ နှန်းနှရဲ့ရောဂါပျောက်ကင်းအောင် ခင်ချမ်းကိုယ်တိုင် စိတ်ရောဂါကုဆရာဝန်တွေဆီ ပို့ပေးမယ်'

'ခင်ချမ်းရယ် ကိုဦး တကယ်ပဲ အားတက်ရပါပြီဗျာ၊ နန်းကို ပြန်တွေ့ရပါစေ၊ သူ့ဝေဒနာကို ပျောက်ကင်းအောင် ကုသခွင့်ရပါစေလို့ ကိုဦး လှိုက်လှိုက်လှဲလှဲ ဆုတောင်းနေပါ့မယ်'

'တစ်ဆက်တည်း ပြန်လည် ပေါင်းသင်းခွင့်ရပါစေလို့ ဆုတောင်းပါ ကိုဦး'

'ဟင်'

'ဘာဖြစ်လို့လဲဆိုတော့ ခင်ချမ်း လဲ ဧါက်တာသက်ခိုင် ကမ်းလင့်ထားတဲ့ သူ့ဘဝထဲကို ဝင်လာပါတော့မယ်ဆိုတဲ့ အဖြေကို ပေးလိုက်ချင်လို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းမြည်လာ၍ ကောက်ကိုင်လိုက်သည်။

'ပြောပါခင်ဗျာ'

'ကိုဦးလား'

'ဟုတ်တယ် ခင်ချမ်း'

'အခုချက်ချင်း ဆေးရုံကြီးကိုလာခဲ့ပါ ကိုဦး'

'ဟင်....ဘာ....ဘာကိစ္စ'

'နန်းလှိုင်ထင်ရတဲ့သူကို တွေ့ထားလို့'

'ဟာ'

'ဆေးရုံကြီးကို အမြန်ဆုံးလာခဲ့ပါ၊ ခင်ချမ်း စောင့်နေမယ်၊ ဒါပဲ ကိုဦး'

တယ်လီဖုန်းခွက်ကို ဖြစ်သလိုပစ်ချပြီး ကားရှိဆီသို့ ပြေးသည်။

ကြောက်စရာကောင်းလောက်သော အလျှင်နှုန်းဖြင့် ဆေးရုံကြီးသို့ သူ့ကားကို အားကုန်မောင်းလာခဲ့တော့သည်။



'ကိုဦး ဒီမှာ ခင်ချမ်းစောင့်နေတယ်'

ဆေးရုံကြီးရှေ့ပေါက်ဝမှ လှမ်းပြောတော့မှ ဒေါက်တာခင်ချမ်းသာကို မြင်မိသည်။

'ဘယ်...ဘယ်မှာလဲဟင်'

'ဟိုဟာ မဟုတ်လား'

ဆေးရုံကြီး၏ ဝင်းအတွင်းမှ တရုတ်စကားပင်ကြီးအောက်တွင် ကျကျနန ထိုင်နေသော....

'နန်း....နန်း... နန်း'

'ကိုဦး'

ပြေးသွားတော့မည့် ခင်လွင်ဦးကို လှမ်းဆွဲသွားလိုက်ပြီး....

'ဒီလို တစ်ခါတည်းမသွားနဲ့၊ ထွက်ပြေးသွား လိမ့်မယ်'

'ကို....ကိုဦး ဘာလုပ်ရမလဲ ခင်ချမ်းရယ်'

www.burmeseclassic.com

www.burmeseclassic.com



'သူ... နန်း ဟုတ်တယ်နော်'

'ဟုတ်တယ်....ဟုတ်ပါတယ်ဗျာ၊ ကြည့်ပါဦး မြင်ရက်စရာ ကောင်းသေးရဲ့လားခင်ချမ်းရယ်'

'ကဲ...အသာနေ ဆေးရုံစောင့်နှစ်ယောက်ကို အကူအညီတောင်းပြီး တစ်ခါတည်း ဖမ်းချုပ်ခေါ်သွားမှ ဖြစ်မယ်'

'ဟင်....ဘယ်ကိုလဲ'

'စိတ်ရောဂါကုဆေးရုံကိုပေါ့'



'ဟာ....ဒါ ကျွန်မတို့ဆေးရုံက ထွက်ပြေးသွားတဲ့လူနာပါပဲ၊ ရှင်တို့ ဘယ်က တွေ့လာကြလဲ'

'ဆေးရုံကြီးဝင်းထဲကပါ၊ သူ ညလဲ အဲဒီမှာပဲ အိပ်တယ်လို့ အစောင့်တွေက ပြောကြပါတယ်'

'တော်သေးတာပေါ့၊ သူ့အတွက် လုံခြုံတဲ့နေရာမှာ ညအိပ်ပေလို့'

'ကျွန်မတို့လဲ စောင့်ရှောက်ပါတယ်၊ လူနာတွေကလဲ များတယ်၊ ပြီးတော့ သူကလဲ စိတ်ထိခိုက်စရာတွေ့ပြီး မေ့သွားရတာ အားလုံးကို ပြန်သတိမရတဲ့သူဆိုတော့ ယဉ်ယဉ်လေးနဲ့ ရူးနေလို့ပါ'

'သူ့ကို သူ့ကို ဘယ်သူ လာတင်တာလဲ ခင်ဗျာ'

'မှတ်တမ်းမှာ ကျွန်မ ကြည့်ပေးပါမယ်၊ ရှင်နဲ့ ဘာတော်လို့လဲ'

'ကျွန်တော့် မိန်းမပါ'

www.burmeseclassic.com

www.burmeseclassic.com



'ရှင်'

အံ့ဩသွားသော်လည်း အတွေ့အကြုံရှိပြီးသား ဆရာမလေးသည် ဘာမှ မပြောတော့ပါဘဲ မှတ်တမ်းကို သွားရှာနေချိန်မှာ....

'နန်း.... နန်းရယ်၊ ချစ်ကိုလေ.... နန်းရဲ့ ချစ်ကို'

နန်းသည် ကြောင်ကြောင်လေးသာ ကြည့်နေသည်။ ဘာမှ ပြန်မပြောနိုင်ရှာ။

'သားရော၊ သားလေး ဘယ်မှာလဲ နန်း'

သူ ခေါင်းယမ်းပြသည်။

'အဘဆော့ ဘယ်မှာလဲ၊ ပြန်စဉ်းစားပါဦး နန်းရယ်၊ မောင်ဟာ နန်းရဲ့ ချစ်ကိုလေ'

သူ ဖြည်းဖြည်း ခေါင်းယမ်းရာမှ သွက်သွက်ခါအောင် ယမ်းပြီး မျက်စိမှိတ်ထားလိုက်တော့သည်။

'နေဦး ကိုဦး၊ သူ့ကို မေးခနလို့ ဘာထူးမှာလဲကွာ၊ နန်းကို တွေ့ရပြီပဲ၊ အကြောင်းစုံ သိရတော့မှာပါ'



'သူ့ကို ဆေးရုံလာပို့သူက ဦးစိုးမြင့်၊ ဒေါ် သန်းသန်း၊ နေထာက အောင်ဥက္ကလာ၊ ၁၃ ရပ်ကွက်၊ ၄ လမ်း'

ဒေါက်တာ ခင်ချမ်းသာကပင် လိပ်စာကို ကူးယူ၍ သက်ဆိုင်ရာ ဆရာဝန်သို့လည်း သူကိုယ်တိုင် သူ့ကိုယ်သူ မိတ်ဆက်ကာ နန်းအား အသေအချာ အပ်နှံရှာသည်။

ဆက်သွယ်ရန် သူ့ တယ်လီဖုန်းနံပါတ် ပေး၍ နေ့စဉ် လာကြည့်မည့်အကြောင်းပါ မှာကြားပြီး....

'လာ ကိုဦးရယ်၊ တစ်ဆက်တည်း သွားကြစို့'

'ဘယ်ကိုလဲဟင်'

'ဦးစိုးမြင့်-ဒေါ် သန်းသန်းဆီပေါ့ကွယ်'

ခံစားမှုလွန် ဝေဒနာကြောင့် လှုပ်ရှားလွန်းနေသော မင်းလွင်ဦးအတွက် ဒေါက်တာ ခင်ချမ်းသာကပင် စီစဉ်ရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာ.... နန်းနုယောကျ်ား ဟုတ်လား၊ မင်း လောက် လူမဆန်တဲ့လူ ဒီလောကမှာ ရှိသေးရဲ့လား ဟင်'

'ခင်ဗျာ'

'မင်း မိန်းမရပြီးမှ ငါ့တူမလေးကို ဘာဒုက္ခ ပေးချင်သေးလို့လဲဟင်၊ ခုလဲ မင်းကြောင့်....'

'ကျွန်တော် နန်းနဲ့ တွေ့ပြီးခဲ့ပါပြီ ခင်ဗျာ'

'ဟင်....၊ အို.... ရှုပ်ပါတယ်၊ သွား.... သွား.... မင်းတို့ လင်မယား ငါ့အိမ်က ထွက်သွားကြ'

'ကျွန်မတို့ ပြောတာတော့ ဆုံးအောင် နားထောင်ပါ ဒေါ်ဒေါ်၊ ပြီးတော့မှ ဒေါ်ဒေါ် ကြိုက်သလို ဆုံးဖြတ်ပါ၊ ကျွန်မဟာ ကိုဦးရဲ့ သူငယ်ချင်း ခြိမ်းချင်းကပါ၊ ကျွန်မက ဆရာဝန်ပါ'

'ဟင်'

'ကိုဦးဟာ ဘယ်တုန်းကမှလဲ မိန်းမ မရခဲ့ပါဘူး၊ တင်ထွန်းအောင်ဆိုတဲ့ သူ့သူငယ်ချင်းနဲ့ မှားရတာပါ၊ အဖြစ်က ဒီလိုပါ'



'ဒီလို... ဒီလိုဆိုလဲ ဝမ်းသာပါတယ်၊ အဒေါ်တို့ မှာလဲ လူမမာကတစ်ဖက်၊ ကလေးက တစ်ဖက်၊ စီးပွားရေးက....'

'ဗျာ.... ဗျာ.... ကလေး ဟုတ်လား'

'ဟုတ်တယ်၊ နန်းနု သမီးလေး မွေးထားတယ်'

'ဗျာ.... သ.... သမီး'

ခင်ချမ်းသာသည် ဒေါ်သန်းသန်းနှင့် ပြောဆိုပြီး အိမ်ခန်းလေး အတွင်းဘက်သို့ ဝင်သွားပြီး ပြန်ထွက်အလာတွင် ပုဆိုးပိုင်းလေးနှင့် ထုပ်လာသော နီထွေးထွေး သမီးလေး၊

မင်းလွင်ဦးသည် ကလေးကို တုန်တုန်ယင်ယင်ဖြင့် လှမ်းချီလျက် ငုံ့ကြည့်နေရှာလေသည်။

ခဏအကြာတော့ ကလေး၏ အနီးဟောင်းလေးပေါ်သို့ မျက်ရည်စက်တို့ တစ်ပေါက်ချင်း လိမ့်ဆင်းလာတော့သည်။

'သူငယ်ချင်း ဝမ်းမနည်းနဲ့တော့ကွယ်၊ အားလုံး တွေ့ရ ဆုံရ ပြေလည်ကြပြီပဲ'

www.burmeseclassic.com

www.burmeseclassic.com



မင်းလွင်ဦးက နီနီထွေးထွေး သမီးလေးကို မနှမ်းရက်သဖြင့် ပင့်မြှောက်ပြီး ပါးချင်း အပ်ထားလိုက်ချိန်ဝယ် ဖခင်စိတ် ဆိုသော ကရုဏာမှ ပေါက်ဖွားလာသည့် မေတ္တာတရားတို့သည် ချစ်သမီးလေးထံသို့ စိမ့်စမ်းရေလို စီးဆင်းပါသတည်း။

ဒေါက်တာ ခင်ချမ်းသာက သူ့ကိုယ်စား မေးပေးနေသည့် အကြောင်းများကို ဒေါ်သန်းသန်းက ဖြေဆိုနေပါသည်။

'ဦးလှထယ်က အဒေါ်ရဲ့အစ်ကို တစ်ဝမ်းကွဲ ပါ၊ ကိုယ်ဝန်အရင့်အမာနဲ့ သမီးကို သူလဲ မပြုစုတတ်တော့ အဒေါ့်ဆီ ခေါ်လာခဲ့တာ ပါပဲ၊ ဒီရောက်ပြီး ဆယ်ရက်လောက် ကြာမှ ဒီကလေးကို မွေးတာပါ'

'အဒေါ်တို့ တောင်ဥက္ကလာ ကာတိုလိပ်ဆေးရုံ မှာပဲ ချောချောမောမော မွေးတာပါ၊ လလဲ ပြီးမှ ပြန်ပါဆိုဘာ ပြောမရဘူးလေ၊ အစ်ကို က သိပ်အားနာတတ်တာ၊ သူတို့ခြံပဲ ပြန်ချင် တယ်၊ နှန်းနုကလဲ သိပ်ပြန်ချင်နေတာနဲ့ လမလဲ သေးခင် ပြန်သွားကြတာပါ'

'သူတို့ တွံတေးကို'



'မရောက်ဘူး၊' လမ်းမှာတင် ထားတိုက်ခံရ တာပါ၊ ဂွတ္တလစ်လမ်းဆုံမှာ ထားသုံးစင်းဆက် တိုက်တဲ့အကြောင်း သတင်းစာမှာတောင် ပါ သေးတယ်လေ၊ အဲဒါ အစ်ကိုတို့ စီးလာတဲ့ သုံးဘီးထားလဲ တစ်စီး အပါအဝင်ပေါ့'

'အဘ.... အဘရော ဆုံးသွားပြီလားဟင်'

'ဆေးရုံမှာ၊ ခုတော့ နေကောင်းပါပြီ၊ ဆင်းရ တော့မယ်'

'တာ.... အဘ.... အဘ မသေဘူးပေါ့ ဟုတ် လား'

'မသေပါဘူးကွယ်၊ သူ့သမီးအကြောင်းတော့ ဘာမှ မပြောစံ့ဘူးပေါ့'

'နှန်း.... နှန်းက ဘယ်လို ဖြစ်သွားတာလဲ ခင်ဗျာ'

"မော်ဒန်" အနုပညာ ထုတ်လုပ်ရေး

www.burmeseclassic.com

www.burmeseclassic.com



'သူတို့ကား မှောက်သွားပြီး ကလေးက မြက်ခင်းပေါ် ကျတယ်၊ အစ်ကိုလူထယ်ကတော့ ခေါင်းထိပြီး တစ်ကိုယ်လုံး သွေးချင်းချင်းနီလို့ သတိမရတော့ဘူး'

'အို'

'နန်းဟာ လွင့်ကျသွားတဲ့ သူ့ကလေးကိုလဲ သူမတွေ့ဘူး၊ သူ့အဖေလဲ သွေးတွေနဲ့ သေဆုံးသွားပြီလို့ ထင်လိုက်တယ်၊ ပတ်ဝန်းကျင်မှာလဲ ငရဲပွက်သလို အော်ကြ ဟစ်ကြ ဖြစ်သွားတော့ သွေးနုနုနဲ့ နန်းဟာ ဘယ်မှာစိတ်ထိန်းနိုင်တော့မှာလဲ၊ ဆေးရုံကြီးကတစ်ဆင့် စိတ္တဇဆေးရုံကို ပို့လိုက်ရတော့တာပဲကွယ်'

ဦးလူဘယ် ဆေးရုံကြီး အခန်းအမှတ်ကိုမေးပြီး ဒေါက်တာခင်ချမ်းသာမှာ သူ့အိတ်တွင်းမှ ပါသမျှ ငွေသုံးရာကျော်ကို ဒေါ်သန်းသန်းလက်သို့ ပေးအပ်ခဲ့ပါ၏။

လူမမာနှစ်ယောက် ကလေးပေါက်စလေး တစ်ယောက်နှင့် ဒုက္ခရောက်နေရှာသော ဒေါ်သန်းသန်းမှာ ဝမ်းသာဝမ်းနည်းဖြင့် မျက်ရည်ကျ၍ ကျန်ရစ်ခဲ့ရှာပါတော့သတည်း။



'ကဲ....အဲဒါ မေမေ သိပ်ပြီး သားမက်တော်ချင်တဲ့ ကိုဦးရဲ့အကြောင်း အပြည့်အစုံပါပဲ'

'အေးလေ၊ ဒီလို ကလေးတစ်ယောက်အဖေကိုတော့ ဟိုကောင်မလေးနဲ့ ကွဲတဲ့တိုင်အောင် မေမေတို့ မပေးစားနိုင်ပါဘူး သမီးလေး ခင်ချမ်းသာရယ်'

'မေမေ'

'ဘာလဲ သမီး'

'ဖေဖေ့ပါ အကူအညီတောင်းပါရစေ'

'ဘာများလဲကွယ်'

'အန်တီဒေါ်သဲပွင့်ကို အဖြစ်မှန်တွေ တင်ပြချင်လို့ ဖေဖေနဲ့ မေမေပါ ဝိုင်းကူပြောပေးပါလို့နော်'

ဒေါ်သန်းနွစ်က ချင့်ချင့်ချိန်ချိန်လုပ်နေပုံရသည်။ ဦးမြဘူးကဖြင့်....

www.burmeseclassic.com

www.burmeseclassic.com



'ဟာ....ပြောရမှာပေါ့၊ ဘယ့်နှယ် ဘာမှ အပြစ် မရှိရှာတဲ့ ဟိုမိန်းကလေးမှာ ရူးအောင် ခံစားနေရတာ၊ နောက်ပြီး ကလေးလဲရနေပြီဆိုတော့ အဲဒီ မိန်းမကိုပဲ သဘောတူ ကြည်ဖြူလိုက်ပါတော့လို့ ပြောပေးရမှာပေါ့'

'ဝမ်းသာလိုက်တာ ဖေဖေရယ်'

'မိန်းကလေးရဲ့ အခြေအနေကရော'

'ဆေးရုံက တနင်္လာနေ့ကျရင် ဆင်းရတော့မှာ၊ အားလုံး ကောင်းသွားပါပြီ ဖေဖေ'

'ဆင်းရဲတာ ရိုးသားတာတော့ဟုတ်ပါပြီ၊ သဘော မနောကရော'

'သိပ်ကောင်း၊ သနားစရာလေးပါ ဖေဖေရယ်၊ အနှီတီဒေါ်သဲပွင့်လဲ ချစ်မှာပါ၊ ဟိုကလဲ ယောက္ခမကို လေးစားရိုသေမယ့် ချွေးမလေး မျိုးပါ'

'ကိုမြဘူး—ဒါတင်ဘယ်ကမလဲရှင့်၊ မြေးလေး ပါအဆစ်ပါနေတာ၊ မသဲပွင့် သည်းသည်းလှုပ်



ချစ်မှာပါ၊ ဒီကိစ္စ မေမေတို့တာဝန်ထား သမီး၊ မေမေတို့ပြောရင် ရမှာပေါ့ သမီးရဲ့'

'သမီးဝမ်းသာလိုက်တာမေမေရယ်၊ တစ်ဆက်တည်း ဝမ်းသာခွင့်ရပါစေဆိုတဲ့ ဆုတောင်းပြီး သမီး တစ်ခုပြောပါရစေဦး'

'ပြောလေသမီး၊ ဘာများလဲကွယ်'

'ဒေါက်တာသက်ခိုင်က သမီးကို မေတ္တာရှိနေပါတယ်၊ လက်ထပ်ခွင့်လဲ တောင်းပါတယ်၊ အဲဒါ သမီးကလဲ....'

ခင်ချမ်းသာ [illegible]ပ်ထားလိုက်ချိန်မှာ ဦးမြဘူးနှင့် ဒေါ်သန်းနှစ်တို့က [illegible]သက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြပြီး ရွှန်းလက်သော အပြုံးများဖြင့်....

'မောင်သက်ခိုင်ဟာ သံအမတ်ကြီးရဲ့သား၊ ရိုးသားပြီး စိတ်ကောင်းရှိတဲ့ ဆရာဝန် တစ်ယောက်ပဲ သမီးရယ်၊ မေမေတို့ ဘာများ ငြင်းစရာရှိမှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'အား....ဝမ်းသာလိုက်တာ မေမေရယ်၊ သမီး ဝမ်းသာလိုက်တာ'

ခင် ချမ်း သာ သည် အထက်တန်း ကျောင်းသူလေး တစ်ယောက်လို မိဘနှစ်ပါး၏ကြားမှာ ခေါင်းဝင်ခွေ့လိုက် ရှာပါတော့သည်။



စိတ်ရောဂါ အထူးကုဆေးရုံကြီးရှေ့တွင် သိန်းချီတန် သော ကားသုံးစီးက အစီအရီ။

ဦးမြဘူးနှင့် ဒေါ်သန်းနုတ်တို့၏ ဂဲလန့်က တစ်စီး၊ ဒေါက်တာသက်ခိုင်နှင့် ဒေါက်တာခင်ချမ်းသာတို့ စီးလာ သည့် သရီးတူးသရီးက တစ်စီး၊ ဂရန်းဖယ်မလီ ကားထဲမှာ အလှဆုံးသော အပြုံးဖြင့် နီနီထွေးထွေး မြေးလေးကို ပွေ့ချီ ထားသော ဒေါ်သဲပွင့်။

နှမ်းလျနေသော်လည်း လှလွန်းသော နန်းကို အဘနှင့် သူ၏ ချစ်ကိုတို့က တွဲလျက် ဆေးရုံမှ ထွက်လာခဲ့ကြသည်။

အဖြစ်မှန် အကြောင်းစုံကို သိရှိပြီးသော အဘ ဦးလူထယ် ၏ အပြုံးသည် ဒေါ်သဲပွင့်နှင့် အပြိုင်ပါ။

သူသည် တွံတေးမှ ခြံနှင့် ဝင်ဒါမီယာမှ တိုက်ကြီးကို ကူးချည်သန်းချည် နေရပေမည်ဟူသော အတွေးများဖြင့် ကြည်နူးမဆုံးရှိနေရှာသည်။

'နန်းလေး....ဟိုမှာ နန်းရဲ့ မေမေက နန်းရဲ့ သမီးလေးကို ပွေ့ချီပြီး ကြိုနေတယ်'

'အို...ချစ်ကိုရယ်၊ ဒါတွေဟာ တကယ်မဟုတ်ဘူးလား၊ နန်း အရူးဘဝနဲ့ စိတ်ကူးယဉ်နေမိတာမှ မဟုတ် များလားရှင်'

www.burmeseclassic.com

www.burmeseclassic.com



'တကယ်ပါ မိန်းမရဲ့၊ မယုံရင် ချစ်ကိုကို နမ်းကြည့်လေ'

'အစ်ကိုနော်၊ ဟိုမှာ မမခင်ချမ်းသာတို့ပါ အားလုံး လာကြိုနေကြတာ၊ မကဲနဲ့'

'ဩော် နန္ဒရယ်၊ အစ်ကိုသိပ်ချစ်တဲ့ နန်းလေးရယ်'

'ဩော်....နုလုံးသားရင်ပြင်ကို လောင်မြှိုက်စေ ချမ်းမြေ့စေနိုင်သော အရာသည် အချစ်ပါတကား'

နန်းနု၏ ခြေလှမ်းများသည် သွက်လက်လာ၏။

သူ့ရှေ့မှ အရာအားလုံးသည် ချမ်းမြေ့လွန်းစွာ လှပကျက်ပါ၏။

ကလျာ (ဝိဇ္ဇာ-သိပ္ပံ)

ပြင်းထန်တဲ့ မာနတစ်ခုကို စိန်ခေါ်ခြင်းလဲ ဖြစ်တယ်။ မိန်းမတစ်ယောက်အတွက် ဓရှိမဖြစ်လိုအပ်တဲ့ နူးညံ့မှုလည်း ဖြစ်တယ်။

ပေါက်ကွဲလိုက်စမ်းပါ။

ပေါက်ကွဲချင်သလောက် ပေါက်ကွဲပြီးရင်

ပေါ့ပါးသွားတော့တာပဲလေ။

အဲဒါပဲဟာ....

(နှင်းဆီတလင်း)

# မကြည်ပြာ

နှင်း ဆီ တ လင်း

စတုတ္ထမြောက် လုံးချင်းဝတ္ထုသစ်

(ထွက်တော့မည်)

www.burmeseclassic.com

www.burmeseclassic.com

# ဒေါက်တာ မတင်ဝင်း

(ပညာရေးတက္ကသိုလ်)

## သမီးကို ပြောဖြစ်သော ပုံပြင်များ

'မော်ဇန်' အနုပညာထုတ်လုပ်ရေးမှ ထွက်လာပါမည်

စာကြည့်တိုက်များ၊ ကျောင်းများ၊
ပညာရေးမှူးများအတွက်
သီးသန့်နှုန်းထားဖြင့် စီစဉ်ထားပါသဖြင့်
ကြိုတင်မှာကြားကြပါရန်....

**အမှာစာ** သီးခြားမခေါ်ပါ။
စောင်ရေကန့်သတ်မှု ရှိပါ၍
**အမှာစာ** အမြန်ပို့ကြပါ။

# မသက်ဇွန်

## ခုကျမှ ချော့မလာပါနဲ့

(လုံးချင်းဝတ္ထု စ/ဆုံး)

'မော်ဇန်' အနုပညာထုတ်လုပ်ရေးမှ

ထွက်လာပါတော့မည်။

(စာတိုက်ပို့ခများ ဈေးတက်သွားပါသဖြင့် အမှန်အကန်ရွေးယူမည့်ဆိုင်များသို့သာ ပို့ပေးမည် ဖြစ်ပါ၍ အမှာစာကို ဆက်ဆက်ပို့ပေးကြပါရန် မေတ္တာရပ်ပါသည်။)

www.burmeseclassic.com